# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိကိုယ်ကို ချစ်ရာရောက်**

လူတိုင်းသည် မိမိကိုယ်ကို ချစ်ကြသည်သာဖြစ်၏။ ချစ်လည်း ချစ်အပ်၏။ ဤသို့ ချစ်အပ်ကြောင်းကို သိရှိသူသည် မိမိဘ၀ နစ်နာ ဆုံးရှုံးရမည့် မကောင်းမှုတို့ကို မပြုသင့်ကြချေ။ ထိုသို့ မပြုလုပ်မိစေရန် မမေ့မလျော့ဘဲ မြဲမြံသောသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ကြ၏။ မကောင်းမှုကို ရှောင်ကြဉ်၍ မိမိကိုယ်ကိုချစ်ရာရောက်အောင် ကြိုးစားအားထုတ်ရာ၏။ **အတ္တဝဂ်(ဓမ္မပဒ - ၁၅၇)**


၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက် | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ သောကြာနေ့ | အတွဲ (၅၆)၊ အမှတ် (၀၉၁)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနား တက်ရောက်

## တိုင်းရင်းသားများ ညီညီညွတ်ညွတ်ဖြင့် ညှိနှိုင်းအဖြေရှာပါက လိုလားနေသည့် ငြိမ်းချမ်းရေးကို ရရှိမည်ဖြစ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အထိမ်းအမှတ် ယဉ်ကျေးမှုပြခန်းကို လှည့်လည်ကြည့်ရှုစဉ် (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ကရင်နှစ် ၂၇၅၆ ခုနှစ် သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း ၁ ရက်နေ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန အမှတ်(၂)၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ နှစ်သစ်ကူးမိန့်ခွန်း ပြောကြားသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အထိမ်းအမှတ် ယဉ်ကျေးမှုပြခန်းကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဆောင်ရွက်ပြီး ကရင်နှစ်သစ်ကူးမိန့်ခွန်းပြောကြားရာတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❐

**၂၀၁၇ ခုနှစ် မြန်မာ့စီးပွားရေးအပေါ် စီးပွားရေးလုပ်ငန်းရှင်များ၏ သုံးသပ်ချက်** *စာ - ၆*

**ဆီးရီးယားအစိုးရနှင့်အတိုက်အခံအုပ်စုများ အပစ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ကြောင်း သမ္မတပူတင်ပြောကြား** *စာ - ၁၀*


KBZ BANK
STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# မှန်ကန်မျှတသော ကန်ထရိုက်စိုက်ပျိုးရေးစနစ်

မကြာသေးမီကာလက စပါးပေါ်ခဲ့သော ကျောင်းကုန်းမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့သို့ စပါးဝယ်လက်များလုံးဝရောက်ရှိလာခြင်းမရှိဟု သိရှိရပါသည်။ နိုင်ငံတော်ကထုတ်ချေးသော စိုက်ပျိုးစရိတ်ချေးငွေဖြင့် မလုံလောက်၍လယ်သမားများသည် ပြင်ပမှ လိုအပ်သော စိုက်ပျိုးရေးစရိတ်ကို ချေးငှားထားရသောကြောင့် စပါးပေါ်ချိန်သည် လယ်သမားများ ဝင်ငွေအထူးလိုအပ်နေချိန် ဖြစ်ပါသည်။ ဤကဲ့သို့ လယ်သမားများ ဝင်ငွေအထူးလိုအပ်နေချိန်၌ စပါးဝယ်လက်မရှိခြင်းသည် လယ်သမားများအား အကျပ်အတည်းအခြေအနေတစ်ရပ်သို့ တွန်းပို့သကဲ့သို့ဖြစ်နေပါသည်။ စပါးပေါ်ချိန် သို့မဟုတ် စိုက်ပျိုးရေးစရိတ်ပြန်ဆပ်ရမည့် ကာလများတွင် စပါးဈေးကျဆင်းခြင်းသည် လယ်သမားများပုံမှန်ကြုံတွေ့ရသည့် ဖြစ်ရပ်ဟုပြောဆိုနိုင်ပါသည်။ ယခုကဲ့သို့စပါးပေါ်ချိန်၌ သက်ဆိုင်ရာမြို့နယ်များသို့ စပါးဝယ်လက်များဆင်းမလာခြင်းသည် စပါးဈေးကျဆင်းရာကျဆုံးကြောင်း ကိစ္စတစ်ရပ်အဖြစ် သုံးသပ်ရမည်ဖြစ်ပါသည်။

စပါးပေါ်ချိန်၌ စပါးဈေးကျဆင်းခြင်းကို ကာကွယ်ရန်အကောင်းဆုံးသောနည်းလမ်းသည် စစ်မှန်သောကန်ထရိုက်စိုက်ပျိုးရေးစနစ်ကို ကျင့်သုံးခြင်းဖြစ်သည်ဟု ယူဆပါသည်။ စစ်မှန်သောကန်ထရိုက်စိုက်ပျိုးရေးစနစ်၌ ပါဝင်လုပ်ကိုင်သည့်ကုမ္ပဏီသည် လယ်သမားများလိုအပ်သော သွင်းအားစုအားလုံးကိုတာဝန်ယူဖြည့်ဆည်း၍ စပါးပေါ်ချိန်၌ကြိုတင်သဘောတူထားသောဈေးနှုန်းဖြင့် စပါးများကို လယ်သမားများထံမှ ဝယ်ယူပါသည်။ လယ်သမားများကလည်း ကြိုတင်သဘောတူညီချက်နှင့်အညီ စပါးများကို စိုက်ပျိုးထုတ်လုပ်ပေးရပါသည်။ မြန်မာနိုင်ငံ၌ ကျင့်သုံးလျက်ရှိသောကန်ထရိုက်စိုက်ပျိုးရေးစနစ်တွင် သက်ဆိုင်ရာကုမ္ပဏီများသည် သွင်းအားစုများနှင့်ပတ်သက်၍ အပြည့်အဝတာဝန်ယူနိုင်ခြင်းမရှိဟု သိရှိရပါသည်။ စပါးဈေးနှင့်ပတ်သက်၍ သက်ဆိုင်ရာကုမ္ပဏီနှင့် လယ်သမားများကြား ကြိုတင်သဘောတူညီချက်ရှိသော်လည်း လယ်သမားများသည် ကုမ္ပဏီထံမှ ချေးငွေရရှိရေးကို အဓိကထားရသောကြောင့် ညှိနှိုင်းရရှိသောစပါးဈေးသည် မှန်ကန်မျှတမှု မရှိဟုယုံကြည်လျက်ရှိပါသည်။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် ကုမ္ပဏီနှင့် လယ်သမားများကြား မှန်ကန်မျှတသောဈေးနှုန်းသတ်မှတ်နိုင်ရေးကို ထိန်းညှိပေးနိုင်ပါက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်မည်ဟု အကြံပြုတင်ပြလိုပါသည်။

တောင်သူလယ်သမားများက တိုင်းပြည်၌ လက်ရှိကျင့်သုံးလျက်ရှိသော ကန်ထရိုက်စိုက်ပျိုးရေးစနစ်သည် "အကျိုးတူ" ဟူသော အမည်နှင့်အညီ အကျိုးအမြတ်ရှိမှသာ အတူခွဲဝေရယူသော်လည်း အဆုံးအရှုံးရှိပါက အတူခွဲဝေတာဝန်ယူခြင်းမရှိ၍ "အကျိုးတူသော်လည်း အရှုံးမတူ" ဟု ပြောဆိုနေကြပါသည်။ ထိရောက်သော သီးနှံအာမခံစနစ်တစ်ရပ်ကို ဖန်တီးနိုင်ပါက ဤသို့သော အကျိုးတူသော်လည်း အရှုံးမတူသည့် ဖြစ်ရပ်ဆိုးများကို ကာကွယ်ဟန့်တားနိုင်မည်ဟုယူဆပါသည်။ ယေဘုယျအားဖြင့် လယ်ယာမြေအားလုံးကို လွှမ်းခြုံသည့် သီးနှံအာမခံစနစ်ကိုသာ ပုံဖော်နိုင်ပါက ပျက်စီးဆုံးရှုံးသည့် လယ်ယာမြေများအတွက် လျော်ကြေးများနှင့် ပံ့ပိုးမှုများကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိမည်ဖြစ်ပါသည်။

ချုပ်၍တင်ပြရပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် ကုမ္ပဏီနှင့် လယ်သမားများကြား မှန်ကန်မျှတသော ကန်ထရိုက်စိုက်ပျိုးရေးစနစ် ချမှတ်နိုင်ရေးကို မူဝါဒချမှတ် ဆောင်ရွက်ပေးပါရန် လေးစားစွာအကြံပြု တင်ပြအပ်ပါသည်။ ။

# ၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်

**မန္တလေး ဒီဇင်ဘာ ၂၉**

(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပညာရေးဝန်ကြီးဌာနနှင့် United Pacific Co.,Ltd. နှင့် Advanced Myanmar Star Co.,Ltd. တို့ပူးပေါင်း၍ မန္တလေးမြို့ အမှတ် (၁၆)အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၂၈ ရက်က ကျပန်း စကားပြောပြိုင်ပွဲ ကျင်းပခဲ့သည်။ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများကို ၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၄ ရက် (၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်)တွင် မန္တလေး အမျိုးသားကဇာတ်ရုံ၌ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံအခမ်းအနား ဓာတ်ပုံ - မျိုးမင်းထိုက် (IPRD)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၉-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၇၁၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၇၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ ・ ၈၈ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၁၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၂၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်အမျိုးသား နှစ်သစ်ကူးနေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ် (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ကရင်အမျိုးသားများ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် ပူးပေါင်းညှိနှိုင်း အဖြေရှာဆောင်ရွက်ရာမှ ကရင်နှစ်သစ်ကူးနေ့ကို သတ်မှတ်နိုင်ခဲ့ပါကြောင်း၊ ယင်းကို နမူနာယူပြီး မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများက ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင်ဖြင့် ပူးပေါင်းညှိနှိုင်း အဖြေရှာဆောင်ရွက်ပါက နိုင်ငံသူ နိုင်ငံသားများ လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကို ရရှိမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း၊ ကရင်တိုင်းရင်းသားများအနေဖြင့် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ကို ခမ်းနားစွာ ကျင်းပနိုင်ခဲ့သည့် ညီညွတ်ချစ်ခင်စွာ ဆောင်ရွက်မှုများကို မေ့ပျောက်မသွားဘဲ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်ချစ်ခင်စွာဖြင့် အစဉ်တစိုက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နှစ်ဟောင်းမှ မကောင်းသည်များကို ပယ်ရှားသင်ခန်းစာယူ၍ နှစ်သစ်တွင် စိတ်သစ်၊ လူသစ်နှင့် ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး လုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

**သင်ခန်းစာတစ်ခုဖြစ်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကရင်နှစ်သစ်ကူးနေ့သည် ကောက်သစ်စားသည့် နေ့လည်းဖြစ်ပါကြောင်း၊ မိမိတို့ ပျိုးထောင်ခဲ့သော ပျိုးပင်များမှ အသီးအပွင့်များ၏ အကျိုးကျေးဇူးကို ခံစားရသည်ဟုလည်း ဆိုနိုင်ပါကြောင်း၊ မိမိတို့ ဗုဒ္ဓဘာသာ အယူအဆတွင် ကံ၊ ကံ၏ အကျိုးဟု ပြောရမည်ဖြစ်ပါကြောင်း၊ အလားတူ ခရစ်ယာန် သမ္မာကျမ်းစာတွင်လည်း ကြဲသည့်မျိုးစေ့အတိုင်း ပျိုးပင်ကို ပြန်ရမည်ဟု ပြောထားခြင်း ရှိပါကြောင်း၊ ယင်းတို့သည် မိမိတို့ နိုင်ငံနှင့် ပြည်ထောင်စုအတွက် အလေးအနက်ထားရမည့် သင်ခန်းစာတစ်ခုဖြစ်ပါကြောင်း။

**ကိုယ်တိုင်အသုံးချတတ်မှ အကျိုးအမြတ်ရ**

ကောင်းတာလုပ်ပါက ကောင်းကျိုး ခံစားရမည်ဖြစ်၍ ပြည်ထောင်စုကောင်းကျိုးအတွက် အားလုံးက ဝိုင်းဝန်း လုပ်ဆောင်ရန် လိုအပ်သည်ကိုလည်း မိမိတို့ နှလုံးသား၌ သိရှိရန်လိုအပ်ပါကြောင်း၊ နှစ်သစ်တွင် မိမိတို့၏ မျှော်လင့်ချက်များ ပြန်လည်ရှင်သန်၊ သစ်ဆန်းအောင် လုပ်ဆောင်နိုင်မည့် အခွင့်အရေးများ ရရှိနိုင်ပါကြောင်း၊ ယခင်က မကောင်းသည်များ ဖြစ်ခဲ့ပါကလည်း နောင်ဆက်မဖြစ်ရန်နှင့် ကောင်းခဲ့သည်များကို ပိုမိုခိုင်မာအားကောင်းရန်အတွက် နောက်တစ်ဖန် လုပ်ပိုင်ခွင့်ရရှိသည့် အချိန်ဟုလည်း ပြော၍ရပါကြောင်း၊ လုပ်ပိုင်ခွင့်ဆိုသည်မှာ ကိုယ်တိုင်အသုံးချတတ်မှလည်း အကျိုးအမြတ် ရရှိမည်ဖြစ်ပါကြောင်း၊ အချို့ ယဉ်ကျေးမှုများတွင် နှစ်ဆန်း၌ မည်သည်ကို လုပ်ဆောင်မည်၊ မလုပ်ဆောင်မည်ကို သန္နိဋ္ဌာန်ချတတ်ကြသည်ကို တွေ့ရပါကြောင်း၊ သို့ရာတွင် အဆိုပါ သန္နိဋ္ဌာန်များသည် တစ်ပတ်၊ နှစ်ပတ်၊ သုံးပတ်၊ တစ်လအတွင်း မမြဲကြသည်ကိုလည်း မိမိတွေ့မြင်ခဲ့ရပါကြောင်း။

**အားကြိုးမာန်တက်လုပ်ကိုင်**

နှစ်တစ်နှစ်စ၍ မိမိတို့ ချခဲ့သော ကောင်းမွန်သည့် သန္နိဋ္ဌာန်များကို ခိုင်မြဲအောင် ကြိုးစားအားထုတ်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တစိုက်မတ်မတ် တစ်ဆင့်ပြီးတစ်ဆင့် လုပ်သင့် လုပ်ထိုက်သည်များကို အားကြိုးမာန်တက် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

**အကျိုးကျေးဇူးခံစားချိန်၌သာ ပါဝင်မည်ဆိုပါက ပြည်ထောင်စုစိတ်ဓာတ်မဟုတ်**

ထိုသို့လုပ်ဆောင်ရာတွင် မိမိကြဲလိုက်သည့် မျိုးစေ့များမှတစ်ဆင့် ပျိုးပင်များ ပေါက်လာမည်ဖြစ်ပြီး ယင်းမှတစ်ဆင့် အသီးအပွင့်များ ရရှိမည်ဖြစ်ပါကြောင်း၊ ရရှိလာသည့် အသီးအပွင့်များကို ရိတ်သိမ်း၍ အာဟာရဖြစ်သည်အထိ လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ နောက်ဆုံးတွင် မိမိတို့ပျိုးခဲ့သော မျိုးစေ့များ၏ အကျိုးကျေးဇူးကို အပြည့်အဝ ရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ ပြည်ထောင်စုကြီးတစ်ခု ထူထောင်ပါက ပထမဦးဆုံး မျိုးစေ့များကို ကြဲရမည်ဖြစ်ပြီး အားလုံးက ဝိုင်းဝန်းပြုစုပျိုးထောင်ရမည်ဖြစ်ပါကြောင်း၊ ဤနေရာတွင် ပျိုးပင်စိုက်ခြင်း၊ ပြုစုပျိုးထောင်ခြင်းနှင့် ရိတ်သိမ်းခြင်းတို့တွင် ပါဝင်ဆောင်ရွက်မှုမရှိဘဲ အကျိုးကျေးဇူး ခံစားချိန်၌သာ ပါဝင်မည်ဆိုပါက ယင်းသည် ပြည်ထောင်စုစိတ်ဓာတ်မဟုတ်သည်ကို မိမိပြောကြားလိုပါကြောင်း။

**ကျရာနေရာမှပါဝင်ကူညီ**

ထို့ကြောင့် မိမိတို့အနေဖြင့် ပထမဦးဆုံး ကြဲသည့်နေရာတွင်လည်း ပါဝင်ရမည်ဖြစ်ပြီး ပြုစုပျိုးထောင်ခြင်း၊ ရိတ်သိမ်းခြင်းတို့တွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်ခဲ့မှသာ ယင်း၏ အကျိုးကျေးဇူးကို ဝိညာဉ်လိပ်ပြာ သန့်သန့်ရှင်းရှင်းဖြင့် ခံစားနိုင်မည်ဖြစ်ပါကြောင်း၊ ကိုယ်မပျိုးခဲ့၊ ဘာမှ ဝိုင်းဝန်းမကူညီဘဲ ပျိုးပင်၏ အသီးအပွင့်ကို ခံစားမည်ဆိုပါက အင်မတန် ဂုဏ်သိက္ခာမဲ့သောကိစ္စဟု မိမိပြောလိုပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားမောင်မယ်များစွာက ညီညီညွတ်ညွတ် ခိုင်ခိုင်မာမာ တည်ဆောက်ထားသော ပြည်ထောင်စုကြီး၏ အကျိုးကျေးဇူး အသီးအပွင့်များကို ခံစားလိုပါက ကိုယ်ကျရာ နေရာမှ ပါဝင်ကူညီဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းကြိုးစားရမည်**

မိမိတို့နိုင်ငံ၌ တိုင်းရင်းသားပေါင်း မြောက်မြားစွာရှိ၍ ကိုယ်ပိုင် နှစ်သစ်ကူးနေ့များလည်း ရှိကြပါကြောင်း၊ အဆိုပါ နှစ်သစ်ကူးများတွင် တူညီသောကိစ္စသည် နှစ်သစ်ကူး၌ လူအများ၏ မျှော်လင့်ချက်များ ပြန်လည်လန်းဆန်းလာကြပါကြောင်း၊ ပြီးခဲ့သောနှစ်က မဖြစ်ခဲ့သည်များကို ယခုနှစ်တွင် ဖြစ်မြောက်အောင် လုပ်ဆောင်မည်ဆိုသည့် မျှော်လင့်ချက်သည် လူသားတိုင်း၏ သဘာဝဖြစ်ပါကြောင်း၊ မျှော်လင့်ချက်ကို အလုပ်နှင့် မပံ့ပိုးပါက အသီးအပွင့် မဖြစ်လာနိုင်ပါကြောင်း၊ မျှော်လင့်ချက်များ အမှန်တကယ် ထိရောက်အောင် အကောင်အထည်ဖော်နိုင်ရန်လည်း မိမိတို့ အားလုံးက ဝိုင်းဝန်းကြိုးစားရမည် ဖြစ်ပါကြောင်း။

**ခေတ်အဆက်ဆက် ခံစား၊ စံစားနိုင်**

ယခု ကရင်တိုင်းရင်းသားများ၏ နှစ်သစ်ကူးနေ့တွင် အားလုံးဝိုင်းဝန်းပြီး အတူတကွ ဆင်နွှဲခြင်းသည် ပြည်ထောင်စုအတွက် ကောင်းသောလက္ခဏာ နိမိတ်ဟု မိမိပြောလိုပါကြောင်း၊ သို့ရာတွင် နိမိတ်ကိုပဲ အားကိုးနေ၍ မရပါကြောင်း၊ ကိုယ်လုပ်မှ ကိုယ်ခံစားရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အားလုံးက ဝိုင်းဝန်းပြီး ညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ပြည်ထောင်စုကြီး သာယာဝပြောရေးတို့အတွက် လုပ်မည်ဆိုပါက နှစ်သစ်ကူးအချိန်ကာလသာမက နေ့ရက်တိုင်းသည် နေ့သစ်များဖြစ်ပြီး မိမိတို့အတွက် ကျေနပ်ပျော်ရွှင်ဖွယ်ကောင်းသော နေ့ရက်များ ဖြစ်လာမည် ဖြစ်ပါကြောင်း၊ နောင်လာနောက်သားများအနေဖြင့်လည်း ယခု မိမိတို့ စိုက်ပျိုးခဲ့သော ငြိမ်းချမ်းရေးမျိုးစေ့များ၏ အသီးအပွင့်များကို ခေတ်အဆက်ဆက် ခံစား၊ စံစားနိုင်မည်ဖြစ်ပါကြောင်း။

**သင်ခန်းစာများကို ဆင်ခြင်နှလုံးသွင်းပြီး အတူတကွလက်တွဲ**

မည်သည့်အလုပ်ကို လုပ်ဆောင်သည်ဖြစ်စေ ရှေ့အနာဂတ်ကို ကြည့်ရမည်ဖြစ်ပါကြောင်း၊ အနာဂတ်ဆိုသည်မှာ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်၊ လေးနှစ်ကို မဆိုလိုပါကြောင်း၊ နိုင်ငံရေးပညာရှင်တစ်ဦး ပြောကြားခဲ့သကဲ့သို့ နိုင်ငံရေးလုပ်စားသူများအနေဖြင့် နောင်လာမည့် ရွေးကောက်ပွဲ တစ်ခေါက်အတွက် မစဉ်းစားဘဲ နိုင်ငံ၏ နောင်မျိုးဆက်သစ်များအတွက် စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးသည် နောင်မျိုးဆက်သစ်များအတွက် စဉ်းစားပြီး ကရင်အမျိုးသားများ၏ နှစ်သက်ဖွယ်ကောင်းသော နှစ်သစ်ကူးမှပေးသည့် သင်ခန်းစာများကို ဆင်ခြင်နှလုံးသွင်းပြီး အတူတကွ လက်တွဲ၍ ပြည်ထောင်စုကြီး ခိုင်မာသာယာဝပြောအောင် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်နှစ် ၂၇၅၆ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ကျင်းပရေးဗဟိုကော်မတီ (မဟာရန်ကုန်) ၏ သဝဏ်လွှာကို ကရင်တိုင်းရင်းသား စောမာဗယ်လ်က ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကရင်တိုင်းရင်းသားများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်သည်။

ဆက်လက်၍ ကရင်နှစ် ၂၇၅၆ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးစာတမ်းကို မြန်မာဘာသာဖြင့် စောသိန်းလားယစ်၊ အရှေ့ပိုးကရင်ဘာသာဖြင့် နန်းလှဒေဝီ၊ စကောကရင်ဘာသာဖြင့် နော်သဝေး၊ အနောက်ပိုးကရင်ဘာသာဖြင့် စဖြိုးဝေကျော်တို့က ဖတ်ကြားကြသည်။

**ဂုဏ်ပြုလက်ဆောင်များပေးအပ်**

ယင်းနောက် သဘာပတိ မန်းဝင်းခိုင်သန်းအား ကရင်နှစ်သစ်ကူးနေ့ ကျင်းပရေးကော်မတီ(နေပြည်တော်)၊ ကရင်နှစ်သစ်ကူးနေ့ကျင်းပရေး ဗဟိုကော်မတီ(မဟာရန်ကုန်)၊ ကရင်တတ်သိပညာရှင်အသင်းနှင့် ကရင်လူမှုရေးအဖွဲ့ အစည်းအသီးသီးက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်များအတွက် ဂုဏ်ပြုလက်ဆောင်များကို သက်ဆိုင်ရာ ကိုယ်စားလှယ်များထံ ပေးအပ်ကြသည်။

ယင်းနောက် ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ဇီဘူးယောဖိတ်ခေါ်ခြင်းအက အပါအဝင် ရိုးရာတူရိယာများ၊ တေးသီချင်းများ၊ ဒုံးအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**အထိမ်းအမှတ်အလံလွှင့်ထူ**

ယနေ့ နံနက်ပိုင်းတွင် ကရင်အမျိုးသားအထိမ်းအမှတ် အလံလွှင့်ထူခြင်းအခမ်းအနားကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အမှတ်(၂)၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တာဝန်ရှိသူများ တက်ရောက်၍ လွှင့်ထူပေးခဲ့သည်။

**(သတင်းစဉ်)**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကရင်တိုင်းရင်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကရင်အမျိုးသား နှစ်သစ်ကူးနေ့အခမ်းအနားတွင် နှစ်သစ်ကူးမိန့်ခွန်းပြောကြားစဉ် (သတင်းစဉ်)

# တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာဆွေးနွေးပွဲ/သင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက် ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲ/သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲသည် နိုင်ငံတော်အဆင့် စာမေးပွဲဖြစ်၍ စနစ်တကျ အောင်အောင်မြင်မြင် ကျင်းပနိုင်ရန်အတွက် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ အားသာချက်၊ အားနည်းချက်များကို အခြေခံ၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း၌ ဆွေးနွေးပွဲ သင်တန်းဖွင့်လှစ်ခဲ့ရာ ၇၅၅ ဦး တက်ရောက်ခဲ့ကြောင်း၊ ရန်ကုန်မြို့အလုံ အမှတ်(၄) အခြေခံပညာအထက်တန်း ကျောင်း၌လည်း ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ စာမေးပွဲဖြေဆိုသူများ အဆင်ပြေစွာ ဖြေဆိုနိုင်ရေး၊ မသမာမှုများမပေါ်ပေါက်ရေး၊ တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းနှင့် အဖြေလွှာစာအုပ်များကို စနစ်တကျ ထုပ်ပိုးသိမ်းဆည်းအပ်နှံရန်လိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ဆောင်ရွက်ခဲ့သော သက်တမ်းတစ်လျှောက် အတွေ့အကြုံများအပေါ် မူတည်၍ ပြန်လည်ဆန်းစစ်ပြီး အားသာချက် အားနည်းချက်များကို အခြေခံ၍ ဆောင်ရွက်သွားကြရန် မှာကြားသည်။




အဆိုပါ ဆွေးနွေးပွဲသို့ အခြေခံပညာဦးစီးဌာနအောက်ရှိ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် တောင်ပိုင်း၊ မိတ္ထီလာ၊ ရမည်းသင်းတို့မှ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ပညာရေးဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၆၆၇ ဦးခန့် တက်ရောက်ကြပြီး သင်တန်းကို ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနှင့် ဂျပန် ကင်းထောက်အမျိုးသမီးအဖွဲ့တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့နှင့် ဂျပန်ကင်းထောက်အမျိုးသမီးအဖွဲ့တို့ ပူးပေါင်း၍ စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်း (Fourth International Camp For MMGG and GSJ ) သို့ ယနေ့ ညနေပိုင်းတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့သည် သင်တန်းတက်ရောက်လျက်ရှိသည့် ဂျပန်-မြန်မာ အမျိုးသမီးကင်းထောက်များကို လာရောက် တွေ့ဆုံအားပေးစကားပြောကြားသည်။ **(ယာပုံ)**

မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့နှင့် ဂျပန်ကင်းထောက်အမျိုးသမီးအဖွဲ့တို့ ပူးပေါင်း၍ စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက် ညနေပိုင်းက နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်နှင့် အမျိုးသမီးကင်းထောက်ကြီးများ၊ ဂျပန်နိုင်ငံ အိုဆာကာ အမျိုးသမီးကင်းထောက်အဖွဲ့မှ Ms. Kuniko Tatamitani နှင့် ဂျပန် အမျိုးသမီးကင်းထောက်ကြီးများ၊ ဂျပန်နှင့် မြန်မာကင်းထောက် အမျိုးသမီးသင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသမီး ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာနှင့် ဂျပန်နိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့မှ Ms. Kuniko Tatamitani တို့က အမှာစကားပြောကြားပြီး သင်တန်းသူ ဂျပန်နှင့်မြန်မာ အမျိုးသမီးကင်းထောက် နှစ်ဦးက သင်တန်းနှင့်ပတ်သက်၍ ပြောကြားသည်။




ညပိုင်းတွင် ဂျပန်နှင့်မြန်မာ အမျိုးသမီးကင်းထောက်များက မိမိတို့နိုင်ငံအလိုက် ရိုးရာအဝတ်အစားများကို လဲလှယ်ဝတ်ဆင်ကြပြီး ချစ်ကြည်ရင်းနှီးမှုရရှိရေးဆောင်ရွက်ကာ ယနေ့ နံနက်ပိုင်းတွင် ဂျပန်နှင့် မြန်မာအမျိုးသမီးကင်းထောက်များသည် ကင်းထောက်ပညာများ တဲထိုးခြင်း၊ ကြိုးချည်နည်း၊ ရှေးဦးသူနာပြုပညာရပ်များ၊ ကင်းထောက်သီချင်းများနှင့် အတွေ့အကြုံ ဖလှယ်ကာ စခန်းချပြိုင်ပွဲများ ဆောင်ရွက်ကြသည်။

ယင်း စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်းတွင် ဂျပန်နိုင်ငံ အိုဆာကာမြို့နှင့် ဟီရိုရှီးမားမြို့တို့မှ ဂျပန်ကင်းထောက်အမျိုးသမီး ၃၁ ဦးနှင့် အထက်မြန်မာပြည်၊ အောက်မြန်မာပြည်နှင့် နေပြည်တော်ရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကောလိပ်များမှ မြန်မာကင်းထောက်အမျိုးသမီး ၈၂ ဦးတို့သည် ဒီဇင်ဘာ ၃၁ ရက်အထိ စခန်းချလေ့ကျင့်ကြမည်ဖြစ်ပြီး ဒီဇင်ဘာ ၃၀ ရက်ညတွင် မီးပုံပွဲကျင်းပမည်ဖြစ်သည်။

စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်းတွင် လေ့ကျင့်သင်ကြားခြင်းအားဖြင့် ချစ်ကြည်ရင်းနှီးမှုရရှိရေး၊ ကင်းထောက်ပညာများ ဖလှယ်နိုင်ရေး၊ နိုင်ငံအလိုက် ရိုးရာယဉ်ကျေးမှုများ လေ့လာနိုင်ရေး၊ တောတွင်းစခန်းချ အတွေ့အကြုံများ ဖလှယ်နိုင်မည်ဖြစ်ပြီး ဂျပန်နိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့နှင့် မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့မှ ကင်းထောက်အမျိုးသမီးကြီးများက ကြီးကြပ်သွားမည်ဖြစ်သည်။

**ကိုလတ်(သတင်းစဉ်)**

# (၁၄၉၁)ကြိမ်မြောက် မဟာတမန်တော်မွေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ဖျာပုံ ဒီဇင်ဘာ ၂၉**

ဖျာပုံမြို့နယ် အစ္စလာမ်သာသနာရေးရာကောင်စီက ကြီးမှူးကျင်းပသည့် (၁၄၉၁)ကြိမ်မြောက် မဟာတမန်တော်မြတ်(ဆွ) မွေးနေ့အထိမ်းအမှတ်အခမ်းအနားနှင့် ခရိုင်အဆင့် ဖိတ်ခေါ် ကုရ်အာန်ကျမ်းစာရွတ်ပြိုင်ပွဲ ၊ ဓမ္မတေးပြိုင်ပွဲများကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီက ဖျာပုံမြို့ ရွှေနတ်ကူဘုရားလမ်းရှိ ငြိမ်းချမ်းမင်္ဂလာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြောက်ပိုင်း အစ္စလာမ်ဝတ်ပြုကျောင်း ရှေ့ဆောင်ဆရာ မော်လဝီဖြိုးစည်သူအောင်က ကျမ်းတော်မြတ် ကုရ်အာန်ရွတ်ဖတ်ပွဲ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး ဖျာပုံမြို့နယ် အစ္စလာမ်သာသနာရေးရာကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ညွန့်(အာန်ဆွာရီ)က အမှာစကားပြောကြားကာ စာရေးဆရာ အဏ္ဏဝါမောင်စိန်နှင့် စာရေးဆရာ ဝါးခယ်မ မောင်မင်းနိုင်တို့က ဂုဏ်ပြုစကားများ ပြောကြားခဲ့ကြသည်။

ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်မြို့နယ်များမှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်သည့် ဖိတ်ခေါ် ကုရ်အာန် ကျမ်းစာရွတ်ပြိုင်ပွဲ၊ အစ္စလာမ် ဓမ္မတေးပြိုင်ပွဲများ ကျင်းပခဲ့ပြီး ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်း၊ မြို့နယ် အစ္စလာမ်သာသနာရေးရာကောင်စီအတွင်းရေးမှူး ဦးမျိုးညွန့်(တရားလွှတ်တော်ရှေ့နေ)က ကျေးဇူးတင်စကားပြောကြားခြင်း စသည့် အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**




# ကျိန္တလီမြို့၌ သိမ်းဆည်းခံလယ်ယာမြေကိစ္စရပ်များ ဆွေးနွေး

**ကျိန္တလီ ဒီဇင်ဘာ ၂၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အဖွဲ့သည် ဒီဇင်ဘာ ၂၈ ရက်က သံတွဲမြို့နယ် မဲနယ်ကွင်းကျေးရွာသို့ သွားရောက်၍ ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၃၆ သန်းဖြင့် ဇီးကျွန်းသားကုမ္ပဏီက တာဝန်ယူဆောက်လုပ်နေသည့် RC တစ်ထပ် အထက(ခွဲ)ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်သစ်ကို သတ်မှတ်စံချိန်စံညွှန်းကိုက်ညီရေး၊ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးတို့အတွက် မှာကြားခဲ့သည်။

ထို့နောက် ကျိန္တလီမြို့သို့ ဆက်လက်သွားရောက်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လယ်ယာမြေသိမ်းဆည်းခံတောင်သူများနှင့်တွေ့ဆုံကာ သိမ်းဆည်းခံလယ်ယာမြေကိစ္စရပ်များနှင့်ပတ်သက်၍ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် လယ်ယာမြေသိမ်းဆည်းခံ တောင်သူများက မိမိတို့၏ လယ်ယာမြေဆုံးရှုံးခဲ့ရသည့်ကိစ္စရပ်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများက ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ထို့နောက် ကျိန္တလီမြို့ မြို့မိမြို့ဖများက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ၂၄ နာရီ လျှပ်စစ်မီးရရှိရေးတို့အတွက် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## လှည်းကူးမြို့နယ် လေ့လျှော်အင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း စစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေသည် တရားသူကြီးချုပ်ရုံး ရုံးအဖွဲ့မှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင် တရားသူကြီးနှင့် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၇ ရက်က လှည်းကူးမြို့နယ် လေ့လျှော်အင်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တရားသူကြီးချုပ်သည် စခန်းရှိ အကျဉ်းသားများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးအခြေအနေနှင့် အသက်မွေးမှုအတတ်ပညာသင်ကြားပေးမှု၊ အချုပ်ခန်းများ သန့်ရှင်းမှု၊ လုံခြုံမှုရှိစေရေးနှင့် အကျဉ်းသားများဥပဒေနှင့်အညီ ရသင့်ရထိုက်သည့်အခွင့်အရေးများ ရရှိခံစားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် စခန်းရှိတာဝန်ရှိသူများအား မှာကြားခဲ့သည်။

**(သတင်းစဉ်)**

## သတိပေးချက်

(၁) မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။ (၂) မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။ (၃) အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ဈေးဆိုင်တိုင်းတွင် D.C.P (Dry Chemical Powder Extingulsher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှကာကွယ်နိုင်ပါသည်။

**မီးသတ်ဦးစီးဌာန**

# တရားဥပဒေစိုးမိုးမှုရှိမှ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိမည်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကယားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ဥပဒေပြုရေး၊ ဒေသဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကယားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ဥပဒေပြုရေး၊ ဒေသဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

### ကြိုးပမ်းဆောင်ရွက်နေ

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်၍ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားသည့်နိုင်ငံများသည် ဒီမိုကရေစီစနစ် ကျင့်သုံးသည့်နိုင်ငံများဖြစ်ပါကြောင်း၊ စီးပွားရေး၊ လူနေမှုအဆင့်အတန်း၊ ပညာရေး၊ ကျန်းမာရေးနိမ့်ပါးသည့်နိုင်ငံများကိုကြည့်ပါက အာဏာရှင်နိုင်ငံဖြစ်သည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံ၊ ပြည်ထောင်စုနိုင်ငံဖြစ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီး ကြိုးပမ်းဆောင်ရွက်နေကြပြီ ဖြစ်ပါကြောင်း။

ဒီမိုကရေစီ အခွင့်အရေးများရမှ တရားဥပဒေစိုးမိုးမှု ရရှိမည်ဖြစ်ပြီး နိုင်ငံသူနိုင်ငံသားများ၏ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှုရှိမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ တိုင်းပြည်တည်ငြိမ်အေးချမ်းမည်ဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်ရသည့် မဏ္ဍိုင်ကြီးသုံးရပ်သည် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ မဏ္ဍိုင်သုံးခုသည် တစ်ခုနှင့်တစ်ခု လွှမ်းမိုးခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းမျိုး ပြုလုပ်၍မရပါကြောင်း၊ အပြန်အလှန်သာ ထိန်းကျောင်းနိုင်ပါကြောင်း။

မေးမြန်းသည့်မေးခွန်း၊ တင်သွင်းသည့် အဆိုများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိပါးနိုင်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်လျှို့ဝှက်ကိစ္စရပ်များဖြစ်၍ မရပါကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ကြေညက်အောင် လေ့လာကြရန် လိုအပ်ပါကြောင်း။

### လေးစားလိုက်နာ

တိုင်းပြည်အတွက် ကောင်းမည်ဆိုပါက မည်သည့်အဖွဲ့အစည်း၊ မည်သည့် ပုဂ္ဂိုလ်ကမဆို တင်သွင်းသည့် အဆို၊ ဥပဒေများကို လက်ခံနိုင်ရမည်ဖြစ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသည့် ဥပဒေဖြစ်ရန်လိုကြောင်း၊ ပြဋ္ဌာန်းသည့် ဥပဒေသည် နိုင်ငံတကာနှင့် လက်မှတ်ရေးထိုးထားသည့် ကွန်ဗင်းရှင်းများ၊ သဘောတူညီချက်များနှင့် ကိုက်ညီရန်လိုကြောင်း၊ ထို့ပြင် ပြည်သူများ လေးစားလိုက်နာနိုင်သည့် ဥပဒေဖြစ်ရန်လည်း အထူးလိုအပ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံတည်ဆောက်မည်ဆိုပါက သဘောထားကြီးခြင်း၊ သီးခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊ နားလည်မှုရှိခြင်း၊ ယုံကြည်မှုရှိခြင်းများဖြင့် တိုင်းပြည်နှင့် ပြည်သူလူထုအတွက်၊ အနာဂတ်မျိုးဆက်များအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လွှတ်တော်အတွင်း ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြပြီး လွှတ်တော်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

တွေ့ဆုံပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက်နှင့် နောင်ယား(ခ)ရပ်ကွက်သို့ သွားရောက်ပြီး ပြည်နယ်လွှတ်တော်ရုံးနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

# IKBZ အာမခံလုပ်ငန်းကို အကောင်းဆုံးအာမခံလုပ်ငန်းဆုများချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံမှ IKBZ အာမခံလုပ်ငန်းကို အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် World Finance အဖွဲ့အစည်းမှ ၂၀၁၆ ခုနှစ်အတွက် အကောင်းဆုံး ပုဂ္ဂလိက အသက်အာမခံလုပ်ငန်းဆု (The Best Life Insurance Company in Myanmar 2016) နှင့် အကောင်းဆုံး ပုဂ္ဂလိက အထွေထွေအာမခံလုပ်ငန်းဆု (The Best General Insurance Company in Myanmar 2016) ဆုများ ရွေးချယ်ချီးမြှင့်ပွဲကို London Stock Exchange ၌ ကျင်းပခဲ့ရာ IKBZ အာမခံလုပ်ငန်းမှ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်က ဆုများလက်ခံယူခဲ့ကြောင်း သိရသည်။

World Finance အဖွဲ့အစည်းသည် IKBZ အာမခံလုပ်ငန်းကို အကောင်းဆုံး အာမခံလုပ်ငန်းဆုများ ချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ IKBZ အာမခံလုပ်ငန်းသည် ကမ္ဘာတစ်ဝန်းရှိ အာမခံလုပ်ငန်းများနှင့်အညီ ပြုပြင်ပြောင်းလဲမှုများ တိုးတက်လုပ်ဆောင်လာကြကြောင်း၊ ထိုကဲ့သို့ တိုးတက်လုပ်ဆောင်လာကြသော အာမခံလုပ်ငန်းများအနက် ၂၀၁၆ ခုနှစ်အတွက် နိုင်ငံအလိုက် အကောင်းဆုံး အာမခံအဖွဲ့အစည်းများကို ရွေးချယ်ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ IKBZ အာမခံလုပ်ငန်းသည် နိုင်ငံတော်မှ ပုဂ္ဂလိကအဖွဲ့အစည်းများအား အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ပေးသည့် သုံးနှစ်ကာလအချိန်တိုအတွင်း တဟုန်ထိုးမြန်ဆန်စွာ တိုးတက် လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ မြို့တော်ရန်ကုန်တွင်သာမက တိုင်းနှင့်ပြည်နယ်များတွင်ပါ ရုံးခွဲ ၁၆ ခု ဖွင့်လှစ်ပြီး ပြည်သူများ၏ အာမခံလုပ်ငန်း လိုအပ်ချက်များကို အနီးကပ်ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအာမခံလုပ်ငန်း မူဝါဒကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုနှင့်အညီ အောင်မြင်တိုးတက်အောင်လိုက်နာဆောင်ရွက်ခဲ့ရာ ပုဂ္ဂလိကအာမခံလုပ်ငန်းဈေးကွက်၏ ၃၅ ရာခိုင်နှုန်းကျော်ရရှိပြီး ပုဂ္ဂလိကအာမခံလုပ်ငန်းများအနက် အာမခံပရီမီယံငွေအများဆုံးရရှိခဲ့ကြောင်း၊ အာမခံလျော်ကြေးငွေများ ထုတ်ပေးရာတွင်လည်း အခင်းဖြစ်ပွားသည့် အချိန်နှင့်တစ်ပြေးညီ လျော်ကြေးငွေများကို အမြန်ဆုံးထုတ်ပေးနိုင်သည့်အတွက် ပြည်သူများက ပုဂ္ဂလိကအာမခံလုပ်ငန်းများကို ပိုမိုယုံကြည်လာစေခဲ့ကြောင်း ဖော်ပြထားသည်။

ထို့အပြင် နိုင်ငံအလိုက် အာမခံလုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆုများကို တောင်ကိုရီးယားနိုင်ငံမှ SAMSUNG (General) နှင့် Hanwha (Life)၊ မလေးရှားနိုင်ငံမှ Etiqa (General) နှင့် AIA (Life)၊ ဟောင်ကောင်မှ AXA(General) နှင့် HSBC (Life) အပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၆၀ မှ အာမခံကုမ္ပဏီ ၁၁၃ ခုက ရရှိသွားပြီး IKBZ အာမခံလုပ်ငန်းအနေဖြင့် ယခင်နှစ်ကလည်း မြန်မာနိုင်ငံ အကောင်းဆုံး ပုဂ္ဂလိကအသက်အာမခံလုပ်ငန်းဆု (The Best Life Insurance Company in Myanmar 2015) နှင့် အကောင်းဆုံးပုဂ္ဂလိက အထွေထွေအာမခံလုပ်ငန်းဆု (The Best General Insurance Company in Myanmar 2015) ဆုများကို ရရှိခဲ့ကာ ယခု ၂၀၁၆ ခုနှစ်တွင်လည်း ထပ်မံရွေးချယ်ခံရသဖြင့် နှစ်နှစ်ဆက်တိုက်ရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

# လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပစဉ် ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးနှိုးဆော်

၁။ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၃ နာရီခွဲအချိန်မှစ၍ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပစဉ် နံနက် ၃ နာရီခွဲအချိန်မှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း။

( ခ ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း။

( ဂ ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှလည်းကောင်း၊ ကုန်သည်လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်။

(ဃ) အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင်လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင်လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင်လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကျင်းပ

**မာန်အောင် ဒီဇင်ဘာ ၂၉**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၌ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာမူလတန်းကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကို မြို့မအားကစားကွင်း၌ ကျင်းပရာ ဒီဇင်ဘာ ၂၈ ရက်က ရန်အောင်မြင်ကျောင်းအသင်းနှင့် မြို့သစ်ကျောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်အောင်မြင်ကျောင်းအသင်းက မြို့သစ်ကျောင်းအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းဘောလုံးပြိုင်ပွဲတွင် ဘောလုံးအသင်း ကိုးသင်းပါဝင်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲကို ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဆုရရှိသူများအား ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းဇေ(ပြန်/ဆက်)**



## မြို့ရွာတစ်ခွင် သာစေချင် မီးတွင်းမပေါ့နှင့်

# ၂၀၁၇ ခုနှစ် မြန်မာ့စီးပွားရေးအပေါ် စီးပွားရေးလုပ်ငန်းရှင်များ၏ သုံးသပ်ချက်

၂၀၁၆ ခုနှစ် နှစ်ဟောင်းကုန်ဆုံး၍ ၂၀၁၇ ခုနှစ် နှစ်သစ်သို့ကူးပြောင်းရန် ရက်ပိုင်းမျှသာ လိုတော့သည်။ လာမည့်နှစ်သစ်တွင် မြန်မာနိုင်ငံအတွက် တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေး၊ မြန်မာ့စီးပွားရေး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရေးတို့မှာ အရေးကြီးလှသည်။ ထို့ပြင် ၂၀၁၇ခုနှစ် မြန်မာ့စီးပွားရေးအလားအလာများနှင့် စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်အချို့၏ သုံးသပ်ချက်သဘောထားအမြင်များကို မြန်မာ့သတင်းစဉ်က ကောက်နုတ်ဖော်ပြအပ်ပါသည်။

**တွေ့ဆုံမေးမြန်း - ဝင်းဝင်းမော်၊ နန္ဒာဝင်း**
**ဓာတ်ပုံ - ဝင်းနန္ဒာ**


ဦးကိုကိုထွေး


ဦးသန်းလွင်


ဦးဝင်းအောင်


ဦးရဲမင်းအောင်

**ဦးဝင်းအောင်**
**ဥက္ကဋ္ဌ**
**ဒဂုံ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်**

၂၀၁၇ ခုနှစ်မှာ အင်မတန် စိတ်လှုပ်ရှားစရာကောင်းတဲ့ တိုးတက်မှုတွေရမယ်လို့ မျှော်လင့်ပါတယ်။ အားလုံးစိတ်ဝင်စားနေကြတဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်က တည်ရှိဆဲဥပဒေတွေနဲ့ယှဉ်ရင် နိုင်ငံသားတွေရော၊ ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံခြားသားတွေအတွက် ပိုပြီးကျယ်ပြန့်တဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေရှိတယ်။ လွှတ်တော်က ဥပဒေကိုအတည်ပြုပြီးပြီ။ ဒီဥပဒေကိုဖော်ဆောင်မယ့် နည်းဥပဒေလုပ်ထုံးလုပ်နည်းတွေကလည်း ၂၀၁၇ နှစ်ဆန်းပိုင်းမှာ အတည်ပြုတော့မှာ ဖြစ်တာကြောင့် ဒီဥပဒေပြီးပြီဆိုရင် ရင်းနှီးမြှုပ်နှံဖို့ စောင့်နေကြတဲ့ ပုဂ္ဂိုလ်တွေက ရင်းနှီးမြှုပ်နှံမှုကို အင်နဲ့အားနဲ့ ဝင်လာမယ်လို့ မျှော်လင့်မိတယ်။ ဒါ့အပြင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ခုနစ်လတာကာလအတွင်း ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ အနေအထားအရ ငွေကြေးရင်းနှီးမြှုပ်နှံမှုအမြောက်အမြား အသုံးပြုရမယ့် အခြေခံအဆောက်အအုံတွေ တည်ဆောက်ဖို့ နိုင်ငံတကာရဲ့အကူအညီတွေ ရရှိခဲ့ပြီးဖြစ်တယ်။ ရရှိခဲ့တဲ့ အကူအညီတွေကို နေရာတကျအသုံးပြုရင် ကျွန်တော်တို့ စီးပွားရေးအတွက် အထောက်အကူပြုစေမယ်။ ဒါ့ကြောင့် ရှေ့အလားအလာ အင်မတန်ကောင်းပါတယ်။

အထူးသဖြင့် အခြေခံအဆောက်အအုံတွေ ဖော်ဆောင်တဲ့အခါ ပုဂ္ဂလိကက ဖော်ဆောင်မယ့်အပိုင်း၊ နိုင်ငံတော်ကဖော်ဆောင်မယ့်အပိုင်း ဒါတွေကို စနစ်တကျခွဲခြားပြီး အကောင်အထည်ဖော်သွားမယ်လို့ ယုံကြည်ပါတယ်။ အခြေခံအဆောက်အအုံလို့ပြောရင် လျှပ်စစ်က အင်မတန်အရေးကြီးပါတယ်။ လျှပ်စစ်က နှစ်စဉ်နဲ့အမျှ လိုအပ်ချက်တွေရှိနေပါတယ်။ စီးပွားရေးကဏ္ဍတင် မဟုတ်ဘဲ လူမှုရေး၊ ပညာရေးတွေကိုလည်း အထောက်အကူပြုတယ်။ နိုင်ငံရဲ့ တစ်နံတစ်လျားမှာ လိုအပ်နေတဲ့ လျှပ်စစ်ရရှိမှုအနေအထားက စီးပွားရေး၊ လူမှုရေးအတွက် ဖော်ဆောင်သွားမယ်လို့ ယုံကြည်တယ်။ ငွေကြေးတစ်ရပ်က တက်လိုက် ကျလိုက်မဖြစ်သင့်ဘူး။ မူခြေရှိတဲ့ နှုန်းထားတွေ ထုတ်ကုန်ပစ္စည်းတစ်ခုကို အထောက်အကူဖြစ်စေမယ့် နှုန်းထားတစ်ခုမှာ တည်ငြိမ်နေဖို့လိုပါတယ်။ ဒီလိုတည်ငြိမ်ဖို့ကိုလည်း တာဝန်သိ တာဝန်ယူမှုရှိတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ တစ်ဦးတစ်ယောက်ချင်း စီးပွားရေးလုပ်ငန်းရှင်တွေ ကုမ္ပဏီတွေအားလုံးက ငွေကြေးကို ထိခိုက်စေမယ့်ကိစ္စမျိုးကို တာဝန်သိစွာရှောင်ရှားတတ်ဖို့ လိုပါတယ်။

**“မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်က တည်ရှိဆဲဥပဒေတွေနဲ့ယှဉ်ရင် နိုင်ငံသားတွေရော၊ ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံခြားသားတွေအတွက် ပိုပြီးကျယ်ပြန့်တဲ့ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေရှိတယ်”**

**ဦးသန်းလွင်**
**အကြီးတန်း အကြံပေးအရာရှိ**
**ကမ္ဘောဇဘဏ်**

လွန်ခဲ့တဲ့ ငါးနှစ်ရဲ့စီးပွားရေးကို ပြန်ကြည့်ရင် တိုးတက်မှုနှုန်းက ပျမ်းမျှတစ်နှစ်ကို ၇ ဒသမ ၈ ရာခိုင်နှုန်းရှိပါတယ်။ မြန်မာ့စီးပွားရေးက အောက်ခြေကနေစတာပါ။ စီးပွားရေးတိုးတက်မှုနှုန်းက GDP အရဆိုရင် ထိုင်းကိုမမီဘူး။ နိုင်ငံတော်အတိုင်ပင်ခံက နှစ် ၂၀ ကျော်တက်မယ်လို့ ပြောပါတယ်။ နှစ်တိုမဖြစ်နိုင်ဘူး။ နှစ်ရှည်နဲ့သွားမှရမယ်။ အားသာချက်အနေနဲ့ဆိုရင် မြန်မာလူမျိုးတွေက ဉာဏ်ရည်မြင့်တယ်။ သင်လွယ် တတ်လွယ်တယ်။ အလွှာအသီးသီးက ပြည်ပကိုသွားရောက်လုပ်ကိုင်နေတဲ့ မြန်မာလုပ်သားတွေရှိတယ်။ ဥပမာ တစ်ချိန်ကျရင် ပြည်တွင်းမှာ FDI နဲ့ လုပ်ငန်းကြီးတွေ ဖြစ်လာမယ်ဆိုရင် ဒီပြည်ပရောက်လုပ်သားတွေကို ပြန်ခေါ်လို့ရတယ်။ သင်တန်းပေးစရာ မလိုတော့ဘူး။ ၂၀၁၇ ဧပြီမှာ အသက်ဝင်မယ့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်က အားနည်းချက်တွေကို ပြင်ထားတယ်။ ဆွဲဆောင်မှုတွေလည်းရှိတာကြောင့် ပြည်ပရင်းနှီး မြှုပ်နှံမှုတွေဝင်လာစရာအကြောင်းရှိတယ်။ ခရီးသွားဝန်ဆောင်မှု အပိုင်းမှာဆိုရင် လည်းမြန်မာနိုင်ငံအတွင်း လှပတဲ့နေရာတွေ အများကြီးရှိတာကြောင့် အစိုးရအနေနဲ့ စနစ်တကျဖွံ့ဖြိုးအောင် လုပ်နိုင်ဖို့လိုတယ်။

ငွေရေးကြေးရေးပိုင်းဆိုရင်လည်း ပုဂ္ဂလိကဘဏ်တွေ တိုးတက်နေတယ်။ ဒါ့ကြောင့် Sector အလိုက် ကျွမ်းကျင်တဲ့သူတွေကို သူ့နေရာနဲ့သူ အသုံးချမယ်ဆိုရင် ဒါတွေကလည်း အားသာချက်တွေပဲ။ ဒီလိုအားသာချက် အလားအလာတွေရှိသလို စိန်ခေါ်မှုတွေလည်း အများကြီးရှိတယ်။ FDI ဝင်လာလို့ ဘာမှအကျိုးမရရင်တောင် လတ်တလောအလုပ်အကိုင်အခွင့်အလမ်းတွေ ပွင့်လာမယ်။ နည်းပညာတွေရမယ်။ ကျွမ်းကျင်မှုတွေရတယ်။ အခြားနိုင်ငံတွေကလည်း FDI နဲ့ပဲ တိုးတက်လာကြတာပဲ။ FDI Law က မပြည့်စုံသေးဘူး။ အသိဉာဏ်နဲ့ မူပိုင်ခွင့် ပညာရပ်ဆိုင်ရာတွေ အပြီးမသတ်သေးဘူး။ ကွန်ဒိုဥပဒေကလည်း မပြီးပြတ်သေးဘူး။ အခုရက်ပိုင်း လူဝင်မှုကြီးကြပ်ရေးက နိုင်ငံခြားသားနဲ့ ပတ်သက်ပြီး ဥပဒေအဟောင်းတွေကို ပြန်လည်အသုံးချနေတာတွေ့ရတယ်။ ဒါတွေကလည်း ပြုပြင်ဖို့လိုတဲ့ အချက်တွေပဲ။

၂၀၁၇ ခုနှစ်မှာ တိုးတက်မယ့်အလားအလာတွေရှိသလို စိန်ခေါ်မှုတွေလည်း ရှိနေတယ်။ စိန်ခေါ်မှုတွေကို ပြန်ကြည့်ရမယ်။ ဘာတွေမှားခဲ့သလဲ။ ဘာတွေသင်ခန်းစာယူရမလဲ။ သူများနိုင်ငံက မှားခဲ့တဲ့ သင်ခန်းစာတွေကို ယူရမယ်။ ကောင်းတဲ့ နမူနာတွေကိုလည်း ယူရမယ်။ ဒါဆိုရင် တိုးတက်မှုပိုမြန်မယ်။ လာမယ့် ၂၀၁၇ ခုနှစ်က စိန်ခေါ်ချက်တွေကို နိုင်နိုင်နင်းနင်းနဲ့ သင်ခန်းစာယူနိုင်မယ်။ ဒါကိုအခြေခံပြီး တိုးတက်အောင် ကြံဆောင်မယ်ဆိုရင် ၂၀၁၇ ခုနှစ်က အခြေခံနှစ်ဖြစ်သွားပြီ။ ၂၀၁၇ ခုနှစ်က အင်မတန်အရေးကြီးတဲ့နှစ်ဖြစ်တယ်။ တိုင်းပြည်မှာ လောလောဆယ်ပဋိပက္ခတွေလည်း ရှိနေသေးတာကြောင့် တစ်ဦးနဲ့တစ်ဦးယုံကြည်မှု ပြန်ဖြစ်ထွန်းအောင်လုပ်ဖို့လိုတယ်။ နိုင်ငံတော်အတိုင်ပင်ခံဦးဆောင်နေတဲ့ ဒုတိယပင်လုံ၊ ဒါကအရေးကြီးတယ်။ မျိုးဆက်သစ်တွေအတွက် တိုင်းပြည်တိုးတက်တာကို မြင်ချင်တယ်။

**ဦးကိုကိုထွေး**
**ဥက္ကဋ္ဌ**
**တော်ဝင်မိသားစု ကုမ္ပဏီလီမိတက်**

၂၀၁၇ခုနှစ်မှာ ၂၀၁၆ ခုနှစ်ထက် ပိုကောင်းလာနိုင်လိမ့်မယ်လို့ ယူဆပါတယ်။ ဒါဟာလည်း လုပ်တဲ့သူတွေပေါ်မှာ မူတည်လိမ့်မယ်။ ဥပမာ-မိသားစုတစ်စုမှာ စီးပွားရေးကောင်းအောင် မိသားစုအကုန်လုံးက လုပ်မှရတာပါ။ အိမ်ထောင်ဦးစီးတစ်ယောက်တည်းက ကုန်းရုန်းရှာပြီး မိသားစုက ဝိုင်းဖြုန်းနေမယ်ဆိုရင်လည်း မဖြစ်နိုင်သလို စီးပွားရေးလုပ်တယ်ဆိုတာ နိုင်ငံတစ်ခုလုံးကောင်းအောင်လုပ်မှ ရတာပါ။ စီးပွားရေးက တစ်ခုနဲ့တစ်ခု ချိတ်ဆက်နေတာဆိုတော့ ဥပမာ-ဆောက် လုပ်ရေးလုပ်ငန်းတစ်ခုကျသွားတယ်ဆိုရင် အဲဒီလုပ်ငန်းနဲ့ ဆက်စပ်နေတဲ့လုပ်ငန်းတွေ အကုန်လုံးကျသွားမယ်။ စိုက်ပျိုးရေးကျသွားရင် သူနဲ့ဆက်စပ်နေတဲ့အရာ တွေလည်း ကျသွားမယ်။ မြန်မာနိုင်ငံရဲ့စီးပွားရေးကို အခုနိုင်ငံတော်က အရင်တုန်းကထက် ကောင်းတဲ့စနစ်တွေနဲ့ လုပ်နေတယ်။

အရင်တုန်းကတော့ လုပ်ငန်းတစ်ခု၊ ပရောဂျက်တစ်ခုလုပ်ချင်ရင် အာဏာရှိတဲ့သူကိုကပ်ပြီး လုပ်ငန်းလုပ်ခွင့်တောင်း၊ တစ်ခုချင်း ချပေးနေတော့ လုပ်လို့တော့ တစ်ဖက်ကကောင်းတယ်။ ကိုယ့်ပရောဂျက်ရတာနဲ့ အဆင်ပြေအောင်မြင်သွားတယ်ဆိုတာ ကိုယ့်စီးပွားရေးတော့ဖြစ်တယ်။ ဒါပေမယ့် ဒါတွေအားလုံးကို တချို့တွေက တစ်ဦးတည်း လက်ဝါးကြီးအုပ်ထားတာ။ အခုကျတော့ အာဏာပိုင်အဖွဲ့အစည်းကို ကပ်စရာမလိုဘူး။ လုပ်ချင်တဲ့ စီးပွားရေးကို အများကြီးချပေးလိုက်တယ်။ ဒါပေမယ့် ဘာပြဿနာတက်လာသလဲဆိုတော့ ဥပမာ-ကားတွေကို ပါမစ်နည်းနည်းချင်းထုတ်ပေးတော့ ကားတွေ သူ့ဟာသူ အရောင်းအဝယ်ဖြစ်နေတယ်။ အခုပါမစ်တွေ အများကြီးထုတ်ပေးလိုက်တော့ ကားက ဝယ်မယ့်သူ မရှိတော့ဘူး။ အပိုလည်း ဝယ်မထားတော့ဘူး။ အဲဒီလိုမျိုးပေါ့။ စီးပွားရေးမှာလည်း လုပ်နည်းကိုင်နည်းက တစ်ဖက်စွန်းစီရောက်နေတယ်။ တစ်ဖက်က ညှစ်ထားတယ်။ အဲဒါမကောင်းဘူး။ တစ်ဖက်ကျတော့ အကုန်လုံးဖွင့်ချပေးလိုက်တယ်။ အဲဒါလည်း မကောင်းဘူး။ တစ်ပိုင်းချင်း၊ တစ်ပိုင်းချင်း ကောင်းလာအောင်လုပ်ရမယ်။ မျှတဲ့စီးပွားရေး မဇ္ဈိမပဋိပဒါပဲ ကောင်းပါတယ်။ လူတွေအများစုမှာ ပြင်သင့်တာက ကိုယ်မလုပ်တတ်ဘဲနဲ့ လုပ်တတ်တယ်။ မသိဘဲနဲ့သိတယ် ထင်နေတာလေးတွေက စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးမှာ ဒုက္ခရောက်တာပဲ။ စီးပွားရေးမှာလည်း ဒီလိုပါပဲ။ အဓိကကတော့ စီးပွားရေး Guide Line မှန်ဖို့လိုတာပေါ့။

**ဦးရဲမင်းအောင်**
**အထွေထွေ အတွင်းရေးမှူး**
**မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်**

၂၀၁၇ခုနှစ်မှာ သတင်းကောင်းတွေကြားဖို့ မျှော်လင့်ထားသလို သတင်းဆိုးတွေအတွက်လည်း ပြင်ဆင်ထားသင့်ပါတယ်။ စီးပွားရေးက အမြဲတမ်း အတက်အကျရှိပါတယ်။ အတက်မကြမ်း၊ အဆင်းမကြမ်းဖို့သာ အရေးကြီးပါတယ်။ ၂၀၁၇ ခုနှစ် စီးပွားရေးအလားအလာကတော့ ကမ္ဘာ မှာရော မြန်မာမှာပါ နိုင်ငံရေးက ယခင် ကထက် ပိုပြီးဦးဆောင်မယ့် သဘော တွေ့ရပါတယ်။

ဒီနေ့နိုင်ငံတော် အစိုးရအနေနဲ့ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍစုံကို ပြုပြင်ပြောင်းလဲတိုးတက်အောင် ဆောင်ရွက်နေချိန်မှာ ပြည်သူလူထုတစ်ရပ်လုံးက ကျရာကဏ္ဍကနေ နားလည်မှုရှိရှိနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်နိုင်မယ်ဆိုရင် ၂၀၁၇ခုနှစ်ဟာ ထူးခြားတဲ့နှစ် ဖြစ်လာနိုင်ပါတယ်။ အထူးသဖြင့် ၂၀၁၇ ဒုတိယနှစ်ဝက်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု နိုင်ငံတကာအထောက်အပံ့အကူအညီတွေ ပိုမိုရရှိလာနိုင်ပြီး ၂၀၁၆ ခုနှစ်တစ်နှစ်လုံး အိပ်ပျော်နေတဲ့ မြန်မာ့စီးပွားရေး ပြန်လည်နိုးထလာနိုင်မယ်လို့ မျှော်လင့်ပါတယ်။

## ပေါင်းတည်၌ ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပ

ပေါင်းတည် ဒီဇင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် မုတ်တိုင်ကျေးရွာအုပ်စု ကင်းတရာရွာ၌ ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို ယနေ့နံနက် ၆ နာရီက စတင်ကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့်ပါတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူ ၃၀၀ ကျော်တက်ရောက်သည်။ ထို့နောက် တက်ရောက်လာကြသူများက ကရင်လူမျိုးတို့၏ ယဉ်ကျေးမှုဆိုင်ရာများ၊ ကရင်တူရိယာ၊ ကရင်စာပေနှင့် ကရင်နှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံတို့အား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာသူများကို ရိုးရာအဆို၊ အကများဖြင့် ဖျော်ဖြေခြင်း၊ ကြည့်ရှုဖွယ်ပျော်ပွဲ၊ ရွှင်ပွဲများ ပြုလုပ်ပေးခြင်းနှင့် ရိုးရာအဝတ်အထည်များ ရောင်းချခြင်းအပြင် တက်ရောက်လာကြသူများကို စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံကာ ပျော်ရွှင်စွာဆင်နွှဲကြကြောင်း သိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် စားနပ်ရိက္ခာဖူလုံစေရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခေတ်ခွဲခန်းနည်းပညာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ် (OIE) ၏ စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရန်၊ အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါများအတွက် အရေးပေါ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ချမှတ်အတည်ပြုခဲ့ပြီးဖြစ်၍ ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးအား သက်ဆိုင်ရာပြင်ပ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်သွားရန်၊ ရောဂါစူးစမ်းလေ့လာခြင်း၊ ရောင်းဝယ်မှုကွင်းဆက် လေ့လာခြင်း၊ ဘေးအန္တရာယ်အခြေပြု ရောဂါစူးစမ်းလေ့လာခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊ ကြက်ငှက်တုပ်ကွေးဆိုင်ရာ ဇီဝလုံခြုံမှုသင်တန်းများ ပို့ချရန်နှင့် သုတေသနဆိုင်ရာဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားကြရန် လိုအပ်ချက်များကို လည်းကောင်း။



မွေးမြူရေးခြံများတွင် အသုံးပြုမည့် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practice – GAHP) မူကြမ်းနှင့် နို့စားနွား၊ ဆိတ်မွေးမြူရေး ကျင့်စဉ်(မူကြမ်း)၊ အစာစပ်စက်ရုံနှင့် သားသတ်ရုံများ ထုတ်လုပ်မှုကျင့်စဉ်များကို ယခုကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တစ်ဆက်တည်း ပြုစု၊ ရေးဆွဲ၊ ချပြ၍ အကြံပြုချက်များရယူသွားနိုင်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသည့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ခံများက တတိယသုံးလပတ်အထိလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်များ၏ အမှာစာများအရ ကျွဲ၊ နွားကာကွယ်ဆေး၊ ဝက်ရောဂါကာကွယ်ဆေး၊ ကြက်ရောဂါ ကာကွယ်ဆေးများ ထုတ်လုပ်၍ အခမဲ့ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး နို့စားနွားနှင့်ခိုင်းနွားများ တိုးပွားလာစေရန်နှင့် ထုတ်လုပ်မှုတိုးတက်လာစေရန် မျိုးရေခဲချောင်း ၅၅၇၁၀ နှင့် နိုက်ထရိုဂျင်အရည်များ အခမဲ့ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

◆ *ကျောဖုံးမှ*

လက်ရှိအချိန်ထိ ယှဉ်ပြိုင်ရန်ရှိနေပြီး ယင်းခြေစစ်ပွဲ ပွဲစဉ်ကို ၂၀၁၇ ခုနှစ် မတ်လမှ ၂၀၁၈ ခုနှစ် မတ်လအထိ တစ်နှစ်ကြာ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့်ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂဝ်ဖရိုင်းဒရစ်သည် အသင်းတွင် လူငယ်ကစားသမားများကို အဓိကရွေးချယ်ဖွယ်ရှိနေရာ မလေးရှားဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာယူ-၂၂ အသင်းနှင့် ကစားသမားရွေးချယ်မှုအတွက် ညှိနှိုင်းရဖွယ်ရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

---

❍ *ကျောဖုံးမှ*

အင်းစိန်မြို့နယ် မြန်မာ့မီးရထားဘောလုံးကွင်း၌ကျင်းပရာ ကြားပွဲစဉ်များအဖြစ် သုံးချီပွဲ ၉ ပွဲကို ယှဉ်ပြိုင်ကြရာ သရေပွဲတစ်ပွဲသာ ပါဝင်ခဲ့ပြီး ကျန်ပွဲများမှာ အနိုင်၊ အရှုံးပြတ်သားစွာ ထွက်ပေါ်ခဲ့သည့်အတွက် ပရိသတ် အကြိုက်တွေ့စေခဲ့သည်။

ယနေ့ညပိုင်းတွင် အဆိုပါကျောင်းဝင်းအတွင်း၌ ကရင်ရိုးရာဒုံးယိမ်းပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၃၀ ရက်တွင် ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါ နှစ်သစ်ကူးပွဲတော်တွင် ကရင်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုပြခန်းနှင့် သတင်းနှင့်ပြန်ကြားရေးပြခန်းတို့ကို ဖွင့်လှစ်ပြသထားပြီး တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ရိုးရာအစားအသောက်ဆိုင်များ၊ ပျော်ပွဲရွှင်ပွဲများ ပါဝင်လျက်ရှိရာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲလျက်ရှိသည်။

---

**ထင်သာမြင်သာပြုပြင်စရာ**

## မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် သောင်ဖွက်တောင်ကြိုးဝိုင်းအတွင်းမှ ထုံးကျောက်တောင်တန်းကြီး ဘဏ္ဍာငွေရရှိရေး ကြပ်မတ်စစ်ဆေးသင့်

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် သောင်ဖွက်တောင်တောများတွင် တကောင်းမြို့နယ် ပေါ်တော်မူဘုရားသွားနေရာဘက်ရှိ ထုံးကျောက်တောင်တန်းကြီးတွင် ကျောက်များထုတ်လုပ်နေမှုကို စစ်ဆေး၍ ထုတ်လုပ်ခွင့်လိုင်စင်မရှိပါက လိုအပ်သလိုအရေးယူပိတ်သိမ်းခြင်း၊ စနစ်တကျထုတ်လုပ်စေခြင်းတို့ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အခွန်ဘဏ္ဍာရရှိရေးတို့အတွက် ဆောင်ရွက်ရန်လိုအပ်လျက်ရှိသည်။

ထို့ပြင် သစ်တောများအတွင်း အမြဲစိမ်းသစ်ပင်များပေါက်ရောက်လျက်ရှိပြီး သက်တမ်းရင့် ထုံးကျောက်များရှိနေရာ စည်းကမ်းမဲ့မိုင်းခွဲ၍ လမ်းခင်းကျောက်အဖြစ် အသုံးပြုရန် ဆောင်ရွက်နေခြင်းကြောင့် မြန်မာနိုင်ငံတွင် အလွန်ရှားပါးသော ထုံးကျောက်တောင်တန်းကြီးမှာ ပျောက်ဆုံးသွားနိုင်သဖြင့် ကျောက်ထုတ်လုပ်နေမှုကို ကြပ်မတ်စစ်ဆေးဆောင်ရွက်ခြင်း ပြုရန် အကြံပြုအပ်ပါသည်။

**ငွေအိုး(ကသာ)**



---

# မိတ္ထီလာမြို့ ထမုန်ကန်ကျေးရွာအုပ်စု ဥယျာဉ်ကုန်းကျေးရွာ၌ ဂျပန်အမျိုးသားလှူဒါန်းထားသော ချယ်ရီကျောင်းစာကြည့်တိုက်ဖွင့်

**မိတ္ထီလာ ဒီဇင်ဘာ ၂၉**

မိတ္ထီလာမြို့အရှေ့ဘက် ၁ မိုင်ကွာ ထမုန်ကန်ကျေးရွာအုပ်စု ဥယျာဉ်ကုန်းကျေးရွာ၌ ဂျပန်နိုင်ငံ IIZUKA မြို့မှ အသက် ၈၈ နှစ်ရှိ အငြိမ်းစားဝန်ထမ်း MR. TAKAO YAMARMOTO က ဥယျာဉ်ကုန်းကျေးရွာ အမကကျောင်းတွင် ဆောက်လုပ်လှူဒါန်းထားသော ချယ်ရီစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက်က ဥယျာဉ်ကုန်းကျေးရွာ အမကကျောင်း၌ ကျင်းပသည်။ ဆက်လက်၍ အလှူရှင် MR. TAKAO YAMARMOTO က ဥယျာဉ်ကုန်းကျေးရွာ အလင်းရောင်စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ဥယျာဉ်ကုန်းကျေးရွာ ရပ်မိရပ်ဖ ဦးကျော်လွင်ထံသို့ အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**



ဂျပန်နိုင်ငံ IIZUKA မြို့မှ အလှူရှင် MR.TAKAO YAMARMOTO သည် မြန်မာနိုင်ငံ ပညာရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ၂၀၁၂ ခုနှစ်မှစ၍ သန်လျင်ဘုန်းတော်ကြီးကျောင်း အမက၊ ပခုက္ကူမြို့တွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ မိတ္ထီလာမြို့အောင်ဆန်းမြို့သစ်ရှိ ပရဟိတမိဘမဲ့ကျောင်းတွင် ကျောင်းဆောင်သစ် တစ်ဆောင်၊ ညောင်ကိုင်း ပရဟိတမိဘမဲ့ကျောင်းမှ ကျောင်းသားများအတွက် အစားအစာ၊ အဝတ်အထည်များ လှူဒါန်းခြင်း၊ မိတ္ထီလာမြို့စက်မှုဇုန်တွင် မူလတန်းကျောင်းတစ်ကျောင်း၊ ပျဉ်သာကျေးရွာတွင် မူလတန်းကျောင်း တစ်ကျောင်းနှင့် ရေလောင်းအိမ်သာ၊ မွေကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာတွင် မူလတန်းကျောင်း တစ်ကျောင်း၊ ဥယျာဉ်ကုန်းကျေးရွာတွင် မူလတန်းကျောင်း တစ်ကျောင်းနှင့် ချယ်ရီစာကြည့်တိုက် အပါအဝင် စုစုပေါင်းပညာရေး၊ ဘာသာရေး၊ လူမှုရေးများအတွက် ငွေကျပ်သိန်း ၂၀၀၀ ကျော်ခန့် လှူဒါန်းခဲ့သော အလှူရှင်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဂျပန်အမျိုးသားကြီးက ဥယျာဉ်ကုန်းကျေးရွာ အမကကျောင်းမှ ကျောင်းသားကျောင်းသူများအား အစားအစာ၊ ဗလာစာအုပ်နှင့် ခဲတံများလှူဒါန်းခဲ့သည်။

**တင်လှိုင်(မိတ္ထီလာ)**

---

# ထန်းသုံးပင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်

**စစ်ကိုင်း ဒီဇင်ဘာ ၂၉**

စစ်ကိုင်းမြို့နယ် ထန်းသုံးပင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပရာ ရွာဦးကျောင်းဆရာတော်ကြီးများဖြစ်ကြသော ဆရာတော် ဘဒ္ဒန္တလာဘနှင့် ဆရာတော်ဘဒ္ဒန္တဇဋိလတို့ကို အမှူးထား၍ အခမ်းအနားကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်လင်းနှင့် ဦးလှိုင်ဝင်း၊ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမင်းမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

ဆက်လက်၍ (200)KW ထရန်စဖော်မာတပ်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုခဲ့ပြီးနောက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ထန်းသုံးပင်ကျေးရွာမီးလင်းရေးကော်မတီမှ လုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မီးလင်းအောင်ပွဲအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ခဲ့သည်။ ထို့နောက် ကျေးရွာနေပြည်သူတစ်ဦးက ကျေးရွာသူ ကျေးရွာသားများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

---

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၌ နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ ယနေ့နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပ

## ဘားအံမြို့၌ ကရင်နှစ်သစ်ကူးပွဲတော်ကို အနှစ်သာရရှိရှိဖြင့် စည်ကားစွာကျင်းပ

**ဘားအံ ဒီဇင်ဘာ ၂၉**

ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို နှစ်စဉ်ကရင်နှစ်သစ်ကူး ကျရောက်ရာ ပြာသိုလဆန်း ၁ ရက်နေ့တွင် ကရင်ပြည်နယ်အတွင်းရှိ ဒေသအနှံ့အပြား၌သာမက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကရင်တိုင်းရင်းသားများရှိရာဒေသများ၌ ကရင်ရိုးရာနှစ်သစ်ကူးပွဲတော်များကို ပျော်ရွှင်စည်ကားစွာ ကျင်းပလေ့ရှိကြသည်။



ကရင်ပြည်နယ် ဘားအံမြို့၌ ကရင်တိုင်းရင်းသားတို့၏ ရိုးရာမပျက် ကရင်နှစ် ၂၇၅၆ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက်က ဘားအံမြို့ သီရိကွင်း၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင် အခမ်းအနားကိုကျင်းပရာ ကရင်အမျိုးသားများ သယ်ဆောင်လာသော ကရင်အမျိုးသားအလံကို ကရင်ရိုးရာကျွဲချိုမှုတ်ပြီး ဖားစည်တီးကာ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က လွှင့်တင်ပေးသည်။ ထို့နောက် တက်ရောက်လာကြသူ များက ကရင်အမျိုးသားအလံကို အလေးပြုကြသည်။

ဆက်လက်၍ နံနက် ၇ နာရီတွင် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကိုကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ (KNU) ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ငြိမ်းချမ်းရေးကိုယ်စားလှယ်များ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြပြီး သဘာပတိ ပြည်နယ်ဝန်ကြီးချုပ်က ကရင်အမျိုးသားနှစ်သစ်ကူးနေ့ မိန့်ခွန်းပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သောသဝဏ်လွှာကို လည်းကောင်း၊ KNU ဗဟိုမှပေးပို့သော သဝဏ်လွှာကို KNU ဗဟိုကော်မတီဝင် ဗဒိုရော်ဂျာခင်ကလည်းကောင်း ဖတ်ကြားကြသည်။ ထို့နောက် ကရင်နှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံ အကျဉ်းကို မြန်မာဘာသာ၊ ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာများဖြင့် သူနာပြုသင်တန်းသူများက အသီးသီးဖတ်ကြားပြီး ကရင်ပြည်နယ်ရှိ ဂုဏ်ပြုခံအထင်ကရ သက်ကြီးကရင်အဘိုး/အဘွားများအား ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို စည်းလုံးခြင်းသည် အင်အားဟု အဓိပ္ပာယ်ရသော (အောဟုအောဟောင်)သီချင်းဖြင့် စုပေါင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် ကရင်နှစ်သစ်ကူးနေ့ဖီဖူးယော် ကောက်သစ်စားပွဲကို ကရင်လူမျိုးတို့၏ ရှေ့ခေတ်ဓလေ့ထုံးတမ်းအစဉ်အလာအတိုင်း လယ်ယာများမှသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်စောင့်ရှောက်ပေးသည့် ဖီဖူးယော်(ခေါ်) စပါးစောင့်နတ်သမီးပူဇော်ပွဲကို တပျော်တပါးဆင်နွှဲကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ငြိမ်းချမ်းရေးကိုယ်စားလှယ်များ၊ ကရင်မောင်မယ်များက ချိုးငှက်များလွှတ်ပြီး ဖီဖူးယော်ဆုတောင်းသီချင်းဖြင့် နှစ်သစ်ကူးကောက်သစ်စားပွဲကို ဖွင့်လှစ်သည်။ ထို့နောက် ဖီဖူးယော်ကောက်သစ်စားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ၊ ကရင်တိုင်းရင်းသားများက စပါးစောင့်နတ်သမီးပူဇော်ပွဲအပြီးတွင် ကောက်ညှင်း၊ ငှက်ပျောသီး၊ အုန်းသီး၊ ထန်းလျက်စသည့် သီးနှံများ၊ မြောက်ခေါင်း၊ ပိန်းဥ၊ မျှစ်ချဉ်၊ ခရုတာလပေါ့နှင့် ခေါင်ရည်များကို စုပေါင်းကောက်သစ်စားသောက်ခဲ့ကြကြောင်း သိရသည်။ **နေမျိုးလွင်(ဘားအံ)**

## ၂၇၅၆ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

၂၇၅၆ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက်ပိုင်းက ရန်ကုန် အရှေ့ခြမ်း ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို မင်္ဂလာဖားစည်တီးခြင်း၊ ကျွဲချို(ပဒိုး)မှုတ်ခြင်းတို့ဖြင့် ဖွင့်လှစ်ရာ မင်္ဂလာဖားစည်ကို ဂုဏ်ထူးဆောင်နာယကကြီးများဖြစ်သော ၁ ဒေါ်နော်လှမူ (ဗိုလ်ချုပ်အေးကျော်၏ဇနီး)နှင့် ဒေါ်ချယ်ရတီ (ဗိုလ်မှူးကြီး L ဇော်ဘွန်း၏ဇနီး) တို့က တီးခတ်ပေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ကရင်တိုင်းရင်းသားအားလုံးက နိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတို့ကို အလေးပြုကြသည်။ ဆက်လက်၍ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဟောင်းလည်းဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီဝင်လည်း ဖြစ်သူ သဘာပတိ ပဒိုစောထွန်းအောင်မြင့်က အမှာစကားပြောကြားရာ “ဒီကနေ့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်တဲ့ တိုင်းရင်းသား လူမျိုးတစ်မျိုးဖြစ်တဲ့ ကရင်တိုင်းရင်းသားတွေရဲ့ နှစ်သစ်ကူးအခါသမယဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်း ပြာသိုလဆန်း ၁ ရက်နေ့ဟာ ကရင်နှစ်သစ်ကူးနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ထားတဲ့နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ ကရင်တိုင်းရင်းသားတွေဟာ မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ရောက်ရှိလာမှုမှာ နှစ်ပေါင်း ၂၇၅၆ နှစ်ရှိပြီ ဖြစ်ပါတယ်။ ဒီလိုနှစ်စဉ်နှစ်တိုင်း ကရင်နှစ်သစ်ကူးပွဲတော်ကို ကျင်းပနိုင်ခဲ့တဲ့အတွက် ကရင်လူမျိုးများရဲ့ စာပေ၊ ယဉ်ကျေးမှုနဲ့ ဓလေ့တွေကို မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ခဲ့ပါတယ်” ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။




တစ်ဖန် တေးသံရှင် ဒေါ်ကေဂျာနူးက ဂုဏ်ပြုသီချင်းသီဆိုပြီး ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုးထံမှ ပေးပို့သည့် သဝဏ်လွှာကို ဒုတိယဥက္ကဋ္ဌ နော်စတယ်လာက ဖတ်ကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်တို့ကလည်း အမှာစကား ချီးမြှင့်ပေးကြသည်။ ဆက်လက်၍ ကရင်နှစ်သစ်ကူးနေ့အကြောင်းကို မြန်မာဘာသာဖြင့်လည်းကောင်း၊ စကော ကရင်ဘာသာဖြင့်လည်းကောင်း၊ အနောက်ပိုးကရင်ဘာသာဖြင့်လည်း ကောင်း တာဝန်ရှိသူများက ဟောပြောကြသည်။

ယင်းနောက် ကရင်အမျိုးသားအကများဖြစ်သည့် ဒုံးအက၊ ရှလဖလုံအက၊ ပျားဖွပ်ဝါးညှပ်ကြိုးကျစ်ဒုံးအက၊ ကရင်ရိုးရာဝတ်စုံအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ရာ ကရင်တိုင်းရင်းသားများသာမက နိုင်ငံခြားသားအများအပြားတစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့သည်ကိုလည်း တွေ့ရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနား မကျင်းပမီ နံနက် ၅ နာရီခွဲတွင် တိုင်းရင်းသားကျေးရွာ၌ ကရင်အမျိုးသားအလံတော်တင် အခမ်းအနားကျင်းပခြင်း၊ ကရင်ဗုဒ္ဓဘာသာဝင်များက နေအိမ်တို့၌ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျေးဇူးတော်ချီးမွမ်းခြင်းအစီအစဉ်ဖြင့် အခမ်းအနားကျင်းပခြင်း၊ အသက် ၇၀ ကျော် ကရင်ဘိုးဘွား ၁၂၀ တို့အား သက်ကြီးပူဇော်ပွဲကျင်းပခြင်းတို့လည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## ကရင်နှစ်သစ်မင်္ဂလာအခမ်းအနားနှင့် ကောက်သစ်စားပွဲကျင်းပ

**ဘိုကလေး ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အမှတ်(၇) ရပ်ကွက် (၁၆)လမ်း ခရစ်ယာန်ဘုရားရှိခိုးကျောင်းဝင်း အတွင်း၌ (၂၇၅၆) နှစ်မြောက် ကရင်နှစ်သစ်ကူးပွဲတော်နေ့အထိမ်းအမှတ် ကရင်နှစ်သစ်မင်္ဂလာနေ့အခမ်းအနားနှင့် ကောက်သစ်စားပွဲတော် အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၆ နာရီက ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။



ထိုသို့ကျင်းပရာ နံနက် ၆ နာရီက အလံတင်အခမ်းအနား၊ နံနက် ၆ နာရီခွဲက နှစ်သစ်မင်္ဂလာနေ့အခမ်းအနားနှင့် ကောက်သစ်စားပွဲတော်ကို ပျော်ရွှင်စွာ ကျင်းပခဲ့ပြီးနောက် အားကစားပြိုင်ပွဲများ ကျင်းပခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်နေ့ မန်းမြစိန်သုတပဒေသာစာကြည့်တိုက်၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ်ပုံပြောပြိုင်ပွဲကို ကျုံပျော်မြို့နယ် ဘုရားကလေးဆိပ်ကျေးရွာ၌ ဒီဇင်ဘာ ၂၉ ရက်ကကျင်းပရာ ကလေးငယ် တစ်ဦးယှဉ်ပြိုင်စဉ်**
နေဝင်းမြင့်(ပြန်/ဆက်)

## ကရင်နှစ်သစ်ကူးပွဲတော် စည်ကားစွာကျင်းပ

**ဘီးလင်း ဒီဇင်ဘာ ၂၉**

သထုံခရိုင် ဘီးလင်းမြို့နယ်၌ နှစ်စဉ်ကျင်းပလျက်ရှိသော ကရင်နှစ်သစ်ကူးပွဲတော်ကို မဲလံဆံတော်ဘုရားတောင်ခြေရင်း၌ ဒီဇင်ဘာ ၂၉ ရက် ညနေ ၆ နာရီကကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ KNU တပ်မဟာ(၁)မှ တပ်မဟာမှူး ဦးစောကျော်လင်းနှင့် တာဝန်ရှိသူတို့က ကရင်အမျိုးသားနှစ်သစ်ကူးမင်္ဂလာမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ဘီးလင်းမြို့နယ်အတွင်းရှိ ကရင်ဒုံးအဖွဲ့ ၁၀ ဖွဲ့က ကရင်ရိုးရာအကများဖြင့် အလှည့်ကျဖျော်ဖြေခဲ့ကြသည်။ အဆိုပါ ကရင်နှစ်သစ်ကူးပွဲတော်သို့ ဘီးလင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသောဧည့်သည်များနှင့် ကရင်ရိုးရာအကကို ချစ်မြတ်နိုးအားပေးကြသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ထူးနောင်(ဘီးလင်း)**

# ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်ကူးပွဲတော် သထုံ၌ စည်ကားစွာကျင်းပ

**သထုံ ဒီဇင်ဘာ ၂၉**

ကရင်နှစ် ၂၇၅၆ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့တွင် ကျရောက်သည့် ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်ကူးပွဲတော်ကို မွန်ပြည်နယ် သထုံမြို့နယ် စခန်းကြီးကျေးရွာအုပ်စု ဖားပိုင်ကုန်းကျေးရွာတွင် ဒီဇင်ဘာ ၂၉ ရက် နံနက်က စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။




ကရင်နှစ်သစ်ကူးပွဲတော်ကို ကရင်လူမျိုးတို့၏ သမိုင်း၊ စာပေ၊ ယဉ်ကျေးမှု၊ လူမျိုးနှင့် ဘာသာစကား စသည်တို့အား မေ့ပျောက်သွားခြင်းမရှိစေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သထုံမြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးစောစံတင်က ပြောသည်။

"အရင်က မငြိမ်းချမ်းတဲ့ကာလမှာ ဒီနေရာတွေက ဒီလိုပွဲမျိုးလုပ်ဖို့ အတော်ခက်တယ်။ ခုလို စည်စည်ကားကားလုပ်နိုင်တာက ငြိမ်းချမ်းရေးရဲ့အရသာပေါ့။ ခုဆို တိုင်းရင်းသားဒေသတွေမှာ စစ်ပွဲတွေ ဖြစ်နေတယ်။ ဒါတွေကို ရပ်တန့်စေချင်တယ်။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသားညီအစ်ကိုတွေ အားလုံး ငြိမ်းချမ်းရေးအရသာကို တန်းတူခံစားစေချင်တယ်"ဟု ၎င်းက ဆက်လက် ပြောကြားသည်။

အဆိုပါနေ့ နံနက် ၅ နာရီတွင် ကရင်တိုင်းရင်းသား အလံတော်လွှင့်တင်ပွဲကို ကျင်းပခဲ့ပြီး နံနက် ၇ နာရီမှစတင်ကာ နှစ်သစ်ကူးမင်္ဂလာအခမ်းအနားကိုကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးမင်းမင်းဦး၊ ပြည်နယ်ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းတို့က နှစ်သစ်ကူးသဝဏ်လွှာကို ဖတ်ကြားပေးကြကာ ကရင်နှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာခဲ့ပုံကို ဒေသခံတိုင်းရင်းသားတို့က ပိုးကရင်၊ စကောကရင်နှင့် မြန်မာဘာသာတို့ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြကာ သထုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကိုယ်စားပြု ယိမ်းအဖွဲ့များက ရိုးရာဒုံးယိမ်းအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

သထုံမြို့နယ်တွင် ကရင်တိုင်းရင်းသား ၈၀၀၀၀ ဝန်းကျင်ခန့် နေထိုင်လျက်ရှိပြီး မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၆ အုပ်စုအနက် ရိုးရာနှစ်သစ်ကူးပွဲတော်ကို ကရင်တိုင်းရင်းသား အများစုနေထိုင်သည့် ကျေးရွာ ၃၇ ရွာတွင် ဒုံးယိမ်းပြိုင်ပွဲများ၊ ရိုးရာလက်ဝှေ့ပွဲများ၊ အားကစားနှင့် ပျော်ပွဲရွှင်ပွဲများ၊ ဇာတ်ပွဲများ၊ ကရင်စာပေနှင့် ယဉ်ကျေးမှုပြခန်းတို့ဖြင့် စည်ကားစွာနှစ်စဉ်အလှည့်ကျ ပြုလုပ်ကြောင်း သထုံမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ထံမှ သိရသည်။

**သက်ဦး(သထုံ)**

# ချင်းပြည်နယ်အတွင်း ခရီးသွားဧည့်သည်များတည်းခိုနိုင်ရေး ဟိုတယ်ဆောက်လုပ်ခွင့် နှစ်ဆန်းပိုင်းတွင် စတင်မည်

**ဟားခါး ဒီဇင်ဘာ ၂၉**

ချင်းပြည်နယ်သို့ လာရောက်လည်ပတ်ကြမည့် ပြည်တွင်း ပြည်ပခရီးသွားများ စားသောက်နေထိုင်ရေးအဆင်ပြေမှုရှိစေရန် အချက်အချာကျသည့် မြို့ကြီး ခြောက်မြို့တွင် တည်းခိုရေး၊ စားသောက်ရေးဝန်ဆောင်မှုအပြည့်အဝပေးနိုင်သည့် ဟိုတယ်ကြီး ၁၀ လုံးကို ပြည်နယ်အစိုးရအဖွဲ့မှ ဟိုတယ်ဆောက်လုပ်ခွင့်ရရှိရန် စိစစ်ရွေးချယ်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်၁၀ ဦးတို့က နှစ်ဆန်းပိုင်းတွင် စတင်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟိုတယ်ဆောက်လုပ်ခွင့်ရလုပ်ငန်းရှင်များမှာ ချင်းပြည်နယ် မြို့တော်ဟားခါးမြို့တွင် KL Amazing Company, King Solomon Company နှင့်ချမ်းသာရွှေမြေကုမ္ပဏီတို့က လည်းကောင်း၊ ဖလမ်းမြို့တွင် Adventures Myanmar Company နှင့် Falam Cherry Company တို့ကလည်းကောင်း၊တီးတိန်မြို့တွင် Unique Asia Gate Construction Company နှင့်ရွှေစင်နန်းတော်တို့ကလည်းကောင်း၊ ပလက်ဝမြို့တွင် Sweet Hotel Group ကလည်းကောင်း၊ မတူပီမြို့တွင် ရွှေပြည်တံခွန်နှင့် ချင်းတွင်းရောတို့ကလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အနီး ခိုင်ကမ်းမြို့တွင် တောင်ဇလပ်ဟိုတယ်နှင့် ဒေါက်တာကမ်ကျင့်ဒါးလ်တို့ကလည်းကောင်း ပထမအသုတ်အနေဖြင့် အသီးသီး စိစစ်ရွေးချယ်ထားရာ ၂၀၁၇ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်ကာ လုပ်ငန်းများဆောင်ရွက်တော့မည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းပြည်နယ်တွင် ပြည်တွင်း ပြည်ပခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုပွင့်လင်းရာသီတွင်ချင်းပြည်နယ်ဒေသတစ်ခုလုံး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသ၏လိုအပ်ချက်ဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ ခရီးသွားများတည်းခိုစားသောက်နေထိုင်နိုင်ရေး



တို့ကို အလေးထားဆောင်ရွက်နေခြင်းဖြစ်ရာ ယခု လက်ရှိအားဖြင့် ပြည်တွင်းပြည်ပခရီးသွားများ တည်းခိုနေနိုင်သည့် ကန်ပက်လက်မြို့တွင် အဆင့်မီဟိုတယ် ရှစ်လုံးရှိနေပြီး မင်းတပ်နှင့် ကန်ပက်လက်မြို့များတွင် ဆောက်လုပ်ဆဲဟိုတယ်သုံးလုံး ရှိနေကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

# မောင်တောမြို့နယ်အတွင်း မသင်္ကာသူ သုံးဦးဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

လုံခြုံရေးတပ်ဖွဲ့များသည် မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာ၌ ဒီဇင်ဘာ ၂၈ ရက်က နယ်မြေရှင်းလင်းစဉ် မသင်္ကာသူ သုံးဦးအား လက်ကိုင်ဖုန်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာအုပ်စု အလယ်ရွာအနီးရှိ တောင်ကြားအတွင်း၌ အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားပြီး လက်နက်ကိုင်ဆောင်ထားသူ ၁၁ ဦးခန့်သည် ဒီဇင်ဘာ ၁၅ ရက်မှစ၍ ညအချိန်တွင် ကျေးရွာသားများအား စစ်သင်တန်းပို့ချနေကြောင်းသတင်းအရ တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်နယ်မြေရှင်းလင်းရာ ဒီဇင်ဘာ ၂၈ ရက် ည ၁၂ နာရီခွဲခန့်တွင် ဦးရှည်ကျကျေးရွာ၌ အာမိရ်ဟူဆောင်၊ ဟာဆူများနှင့် နူဇော်ရိန်တို့ကို ရွာအတွင်းရှိလူသွားလမ်း၌ ဖုန်း သုံးလုံး၊ ဆင်းကတ်



လေးခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

ဖမ်းဆီးရမိသူများအား တရားဥပဒေအရ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မုံးကိုးမြို့နှင့်မိုင်းငေါ်မြို့အနီးပတ်ဝန်းကျင်များမှ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မုံးကိုးမြို့နှင့်အနီးဝန်းကျင်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးနှင့် လုံခြုံရေးဆောင်ရွက်စဉ် ယနေ့နံနက် ၁၁ နာရီခွဲခန့်တွင် ဖောင်းဆိုင်ရွာ၏ အရှေ့ဘက် သုံးမိုင်ခန့်အကွာ၌ လမ်းဘေးချုံအတွင်းမှ လက်ပစ်ဗုံး ၁၀ လုံး၊ ဗုံးသီး တစ်လုံး၊ အမ် ၂၂ ကျည်အိမ် လေးခု၊ ကျည်အတောင့် ၁၂၀ နှင့် လမ်းလျှောက်စကားပြောစက်တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ယမန်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က မိုင်းငေါ်မြို့၏ အနောက်မြောက်ဘက် မီတာ ၇၀၀၀ ခန့်အကွာ၌ မသင်္ကာဖွယ်ဆိုင်ကယ်တစ်စီး ရပ်တန့်ထားသည်ကို တွေ့ရှိရသဖြင့်ရှင်းလင်းရာ ဆိုင်ကယ်အနီးချုံအတွင်းမှ အမျိုးသားနှစ်ဦးသည် ရုတ်တရက်ထွက်ပြေးသဖြင့် တပ်မတော်စစ်ကြောင်းက အသေးစိတ်ရှင်းလင်းခဲ့ရာ ဆိုင်ကယ်တွေ့ရှိသည့် နေရာတစ်ဝိုက်အား ဆိုင်ကယ်အနီးချုံစပ်မှ ဒေသန္တရလက်လုပ်မိုင်းနှစ်လုံးနှင့် ဝိုင်ယာကြိုး ပေ ၂၀ ခန့်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။
**(သတင်းစဉ်)**

## မိုးလေဝသအခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
**(မိုး/ဇလ)**

# ဆီးရီးယားအစိုးရနှင့်အတိုက်အခံအုပ်စုများ အပစ်ရပ်စဲရေးလက်မှတ်ရေးထိုးခဲ့ကြောင်း သမ္မတပူတင်ပြောကြား

**မော်စကို ဒီဇင်ဘာ ၂၉**

ဆီးရီးယားအတိုက်အခံအုပ်စုများနှင့် ဆီးရီးယား အစိုးရအဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက်နှင့် ၃၀ ရက် ညသန်းခေါင်ယံ အချိန်တွင် စတင်အကျုံးဝင်မည့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် အပါအဝင် စာရွက်စာတမ်းများစွာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီရှွိုင်ဂူ၊ နိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗရော့တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် သမ္မတပူတင်က ဆီးရီးယားပြဿနာကို ဖြေရှင်းရန် လမ်းကြောင်းပွင့်စေမည့် စာချုပ်စာတမ်းသုံးခုကို ကြာသပတေးနေ့ အစောပိုင်းတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း ပြောကြားခဲ့သည်။

လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့သည့်စာရွက်စာတမ်းများမှာ ဆီးရီးယားအစိုးရနှင့် အတိုက်အခံအုပ်စုများအကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု၊ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ထိန်းချုပ်သည့် လှုပ်ရှားဆောင်ရွက်မှုများနှင့် ဆီးရီးယားပြဿနာတည်ငြိမ်မှုရရှိစေရေး ငြိမ်းချမ်းရေးဆွေးနွေးမှုများ စတင်ရန် အသင့်အနေအထားတည်ရှိမှု အခြေအနေဖော်ပြချက်များဖြစ်ကြောင်း သမ္မတ ပူတင်ကပြောခဲ့သည်။ ရုရှားသည် ဆီးရီးယား၌ စစ်အင်အားများ ဖြန့်ကြက်ထားမှုကို လျှော့ချသွားရန် သဘောတူညီခဲ့သည်ဟု ဆိုသည်။

နိုင်ငံခြားရေးဝန်ကြီး လက်ဗရော့က နိုင်ငံခြားရေးဝန်ကြီးဌာနသည် ကာဇက်စတန်မြို့တော် အက်စတာနာတွင် ဆီးရီးယားအကျပ်အတည်းကို ဖြေရှင်းမည့် ဆွေးနွေးပွဲပြုလုပ်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

ညသန်းခေါင်ယံအချိန်တွင် အပစ်အခတ်ရပ်စဲမှု စတင်သက်ရောက်မည်ဟု ဆီးရီးယားနိုင်ငံပိုင် ဆာနာသတင်းအေဂျင်စီက စတင်ဖော်ပြခဲ့ပြီးနောက် သမ္မတပူတင်၏ သတင်းထုတ်ပြန်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အိုင်အက်စ် စစ်သွေးကြွအုပ်စုများ၊ နျူဆရာတပ်ဦး အဖွဲ့နှင့် ဆက်စပ်အဖွဲ့အစည်းများမှာ သဘောတူညီမှုတွင် မပါဝင်ကြောင်း သတင်းထုတ်ပြန်မှုတွင် ဖော်ပြထားသည်ဟု သိရသည်။ **(ရိုက်တာ)**



## ဖိလစ်ပိုင်နိုင်ငံ ပြည်သူ့ရင်ပြင်တစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွား

**မနီလာ ဒီဇင်ဘာ ၂၉**

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းမြို့တစ်မြို့၏ ပြည်သူ့ရင်ပြင်တွင် ယမန်နေ့ညက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၂၇ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယမန်နေ့ ည ၉ နာရီခန့်က လေးတီပြည်နယ် ဟေလွန်ဂိုမြို့တွင် လက်ဝှေ့ပွဲကျင်းပနေစဉ် လူစည်ကားရာ ပန်းခြံတစ်ခု၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း ကနဦးသတင်းဖော်ပြချက်များအရသိရသည်။ ပေါက်ကွဲမှုကြောင့် သေဆုံးသူများလည်းရှိရာ အတည်ပြုနိုင်ရေး ကြိုးစားနေကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးက ပြောသည်။ ဟေလွန်ဂိုမြို့ရှိ ဒေသခံဆေးရုံတစ်ခုတွင် ပေါက်ကွဲမှုကြောင့် လာရောက်ဆေးကုသမှုခံယူနေသူများ၏ သွေးထွက်သံယိုမြင်ကွင်းကို Inquirer.net အင်တာနက်စာမျက်နှာတွင် ဖော်ပြထားကြောင်း သိရသည်။

အဆိုပါပေါက်ကွဲမှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့က တရားဝင်သတင်းထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။ **(ဆင်ဟွာ)**

## တူရကီမြောက်ပိုင်းတွင် ဘတ်စ်ကားတစ်စီး ချောက်ထဲထိုးကျ၊ ငါးဦးသေဆုံး

**အန်ကာရာ ဒီဇင်ဘာ ၂၉**

တူရကီနိုင်ငံမြောက်ပိုင်း ဆီနော့ပ်ပြည်နယ်တွင် ဒီဇင်ဘာ ၂၉ ရက်က မော်တော်ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ငါးဦးသေဆုံးပြီး ၂၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ဟားရီးယက်သတင်းတွင် ဖော်ပြခဲ့သည်။

အစ္စတန်ဘူလ်မှ ဆီနော့ပ်ပြည်နယ်သို့ပြေးဆွဲနေသည့် ခရီးသည်တင် ဘတ်စ်ကားတစ်စီးသည် ချောက်ကမ်းပါးအစွန်အားအရှိန်လွန်ကာ ပြုတ်ကျခဲ့ခြင်းကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဘတ်စ်ကားသည် ဆီနော့ပ်ပြည်နယ် ဆာရေဒုဇုခရိုင်ဘော့စ်ကင်ကျေးရွာအနီး ချောက်အတွင်းသို့ ၁၀ မီတာခန့်ထိုးကျသွားခဲ့ကြောင်း သိရသည်။

ယင်းဒေသတွင် ဆီးနှင်းများထူထပ်စွာကျဆင်းနေသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများနှောင့်နှေးကြန့်ကြာနေကြောင်း သိရသည်။ **(ဆင်ဟွာ)**



## ပင်လယ်နက်ထဲသို့ ပျက်ကျသွားသည့် ရုရှားလေယာဉ်ရှာဖွေရေးပြီးဆုံး

**မော်စကို ဒီဇင်ဘာ ၂၉**

ပင်လယ်နက်အတွင်းသို့ ပျက်ကျသွားသည့် ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနပိုင် Tu-154 ခရီးသည်တင်လေယာဉ်၏အဓိက အစိတ်အပိုင်းများကို ပင်လယ်ထဲမှ ဆယ်ယူနိုင်ခဲ့ပြီးနောက် ရှာဖွေရေးလုပ်ငန်းများအား အဆုံးသတ်လိုက်ကြောင်း ရုရှားသတင်းအေဂျင်စီ RIA Novosti ၏ ဒီဇင်ဘာ ၂၉ ရက် ဖော်ပြချက်ကိုကိုးကား၍ ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

လေယာဉ်ပျက်ကျသည့်နေရာတွင် ရှာဖွေရေးလုပ်ငန်းများလည်း ရပ်တန့်လိုက်ပြီဖြစ်ကြောင်း ရုရှားအာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကား၍ ရုရှားသတင်းအေဂျင်စီ RIA Novosti က ဖော်ပြခဲ့သည်။

လေယာဉ်ပျက်ကျသည့်နေရာတွင် သေဆုံးသူ ၁၉ ဦး၏ အလောင်းများအား ဆယ်ယူနိုင်ခဲ့ကာ အတည်ပြုနိုင်ရေးအတွက်မော်စကိုသို့ လွှဲပြောင်းခဲ့ကြောင်း သိရသည်။ ရုရှားကာကွယ်ရေးဝန်ကြီးဌာနပိုင် ခရီးသည်တင်လေယာဉ်သည် ဒီဇင်ဘာ ၂၅ ရက်အစောပိုင်းက ခရီးသည် ၉၂ ဦးနှင့်အတူ လေယာဉ်ဝန်ထမ်း ရှစ်ဦးလိုက်ပါလျက် မော်စကိုမှ ဆီးရီးယားသို့ ထွက်ခွာလာစဉ် ပင်လယ်ထဲသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**



## အိန္ဒိယနိုင်ငံ၏ အထင်ကရ ကက်ရှ်မီးယားသတင်းစာကို သုံးလကြာ ပိတ်ပင်ခံခဲ့ရပြီးနောက် ပြန်လည်ပုံနှိပ်ထုတ်ဝေ

**ကက်ရှ်မီးယား ဒီဇင်ဘာ ၂၉**

အိန္ဒိယနိုင်ငံ၏ အထင်ကရသတင်းစာတစ်စောင်ဖြစ်သည့် ကက်ရှ်မီးယားနေ့စဉ်သတင်းစာကို အစိုးရက သုံးလကြာပိတ်ပင်မှုများ ပြုလုပ်ထားခဲ့ပြီးနောက် ပိတ်ပင်မှုများကို ပြန်လည်ဖယ်ရှားလိုက်သည့်အတွက် ပုံနှိပ်ထုတ်ဝေမှုများ ပြန်လည်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ကက်ရှ်မီးယား၌ ရုန်းရင်းဆန်ခတ်အနည်းငယ်ဖြစ်ပွားခဲ့ပြီးနောက် အင်္ဂလိပ်ဘာသာဖြင့်ပုံနှိပ်ထုတ်ဝေသည့် ကက်ရှ်မီးယားနေ့စဉ်သတင်းစာကို အောက်တိုဘာလအစောပိုင်းတွင် ပုံနှိပ်ထုတ်ဝေမှုရပ်ဆိုင်းရန် အစိုးရက အမိန့်ထုတ်ပြန်ခဲ့သည်။

အဆိုပါသတင်းစာသည် ဆူပူမှုများဖြစ်ပွားစေရန် လှုံ့ဆော်သည်ဟုစွပ်စွဲခံခဲ့ရသည်။ သို့သော်လည်း အစိုးရက တနင်္လာနေ့က သတင်းစာထုတ်ဝေမှုအား ပိတ်ပင်ထားရန် မလိုအပ်တော့ကြောင်း ပြောကြားခဲ့သည်ဟုဆိုသည်။ သတင်းစာထုတ်ဝေမှုအား ရပ်ဆိုင်းလိုက်ခြင်းသည် သတင်းစာလွတ်လပ်ခွင့်ကိုတိုက်ခိုက်ခြင်းပင်ဖြစ်ကြောင်း လူ့အခွင့်အရေးလှုပ်ရှားသူများအဖွဲ့က ဝေဖန်ခဲ့ကြသည်။

**(ဆင်ဟွာ)**

## ရှန်ဟိုင်းနှင့်ကူမင်းသို့ အမြန်ရထား ပို့ဆောင်မှုစနစ် ချိတ်ဆက်ဆောင်ရွက်

**ပေကျင်း ဒီဇင်ဘာ ၂၉**

တရုတ်နိုင်ငံရှန်ဟိုင်းမြို့နှင့် ကူမင်းမြို့တို့အား ဆက်သွယ်ပေးမည့် အမြန်ရထားပို့ဆောင်ရေးလမ်းကြောင်းသစ်တစ်ခုကို ဗုဒ္ဓဟူးနေ့က စတင်ဖွင့်လှစ်လိုက်ကြောင်းနှင့် ယင်းရထားလမ်းတည်ဆောက်မှုပြီးစီးရန် အချိန်ခုနစ်နှစ်ကြာမြင့်ခဲ့သည်ဟု ရထားပို့ဆောင်ရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

ယူနန်ပြည်နယ် အနောက်တောင်ပိုင်းမြို့တော်ဖြစ်သည့် ကူမင်းတွင် အသစ်တည်ဆောက်ဖွင့်လှစ်ထားသည့် ဘူတာရုံ၌ ဆိုက်ကပ်ရပ်နားထားသည့် ရထားတစ်စင်း၏မြင်ကွင်းကို တရုတ်နိုင်ငံပိုင်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည်။

ရထားသည် တစ်နာရီလျှင် ၃၅၀ကီလိုမီတာနှုန်းဖြင့် ပြေးဆွဲသွားမည်ဖြစ်ရာ ၁၁နာရီတွင် ၂၂၅၂ ကီလိုမီတာအကွာအဝေးခန့်အထိ ရောက်ရှိနိုင်မည်ဖြစ်ကြောင်းနှင့် ကနဦးခရီးစဉ်သည် နာရီပေါင်း ၃၄ နာရီ အနည်းဆုံးကြာမြင့် မည်ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံ၏ မြန်နှုန်းမြင့်ရထားချိတ်ဆက်မှုသည် ယခုအခါ ကီလိုမီတာ ၂၀၀၀၀ကျော်အထိတိုးချဲ့ထားပြီး ကမ္ဘာ့အရှည်ဆုံးရထားပို့ဆောင်မှုလမ်းကြောင်းဖြစ်သည်။

**(အင်န်အိတ်ချ်ကေ)**

# မြန်မာ-ဂျပန်ကင်းထောက်လူငယ်များ၊ အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်း တက်ရောက်လျက်ရှိသည့် ကင်းထောက်အမျိုးသမီးများ၏ ရင်တွင်းစကားသံများ

ကိုလတ် (သတင်းစဉ်)၊ ဒေါ်မြတ်သဉ္ဇာထွန်း

**ဒေါက်တာဒေါ်တင်လှကြည်**
**(မြန်မာကင်းထောက် အမျိုးသမီးကင်းထောက်ချုပ်)**

မြန်မာနိုင်ငံမှာ ကင်းထောက်အဖွဲ့ ပြန်လည်ရှင်သန်ဖို့အတွက် ဂျပန် ကင်းထောက် အမျိုးသမီးအဖွဲ့မှ အိုဆာကာ ကင်းထောက်အမျိုးသမီး တွေက ၂၀၁၃ ခုနှစ်ကနေ အခုအထိ နည်းမျိုးစုံနဲ့ ထောက်ပံ့ကူညီခဲ့ပါတယ်။ အခု စတုတ္ထအကြိမ် မြန်မာကင်းထောက် အမျိုးသမီးနဲ့ ဂျပန်ကင်းထောက် အမျိုးသမီး စခန်းချသင်တန်းကို နေပြည်တော် အားကစားရွာ Gold Camp မှာ ဒီဇင်ဘာ ၂၈ ရက်ကနေ ဒီဇင်ဘာ ၃၁ ရက်အထိ ကျင်းပလျက် ရှိပါတယ်။

Friendship-Road to Peace ဆောင်ပုဒ်နဲ့ ဂျပန်ကင်းထောက် အမျိုးသမီး ၄၁ ဦးနဲ့ မြန်မာ ကင်းထောက် အမျိုးသမီး ၉၂ ဦးတို့ နှစ်နိုင်ငံ ချစ်ခင် ရင်းနှီးမှုကိုခိုင်မာဖို့ ယဉ်ကျေးမှုဖလှယ်တာ၊ အတူတကွ အားကစားပြိုင်ပွဲ၊ အဖွဲ့လိုက် ကင်းထောက်လှုပ်ရှားမှု၊ မီးပုံပွဲ၊ ကျန်းမာရေးဟောပြောပွဲ၊ ရှေးဦးသူနာပြု လက်တွေ့သင်တန်းတွေကို ပြုလုပ်မှာ ဖြစ်ပါတယ်။

**Ms. Kuniko Tatamitani**
**(ဂျပန်နိုင်ငံ အိုဆာကာ အမျိုးသမီးကင်းထောက်)**

ကျွန်မတို့ အိုဆာကာကင်းထောက် အမျိုးသမီးငယ်တွေနဲ့ မြန်မာနိုင်ငံ ကင်းထောက် အမျိုးသမီးငယ်တွေ တွေ့ဆုံပြီး အပြန်အလှန် ရင်းနှီးကျွမ်းဝင်စေဖို့ အခုလို စခန်းချသင်တန်းကို မြန်မာနိုင်ငံနဲ့ ဂျပန်နိုင်ငံ အမျိုးသမီး ကင်းထောက်တို့ပူးပေါင်းပြီး ဖွင့်လှစ်တာဖြစ်ပါတယ်။ ငယ်စဉ်က ကင်းထောက် ဖြစ်ခဲ့ဖူးတဲ့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မကြာမီက ကျင်းပတဲ့ ကင်းထောက်ရာပြည့်ပွဲကို တက်ရောက်ချီးမြှင့်ပြီး မြန်မာကင်းထောက်အဖွဲ့ကို အားပေးမှု အတိုင်းအတာကို သိရှိရလို့ ဂျပန်နဲ့ တကွ နိုင်ငံတကာ ကင်းထောက်အဖွဲ့ အစည်းအသီးသီးက ဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၁၂ ခုနှစ်က ဂျပန်အိုဆာကာ အမျိုးသမီး ကင်းထောက်အဖွဲ့နဲ့ ကျွန်မတို့ ပထမဦးဆုံးတွေ့ဆုံခဲ့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကျွန်မတို့ ကင်းထောက် အမျိုးသမီးများအပေါ် ညီအစ်မသဖွယ် နွေးထွေးစွာဆက်ဆံမှုဟာ အခုထက်တိုင် မမေ့နိုင်ပါဘူး။ ဂျပန် အမျိုးသမီး ကင်းထောက်လေးများ မြန်မာနိုင်ငံမှာ အခုလာပြီး စခန်းချ ကင်းထောက်ပညာများအမြင်ချင်းဖလှယ်ခွင့်ရဖို့ စီစဉ်ပေးတဲ့ နိုင်ငံတော်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့ တာဝန်ရှိသူများကို အထူးပဲကျေးဇူးတင်ပါတယ်။ အခု (၄) ကြိမ်မြောက် စခန်းချတွေ့ဆုံပွဲမှာ ဂျပန်နိုင်ငံ အိုဆာကာမြို့နယ် သာမက တခြားပြည်နယ်၊ မြို့နယ်တွေ ဖြစ်တဲ့ အရင်က ပုံးဒဏ်ခံခဲ့ရတဲ့ ဟီရိုရှီးမားမြို့က ကင်းထောက်အမျိုးသမီး တွေလည်း ပါပါတယ်။ ဒီ အမျိုးသမီး ငယ်လေးတွေကို ငြိမ်းချမ်းရေးတန်ဖိုးထားတတ်ရန် မြန်မာနိုင်ငံကို အခု တစ်ခေါက်သင်တန်းမှာ ခေါ်ခဲ့တာဖြစ်တယ်။ ဒါမှ သူတို့ရဲ့နိုင်ငံနဲ့ တခြားနိုင်ငံတွေ ငြိမ်းချမ်းရေးကို ဘယ်လိုရယူတယ်ဆိုတာ သိရှိမှာဖြစ်ပါတယ်။ မြန်မာ အမျိုးသမီးကင်းထောက်နဲ့ ဂျပန် အမျိုးသမီးကင်းထောက်တို့ ပူးပေါင်းဆောင်ရွက်မှုဟာ နှစ်နိုင်ငံလုံးရဲ့ ပေါင်းကူးတံတားအဖြစ်မှသည် ကမ္ဘာ့ ငြိမ်းချမ်းရေးဆီသို့ ဦးတည်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**မစန္ဒီသင်းသင်းဇော်**
**(မြန်မာအမျိုးသမီးကင်းထောက်)**

ကျွန်မကတော့ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှာ Business Management ဘာသာရပ်ကို သင်ကြားနေတဲ့ တတိယနှစ်ကျောင်းသူ ဖြစ်ပါတယ်။ ကျွန်မက တတိယအကြိမ် ပြင်ဦးလွင်မြို့ ကင်းထောက်လူငယ်များ တွေ့ဆုံပွဲမှာပါဝင်ခဲ့တဲ့ တက္ကသိုလ် ကင်းထောက်မယ်တစ်ဦးဖြစ်ပါတယ်။ ဆက်လက်ပြီး Basic Leadership Training For University and Community သင်တန်းကိုတက်ရောက်ခဲ့သူဖြစ်ပါတယ်။

အခု သင်တန်းကို တက်ရောက်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ဂုဏ်ယူမိပါတယ်။ ဒီ Camp ကနေပြီးတော့ Japan ဘာသာစကားတွေ၊ ယဉ်ကျေးမှုအနုပညာတွေ၊ အတွေ့အကြုံဗဟုသုတတွေကို ကြိုးကြိုးစားစားနဲ့ လေ့လာသင်ယူပါမယ်။ ဒီ Camp မှာဆိုရင် အခြေခံပညာက ညီမလေးတွေ၊ တက္ကသိုလ်အသီးသီးက ကျောင်းသူတွေ၊ Japan နိုင်ငံက Girl Scouts တွေအားလုံးအတူတကွ ညီအစ်မအရင်းသဖွယ် ကူညီရိုင်းပင်းကြဖို့ မျှော်လင့်မိပါတယ်။ အခု ဒီ Camp ကနေပြီးတော့ ဘယ်လိုအတွေ့အကြုံသစ်တွေ ရရှိလာမယ်ဆိုတာလည်း အလွန်စိတ်လှုပ်ရှားမိပါတယ်။ ဒီ Camp က ရရှိခဲ့တဲ့ အတွေ့အကြုံဗဟုသုတပညာရပ်တွေကို မြန်မာကင်းထောက် အမျိုးသမီးတွေကို ပြန်လည်ဖြန့်ဝေပေးချင်ပါတယ်။

**Ms. Yamaguchi Moe**
**(ဂျပန်အမျိုးသမီးကင်းထောက်)**

မြန်မာအမျိုးသမီးကင်းထောက်နဲ့ ဂျပန်အမျိုးသမီး ကင်းထောက်များ အားလုံးအတူတူ အမျိုးမျိုးသောလှုပ်ရှား ဆောင်ရွက်မှုတွေဟာ ကျွန်မတို့ရဲ့ အတွေ့အကြုံနဲ့ အသိပညာကို ဖလှယ်ရင်း အပြန်အလှန်အကျိုးရှိစေချင်ပါတယ်။ ဒါ့အပြင် သေးငယ်တဲ့ တစ်ဦးချင်း တစ်ဦးချင်းရဲ့ အင်အားငယ်များကို စုစည်းပြီး စည်းလုံးညီညွတ်ခြင်းဖြင့် ကြီးမားတဲ့ အင်အားကို ဖြစ်စေပြီး ကမ္ဘာကြီးကို ပြောင်းလဲစေနိုင်ဖို့ အတွက် တစ်နည်းအားဖြင့် ကျွန်မတို့ ဂျပန်ကင်းထောက် အမျိုးသမီးများ၊ မြန်မာကင်းထောက် အမျိုးသမီးနဲ့ နိုင်ငံတကာ ကင်းထောက် အမျိုးသမီး တွေပူးပေါင်းပြီး ကမ္ဘာ့ငြိမ်းချမ်းရေး ရရှိနိုင်ဖို့ ဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။

**မအိမွန်ခန့်**
**(မြန်မာအမျိုးသမီးကင်းထောက်)**

ကျွန်မက ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ် ကိုရီးယားဘာသာ အထူးပြု ဒုတိယနှစ်ကျောင်းသူ ဖြစ်ပါတယ်။ တက္ကသိုလ်ပေါင်းစုံရဲ့ တတိယ အကြိမ်မြောက် ကင်းထောက်အခြေခံ ခေါင်းဆောင်သင်တန်းမှာ မြန်မာအမျိုးသမီးကင်းထောက်တစ်ယောက်အနေနဲ့ သင်တန်းတက်ရောက်ခဲ့ပြီး အခု နေပြည်တော်မှာပြုလုပ်မယ့် စတုတ္ထ အကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချ သင်တန်းတွေဆုံပွဲမှာ ဂျပန်အမျိုးသမီး ကင်းထောက်တွေနဲ့အတူ တက်ရောက် ရမှာဖြစ်လို့ အလွန်ဂုဏ်ယူမိပါတယ်။ ဂျပန်နဲ့မြန်မာ ရိုးရာယဉ်ကျေးမှုတွေ၊ ကင်းထောက်ပညာတွေ အသိချင်း၊ အတွေ့အကြုံချင်း ဖလှယ်ခွင့်ရမှာဖြစ်တဲ့အပြင် နှစ်နိုင်ငံအချင်းချင်း ချစ်ကြည် ရင်းနှီးမှုတွေလည်း ရရှိမှာဖြစ်လို့ ဝမ်းသာမိပါတယ်။ ကင်းထောက် သင်တန်းတွေ၊ တွေ့ဆုံပွဲတွေက ရရှိလာတဲ့ ဗဟုသုတတွေနဲ့အတူ တိုင်းပြည် ကောင်းကျိုးအတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**Ms. Kawamura TooWa**
**(ဂျပန်နိုင်ငံ အိုဆာကာ အမျိုးသမီးကင်းထောက်)**

မြန်မာအမျိုးသမီး ကင်းထောက်တွေနဲ့ အခုလို စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာစခန်းချ တွေ့ဆုံပွဲမှာ အတူတူ ပူးပေါင်းလုပ်ဆောင်နေရတာ ကျွန်မအနေနဲ့ နိုင်ငံခြားတိုင်းပြည်တွေ အပေါ်မှာမြင်ရတဲ့အမြင်က များစွာပြောင်းလဲခဲ့ပါတယ်။ မြန်မာနဲ့ဂျပန်ဟာ စကားပြော ယဉ်ကျေးမှု လူမျိုးထုံးစံ ကွဲပြားမှုတွေ အများကြီးရှိတာကြောင့် အစတုန်းက ဂျပန်လူမျိုးမဟုတ်ဘဲ နိုင်ငံခြားသားတွေနဲ့ ဆက်ဆံနိုင်ပါ့မလားဆိုပြီး စိတ်ပူပေမယ့် ကင်းထောက်အဖွဲ့ထဲ ဝင်ပြီး ကင်းထောက်အမျိုးသမီးဖြစ်လာလို့ ကင်းထောက်ကတိ၊ ကင်းထောက်ကျင့်ဝတ်တွေအတိုင်း လိုက်နာဆောင်ရွက်ရာကနေ အပြုံးမျက်နှာနဲ့ တစ်ဦးကိုတစ်ဦး နှုတ်ဆက်တတ်လာတယ်။ အမျိုးသမီးကင်းထောက် အချင်းချင်း နွေးထွေးစွာခံစား ဆက်ဆံနိုင်ပြီး လူမျိုးမရွေး၊ ဘာသာမရွေး သူတစ်ပါးအပေါ် ကူညီချင်စိတ်တွေပေါ်ပေါက်ကာ နိုင်ငံနဲ့လူမျိုး ကွဲပြားခြားနားမှုတွေကို ကျော်လွှားနိုင်ခဲ့လို့ မြန်မာနိုင်ငံကို ပထမဦးဆုံး ကင်းထောက်အမျိုးသမီး အနေနဲ့ ရောက်ရှိလာရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။


ဒေါက်တာဒေါ်တင်လှကြည်



Ms. Kuniko Tatamitani


မစန္ဒီသင်းသင်းဇော်


Ms. Kawamura TooWa


မအိမွန်ခန့်


Ms. Yamaguchi Moe



## ဒုဋ္ဌဝတီ(ရွှေစာရံ)တံတားတည်ဆောက်မှု ၆၇ ရာခိုင်နှုန်းပြီးစီး

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း ခရိုင်ချင်းဆက်လမ်းအမှတ် ၂ မှတစ်ဆင့် ဒုဋ္ဌဝတီမြစ်ကို ဖြတ်၍ ကျောက်ဆည်နှင့် ပြင်ဦးလွင်မြို့သို့ ဆက်သွယ်သွားလာနိုင်သည့် ဒုဋ္ဌဝတီ(ရွှေစာရံ)တံတားတည်ဆောက်မှုမှာ ၆၇ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄)မှ သိရသည်။ အဆိုပါတံတားကို ယခုနှစ်ဇွန် ၆ ရက်မှစတင်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ခွင့်ပြုဘဏ္ဍာငွေကျပ်သန်းပေါင်း ၂၁၁၂ သန်းခန့် အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်သည်။

"မန္တလေးကို ဝင်စရာမလိုတော့ဘဲ ပြင်ဦးလွင်ကို အချိန်တိုအတွင်း သွားနိုင်တဲ့အတွက် ဒေသတွင်းကုန်စည်ကူးသန်းရောင်းဝယ်ရေးတိုးတက်ပြီး သွားလာရေးအဆင်ပြေမယ်။ ကျောက်ဆည်နဲ့ ပြင်ဦးလွင်ကိုသွားရင် ဒီတံတားကြောင့် မိုင် ၄၀ လောက် ခရီးတိုသွားမယ်" ဟု တံတားအထူးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယင်းတံတားအနီးရှိ ရွှေစာရံရွာမှ ဒေသခံဖြစ်သူ ဦးရဲဆင့်ကလည်း "အရင်ကဆိုရင် ဒုဋ္ဌဝတီမြစ်ဖြတ်တဲ့ တံတားမရှိတော့ ညပိုင်းမှာ စက်လှေမရှိလို့ ဟိုဘက်ကမ်းကို ပြန်ဖို့အခက်အခဲဖြစ်တယ်။ ညဆိုရင် စက်လှေကို ဖုန်းဆက်ခေါ်တာတောင် မရဘူး။ တံတားပြီးသွားရင် နေ့ည အချိန်မရွေးသွားလို့ရသွားပြီ" ဟု ပြောသည်။ အဆိုပါတံတားသည် အာစီကွန်ကရစ်အမျိုးအစားဖြစ်၍ အခန်း ခြောက်ခန်းနှင့် အရှည်ပေ ၆၆၀၊ ရေလယ်တိုင် ငါးတိုင်၊ ချဉ်းကပ်တိုင်နှစ်တိုင်ရှိ၍ ကားလမ်းပေအကျယ် ၂၄ ပေနှင့် လူသွားလမ်း သုံးပေစီပါဝင်ကာ စုစုပေါင်း ပေ၃၀-ကျယ်ပြီး ၂၀၁၇ ခုနှစ် မတ်လတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံ တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး ဦးဆောင်ကော်မတီ ( Myanmar Extractive Industries Transparency Initiative MEITI– Leading Authority) ပထမအကြိမ် အစည်းအဝေးကို ယမန်နေ့မွန်းတည့် ၁၂ နာရီက နေပြည်တော်ရှိစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ MEITI ဦးဆောင်ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး MEITI ဦးဆောင်ကော်မတီအတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးတွင် MEITI လုပ်ငန်းကော်မတီ ဖွဲ့စည်းရန်ကိစ္စ၊ EITI စံနှုန်းများအရ တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ရန် ဒုတိယအကြိမ် အစီရင်ခံစာအား အချိန်မီ တင်သွင်းနိုင်ရန်ကိစ္စ၊ EITI လုပ်ငန်းစဉ်များ အရှိန်အဟုန်မပျက်ဆောင်ရွက်ရန် အစိုးရ၊ ကုမ္ပဏီနှင့် အရပ်ဘက်ကိုယ်စားလှယ်များ ပါဝင်သော သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ပြန်လည်ဖွဲ့စည်းဆောင်ရွက်ရန်ကိစ္စ၊ EITI စံနှုန်းများအရ ဖြည့်ဆည်းဆောင်ရွက်ရမည့် Draft Beneficial Ownership Roadmap မူကြမ်းအား နိုင်ငံတကာEITI အတွင်းရေးမှူးချုပ်ရုံးသို့ အချိန်မီပေးပို့ရန် ကိစ္စများနှင့် လုပ်ငန်းကော်မတီဖွဲ့စည်းပြီးပါက ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ဦးဆောင်ကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၁၆) ဖြင့် ဒီဇင်ဘာ ၁၉ ရက်က ဖွဲ့စည်းခဲ့ပြီး အစည်းအဝေးသို့ MEITI ဦးဆောင်ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းနှင့် အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဇီဝမျိုးစုံလင် ကမ္ဘာတစ်ခွင် ထာဝစဉ်တည်တံ့ရေး ထိန်းသိမ်းပေး**

# ပြင်ဦးလွင်မြို့ ဗုဒ္ဓကလျာဏယုဝအသင်း နှစ် ၁၀၀ ပြည့်ပွဲတော် ဖွင့်ပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ဗုဒ္ဓကလျာဏယုဝအသင်း (YMBA)၏ နှစ် ၁၀၀ ပြည့်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်က ပြင်ဦးလွင်မြို့ YMBA ခန်းမရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ပြင်ဦးလွင်တပ်နယ်မှ တပ်နယ်မှူး ဗိုလ်ချုပ်မြင့်မော်နှင့် တပ်နယ်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဒုဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ YMBA မှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ်ကအမှာစကားပြောကြားပြီး ဗုဒ္ဓကလျာဏယုဝအသင်း ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ အသင်းကြီးနှစ် ၁၀၀ ပြည့် မော်ကွန်းကို အတွင်းရေးမှူးက ဖတ်ကြားပြီး နှစ် ၁၀၀ ပြည့်အတွက် ဂုဏ်ပြုစပ်ဆိုထားသော ထုတိသြဘာမင်္ဂလာကေပိုဒ်ရတုကို ခေတ်ပြားရ အဆိုတော် ချင်းတွင်းကျော်စွာလှိုင်က ရွတ်ဆိုခဲ့သည်။

ထို့နောက် နှစ် ၁၀၀ ပြည့်ပွဲတော် အထိမ်းအမှတ်ပြုလုပ်ခဲ့သော ပြိုင်ပွဲများမှ ဆုရရှိသူများ၊ ကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပြင်ဦးလွင် တပ်နယ်မှူးတို့က ဆုများ ပေးအပ်ချီးမြှင့်ကြပြီး တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ပြသထားသော စာအုပ်များ၊ နံရံကပ်စာစောင်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အချိန်အခါမဟုတ်မိုးရွာ ရိုတ်သိမ်းထားသော စပါးအချို့ပျက်စီးနိုင်

**ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၂၉**

ဟိုင်းကြီးကျွန်းမြို့နှင့် ဟိုင်းကြီးကျွန်းမြို့ ကွပ်ကဲမှုနယ်မြေအတွင်းရှိ ကျေးရွာများ၌ ဒီဇင်ဘာ ၂၈ ရက် ညဦးပိုင်းက အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့သည်။ ဟိုင်းကြီးကျွန်းမြို့၌ ည ၈ နာရီမိနစ် ၅၀ ခန့်မှ ၉ နာရီ ၁၀ မိနစ်ခန့်အထိ မိုးရွာသွန်းခဲ့ပြီး ကျေးရွာများ၌လည်း ည ၇ နာရီခန့်မှ ၁၀ နာရီအတွင်း ပျမ်းမျှ ၄၅ မိနစ်ခန့် မိုးရွာသွန်းခဲ့ကြောင်းနှင့် ရိတ်သိမ်းထားသော စပါးအချို့ပျက်စီးနိုင်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**အောင်မင်း(ဟိုင်းကြီး)**

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အမှုသွားအမှုလာ စီမံခန့်ခွဲမှုအစီအစဉ်ဖြင့် မှုခင်းများစစ်ဆေးလျက်ရှိ



**ရန်ကုန် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)အရ လှိုင်သာယာမြို့နယ် တရားရုံးအား ရှေ့ပြေးတရားရုံး(Pilot Court)အဖြစ် သတ်မှတ်၍ အမှုသွားအမှုလာ စီမံခန့်ခွဲမှုအစီအစဉ် (Caseflow Management)ဖြင့် မှုခင်းများ စစ်ဆေးလျက်ရှိရာတွင် စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရန်အတွက် ညှိနှိုင်းဆွေးနွေးမှု အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)

အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီး နယ်စပ်ဒေသနှင့် လုံခြုံရေးဝန်ကြီး၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးညှိနှိုင်းပွဲတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က အမှာစကားပြောကြားပြီး ရုံးအဖွဲ့မှူးက တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၊ အမှုသွားအမှုလာ စီမံခန့်ခွဲမှုအစီအစဉ်နှင့် လှိုင်သာယာမြို့နယ် တရားရုံး၌ အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

**ကိုလတ် (သတင်းစဉ်)**

## အများသိစေရန်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ဗဟိုလမ်း(ရှမ်းလမ်း)၊ အမှတ် ၅၇၊ သဇင်ဂေဟာတိုက်များ၏ မြေရှင်/အိမ်ရှင်များဖြစ်ကြသော ဒေါ်သန်းသန်း ၁၂/ပဘတ(နိုင်)၀၀၇၅၉၇နှင့် ဒေါ်သန်းတင့် ၁၂/စခန(နိုင်)၀၂၄၃၂၈တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဖေဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်ပါလိပ်စာရှိ သဇင်ဂေဟာတိုက်ခန်းအသီးသီးတွင်နေထိုင်သူများသည် တိုက်ခန်းအပျောက်စနစ်ဖြင့် အရောင်းအဝယ်စာချုပ်၊ ယင်းစာချုပ်အရ ချုပ်ဆိုထားသော အိမ်ရှင်အိမ်ငှားကတိစာချုပ်များအရ တိုက်ခန်းတွင်နေထိုင်ခွင့် လက်ဝယ်ရှိသူ အိမ်ငှားဖြစ်ကြပြီး၊ တိုက်ခန်းခ၊ လုံခြုံရေးဝန်ဆောင်ခ၊ ရေတင်ခ၊ ပြင်ပမှ ကားများထားခြင်းတို့အတွက် ဝန်ဆောင်ခကျသင့်ငွေများကို အိမ်ရှင်အိမ်ငှားစာချုပ်နှင့်အညီ မြေရှင် အိမ်ရှင်တို့ကသာ ကောက်ခံဆောင်ရွက်ခွင့်ရှိပါကြောင်း၊ အခြားလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတစ်ခုကကောက်ခံ၊ စီမံဆောင်ရွက်ခွင့်မရှိကြောင်းနှင့် ထိုသို့ကောက်ခံရန် မြေရှင်/အိမ်ရှင်တို့ကလည်း အသိအမှတ်ပြုသဘောတူခွင့်ပြုထားခြင်းမရှိပါကြောင်း၊ အိမ်ရှင်/ မြေရှင်တို့၏သဘောတူ ခွင့်ပြုချက်မရှိဘဲ ကောက်ခံခြင်းနှင့် မြေရှင်၏အကျိုးကိုရည်ရွယ်၍ ဆက်လက်နှောင့်ယှက်ဟန့်တားနေမည်ဆိုပါက တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**မြေရှင်/အိမ်ရှင်**
**ဒေါ်သန်းသန်း၊ ဒေါ်သန်းတင့်တို့၏**
**အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ**
**ဦးဖေဝင်း ၁၂/ပဘတ(နိုင်)၀၁၁၃၉၇၏**

**ဦးခင်မောင်အေး (ဥပဒေတွဲ့)**
**အထက်တန်းရှေ့နေ(စဉ်-၄၁၂၂၈)**
**၂၆၆၊ ကျိုက္ကဆံလမ်း(၃-ထပ်ဝဲ)**
**တာမွေမြို့နယ်၊ ဖုန်း-၀၉-၅၁၆၁၆၇၅**

## ဓမ္မသံတော်ဆင့် THE DHAMMA THANDAWSINT

တနင်္ဂနွေထုတ် အမှတ်(၅၄)

– သက်တော်ရှည် ဂဏဝိမုတ်ကူးတို့ဂိုဏ်းချုပ်ဆရာတော်ကြီး မိန့်ကြားသော နိုင်ငံ့အခြေအနေများ။ **မန္တလေး ဝိသုဒ္ဓါရုံတိုက်သစ် အဂ္ဂါဘိဓဇ ဝါးတန်းဆရာတော်ကြီးနှင့် ရွှေပေါ်ကျွန်းဆရာတော်တို့ ကြည်ညိုဖွယ်ရာ ဆက်နွှယ်မှု၊** ရန်ကုန်ဗုဒ္ဓတက္ကသိုလ် စာမေးပွဲဖြေရာသို့ တိပိဋကဩဝါဒါစရိယ မန္တလေးမစိုးရိမ်တိုက်ဆရာတော်ကြီး ကြွရောက်ဩဝါဒပေး။

– မင်းသမီးမိုးယုစံစုံတွဲ လာရောက်၍ ကံထပ်လှူဒါန်းခဲ့သော ရွှေပေါ်ကျွန်းသာသနာပြုစခန်း၊ မိုးပြာဂိုဏ်းဝိနိစ္ဆယမှတ်တမ်း။ **ကူးတို့နိကာယသာသနာဝင်**နှင့် ပုဂံရွှေစည်းခုံစေတီတော်ထူးခြားအံ့ဖွယ်မှတ်တမ်း အပိုင်း(၃)။ **၂၀၁၆ ခုနှစ်က ခန္ဓာဝန်ချခဲ့သည့် အဘိဓဇမဟာရဋ္ဌဂုရု မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော်ကြီး၏ ထူးခြားဖြစ်စဉ်များ။** သာသနာ ၂၅၀၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ **ဆဋ္ဌသံဂါယနာတင်ခဲ့သည့် ဆရာတော်ကြီးများ ဘွဲ့နှင့် ကျောင်းတိုက်အမည်စာရင်း။** အနောက်ပရက္ကမဆရာတော်ကြီး၏ဖြစ်စဉ် (၁၅)။ မန္တလေးမြို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းအုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသဝ၏ သိမ်နုတ်သိမ်သမုတ်နည်းလမ်း။ **စဉ့်ကူးမြို့ မဟာဝိသုတာရုံစာသင်တိုက် နာယကဆရာတော်၏ အလှူအမျိုးမျိုး အကျိုးအထွေထွေ။** မြန်မာနိုင်ငံတော် သာသနာဝင် . . .

**ဗုဒ္ဓသာသနာတော်အတွက် အနှစ်သာရများဖြင့် ဓမ္မသံတော်ဆင့်စာစောင်**
**ဖြန့်ချိရေး ဖုန်း – ၀၉ ၄၂၀၁၁၈၅၃၄၊ ၀၉ ၇၈၈၈၈၇၈၄၁၊ ၀၉ ၇၈၈၈၈၇၈၄၃**

## စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ တောင်ကျွန်းကုန်းလေးရွာနေ ဦးဟန်ကြီး- ဒေါ်ဌေးတို့၏သမီး ကျွန်မ မစန္ဒာမြင့် ၇/ကပက(နိုင်)၀၇၈၂၉၂ အသက် (၄၀)သည် ၁၈-၁၂-၂၀၁၆ရက်က နှစ်ဖက်မိဘ သဘောတူထားသည့် စေ့စပ်ကြောင်းလမ်းခြင်းကို မိမိဆန္ဒအလျောက် ဖျက်သိမ်းပါကြောင်း။

**မစန္ဒာမြင့် ၇/ကပက(နိုင်)၀၇၈၂၉၂**

## ရောင်းမည် (ညှိနှိုင်းဈေး)

စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ပြင်ဆင်ပြီး၊ မြေညီ+ပထပ်၊ နှစ်လွှာ၊ ကျောင်း၊ ဈေး၊ ဘဏ်၊ ဆေးရုံ၊ ဘုရားနီး၊ အချက်အချာ ကျ၊ လူစည်ကား၊ ရပ်ကွက်သန့်။

**ဖုန်း-၀၉-၉၇၄၃၃၆၃၉၂၊ ၀၉-၇၉၅၉၃၄၁၉၄**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/9303 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/4764 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့်ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၅၊ မြေကွက်အမှတ် ၂၃၄ ဟု ခေါ်တွင်သော အလျား× အနံ ပေ (၄၀×၆၀)ရှိမြေချပါမစ်မြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်မောင်စိုး ၁၄/ဘကလ(နိုင်)၀၀၂၆၈၆ ထံမှ စာချုပ်စာတမ်း အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်လေးသွယ် ၁၁/သတန(နိုင်)၀၄၇၅၁၃ ထံမှ အပြီးအပိုင်ဝယ်ယူပြီးဖြစ်ကြောင်းနှင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်စောမူ**
**၁၂/လမတ(နိုင်)၀၂၄၂၆၆**
**ဖုန်း-၀၉-၇၉၇၇၆၅၇၃၄**

# ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်ရှိ သစ်ပင်ဝင်တိုက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ်(၁၇၇/၅)နှင့်(၁၇၇/၆) အကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း(စိစစ်ဆဲ) မောင်းနှင်လာသော Probox ယာဉ်မှာ ယနေ့နံနက် ၂ နာရီ မိနစ် ၄၀ က ဝဲရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်ရှိသစ်ပင်ကို တိုက်မိပြီးနောက် တစ်ဖက်ယာဉ်ကြောမြေသားလမ်းပေါ် ရောက်ရှိကာ ရပ်တန့်ခဲ့သည်။

ဖြစ်စဉ်ကြောင့်ယာဉ်မှာ အနည်းငယ်ပျက်စီးသွားပြီး လူထိခိုက်မှုမရှိကြောင်း သိရသည်။ သို့ဖြစ်၍ ယာဉ်မောင်းကို သာဂရ အမြန်လမ်းရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

ထို့ပြင် ယမန်နေ့ ည ၁၁ နာရီ မိနစ် ၄၀ တွင် အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၈၅/၃)နှင့် (၅/၄)အကြား ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း ဟိန်းထက်အောင် မောင်းနှင်လာသော Fielder ယာဉ်မှာ ယာဉ်မောင်းတိုးဝင်း မောင်းနှင်လာသော ရာဇာထွန်းယာဉ်နှင့် ဘေးချင်းယှဉ် မောင်းနှင်ရာမှ ပွတ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ကြောင့် ခရီးသည်များ အန္တရာယ်ကင်းရှင်းခဲ့သော်လည်း ယာဉ်များမှာ အနည်းငယ် ပျက်စီးသွားသည်။

သို့ဖြစ်၍ ယာဉ်မောင်းများကို မြို့ချောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

# ဘုရားမီးပူဇော်ရာမှ ဘုန်းတော်ကြီးကျောင်းမီးလောင်

**နတ်မောက် ဒီဇင်ဘာ ၂၉**

နတ်မောက်မြို့နယ် ဝါပန်ကျေးရွာတွင် ဒီဇင်ဘာ ၂၈ ရက် ညကဘုန်းတော်ကြီးကျောင်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရွှေပန်းတောနယ်မြေရဲစခန်းက သိရသည်။

ရွာဦးဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးဝိမလသည် ဒီဇင်ဘာ ၂၈ ရက် ည ၉ နာရီတွင် ကျောင်း၏အပေါ်ထပ် အရှေ့တောင်ထောင့် ကျက်သရေဆောင်ရှိ ဘုရားခန်းအား မီးပူဇော်ပြီး အိပ်ပျော်သွားခဲ့ရာမှ စတင်မီးလောင်ကျွမ်းနေကြောင်း သိရှိခဲ့၍ ကျေးရွာမှ အုပ်ချုပ်ရေးအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သော်လည်း မီးငြိမ်းမှုမရှိခဲ့သဖြင့် ရွာမွန်နယ်မြေ မီးသတ်စခန်းသို့ ဆက်သွယ်အကူအညီတောင်းခံခဲ့ရာ ရွာမွန်နယ်မြေမီးသတ်မှ မီးသတ်ယာဉ်နှစ်စီး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်တစ်စီး စုစုပေါင်း မီးသတ်ယာဉ် သုံးစီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ဒီဇင်ဘာ ၂၉ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ အောက်ထပ် အုတ်ညှပ် အလျား ၅၆ ပေ၊ အနံ ၇၂ ပေ၊ နှစ်ထပ်ရှစ်ပင်ပတ်လည် ကျောင်းဆောင်မှာ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ မီးအားပေါ့ဆစွာသုံးစွဲသူ ကျောင်းထိုင်ဆရာတော်ကို နတ်မောက်မြို့နယ် ရွှေပန်းတောနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**



**မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်းနှင့် ရန်ကုန်-မန္တလေး ရထားသံလမ်းအနီး ပလိပ်ကားဂိတ်၌ ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၁ နာရီခန့်က မန္တလေးမြို့သို့သွားသည့် ကုန်တင်ယာဉ်တစ်စီး ဆိုင်ကယ်အား ရှောင်တိမ်းရာမှ အရှိန်လွန်ပြီး တိမ်းမှောက်ခဲ့သည်ကို တွေ့ရစဉ်**
မောင်မောင်စိုး(မြစ်ငယ်)

# ကျေးရွာလမ်းတွင် ဆိုင်ကယ်ချင်းတိုက်မိ တစ်ဦးသေဆုံး

**ပခုက္ကူ ဒီဇင်ဘာ ၂၉**

ပခုက္ကူမြို့နယ် အိုင်ရှည်ကျေးရွာလမ်းတွင် ဒီဇင်ဘာ ၂၈ ရက် ညပိုင်းက ဆိုင်ကယ်ချင်းတိုက်မိ၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း မြစ်ခြေနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၈ ရက် ည ၈ နာရီက အိုင်ရှည်ကျေးရွာလမ်းအတိုင်း အိုင်ရှည်ကျေးရွာမှ မြစ်ခြေဘက်သို့ မိုးဇွေး(ခ)အောင်အောင် မောင်းနှင်ပြီး အလယ်တွင် ဇနီးဖြစ်သူ မစန်းယု၊ နောက်တွင် သမီးဖြစ်သူ မနှင်းအိဝင်းတို့ လိုက်ပါလာသည့် ဆိုင်ကယ်သည် ယင်းလမ်းအတိုင်း မျက်နှာချင်းဆိုင်မှ ပိုက်ဦးမောင်းနှင်သည့် နံပါတ်မပါဆိုင်ကယ်အား အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောအတွင်း ဝင်ရောက်တိုက်မိခဲ့ရာ ပိုက်ဦးတွင် ဒဏ်ရာရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းမိုးဇွေး(ခ)အောင်အောင်ကို ပခုက္ကူမြို့နယ် မြစ်ခြေနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**ကျော်ဇေယျ**

# သက်ငယ်မုဒိမ်းမှုကျူးလွန်သူ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ချမှတ်ခံရ

**မိတ္ထီလာ ဒီဇင်ဘာ ၂၉**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့တွင် အောက်တိုဘာ ၂၉ ရက်က မိခင်ဖြစ်သူသည် အိမ်တွင်ပိုင်းငင်နေစဉ် တစ်ဖက်အိမ်မှ သမီး၏ အော်သံကြားသဖြင့် သွားရောက်ကြည့်ရာ ရက်ကန်းလုပ်သား စောလွင်မိုး(၃၂ နှစ်)ထွက်ပြေးသွားသည်ကို တွေ့ရပြီး (၁၁ နှစ်)အရွယ်သမီးကို မေးမြန်းရာ စောလွင်မိုးက သားမယားအဖြစ်ပြုကျင့်ကြောင်းပြောသဖြင့် အရွယ်မရောက်သေးသောဝင်း၏သမီးဖြစ်သူကို သားမယားအဖြစ်ပြုကျင့်သူ စောလွင်မိုးကို အရေးယူပေးပါရန် ဝမ်းတွင်းရဲစခန်း၌ အမှုဖွင့်တိုင်ကြားရာ မိတ္ထီလာခရိုင် တရားသူကြီးရုံးက ရာဇသတ်ကြီးမှုအမှတ်- ၅၅ ဖြင့် လက်ခံကြားနာ စစ်ဆေးခဲ့သည်။

ခရိုင်တရားရုံးတွင်အမှုစစ်ဆေးရာ စောလွင်မိုးသည် အရွယ်မရောက်သေးသူကလေးငယ်ကို သုံးကြိမ်မုဒိမ်းကျင့်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ကာ ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန် ဒီဇင်ဘာ ၂၈ ရက်တွင် မိတ္ထီလာခရိုင်တရားရုံးက အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

# ကသာမြို့နယ်အတွင်းမှ တရားမဝင်ကညင်သစ်လုံးများဖမ်းမိ

**ကသာ ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ကျောက်ပုံရွာနှင့် သံပုရာကျေးရွာအနီး ဧရာဝတီမြစ်အတွင်းမှ တရားမဝင် ကညင်သစ်များဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၇ ရက်က ကသာမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွဏ်နှင့် သစ်တောဝန်ထမ်းများ သည် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့်အတူ ကသာမြို့နယ် ကျောက်ပုံကျေးရွာအနီး ဧရာဝတီမြစ်အတွင်း သစ်မှောင်ခိုသတင်းအရ ဝင်ရောက်ရှာဖွေရာ တရားမဝင်ရေမြုပ်ကညင်သစ်ကိုးလုံး၊ ၈ ဒသမ ၈၂၀ တန်နှင့် တရားမဝင် သစ်ခိုးထုတ်သူ လေးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာ ၂၈ ရက်က ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင်နှင့် သစ်တောဝန်ထမ်းများသည် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ကသာမြို့နယ် သံပုရာကျေးရွာအနီး ဧရာဝတီမြစ်အတွင်း သစ်မှောင်ခိုသတင်းအရ ဝင်ရောက်ရှာဖွေရာ လှေဖောင်တွဲမှ တရားမဝင် ကညင်သစ် ၂၁ လုံး၊ ၈ ဒသမ ၇၁၂ တန်နှင့် သစ်ပိုင်ရှင် မျိုးသန့်ဆိုသူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **လူအောင်(ကသာ)**



# နှစ်လုံးထီလောင်းကစားပြုသူ အမျိုးသမီးတစ်ဦးအားဖမ်းဆီး

**ပခုက္ကူ ဒီဇင်ဘာ ၂၉**

ပခုက္ကူမြို့ အမှတ်(၅)ရပ်ကွက်တွင် ဒီဇင်ဘာ ၂၈ ရက်က နှစ်လုံးထီလောင်းကစားပြုသူ အမျိုးသမီးတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ပခုက္ကူမြို့မရဲစခန်းက သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၈ ရက်က ပခုက္ကူမြို့အမှတ် (၅) ရပ်ကွက်နေ မမိုးမိုးနွယ်(၄၂နှစ်)၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများ၊ လောင်းကြေး ငွေကျပ် ၁၁၃၀၀၀ နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ပခုက္ကူမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကျော်ဇေယျ**


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် EE/6622 Toyota Corolla Fielder NZE12 S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေကျော် ၁၂/ဒလန(နိုင်)၀၅၆၀၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ည/၆၃၀၈၊ Shwe Thway MPV Micro Bus(4×2)Ⓛ MPV ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဦး ၁၃/လရန(နိုင်)၀၀၃၉၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6D/3303 Toyota Caldina AZT 246၊ S/W(4×4) ယာဉ်လက်ဝယ်ရှိသူ ဦးရဲထွန်း ၇/ကပတ(နိုင်)၀၅၂၆၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**ဆန်အိမ်အရောက်ပို့သည်၊**
**(၆)ပြည်မှစပို့သည်၊**
**ဆန်အမျိုးအစားအစုံ**
ဖုန်း- ၀၉ ၉၆၂၁၂၆၉၀၈၊ ၀၉ ၂၅၅၉၇၂၆၃၈

ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံး ဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။




## လွတ်လပ်ရေးနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် အားကစားပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နေပြည်တော်ရုံးအမှတ်(၂၅) ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အားဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒီဇင်ဘာ ၂၇ ရက် နံနက် ၇နာရီခွဲက ပြည်ထောင်စုရှေ့နေချုပ်ဦးထွန်းထွန်းဦး ဦးဆောင်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အရာထမ်း/အမှုထမ်းစုစုပေါင်း ၃၀၀ ခန့်ပါဝင်သည့် စုပေါင်းလမ်းလျှောက်ပွဲကို ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးအဝင်မှ စတင်တာလွှတ်ကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှေ့ရှိ အဝိုင်းကို ပတ်ပြီး ရုံးသို့ ပန်းဝင်သည်။

ယင်းနောက် အစီအစဉ်များအတိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ စာအုပ်ရွက်ပြိုင်ပွဲ၊ အရာထမ်း / အမှုထမ်းများ၏ ကလေးငယ်များမုန့်စားပြိုင်ပွဲနှင့် အပြေးပြိုင်ပွဲတို့ကို သတ်မှတ်နေရာများ၌ ကျင်းပကြသည်။ အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုရှေ့နေချုပ်နှင့်အတူ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်နှင့် ညွှန်ကြားရေးမှူးချုပ်များက လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ အားကစားပွဲပြိုင်ပွဲများ အားပေးကြည့်ရှုကြသော အရာထမ်း/အမှုထမ်းများကို နံနက်စာနှင့် နေ့လယ်စာများ ကျွေးမွေးခဲ့ကြပြီး ပြိုင်ပွဲအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ပြည်ထောင်စုရှေ့နေချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## (၂၉)ကြိမ်မြောက် ဆီးဂိမ်းအောင်မြင်မှုရရှိရေးအတွက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**



မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသား ရေကူးကန်ရှိ မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်ခန်းမ၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ ဥက္ကဋ္ဌဖလားပြိုင်ပွဲကို နှစ်စဉ်ကျင်းပတာပါ။ စားပွဲတင်တင်းနစ်အားကစားသမားအချင်းချင်း ချစ်ကြည်မှု၊ လက်ရည်မြင့်မားရေးနဲ့ကစားနည်းတိုးတက်ပြန့်ပွားဖို့အတွက် ကျင်းပတာဖြစ်ပါတယ်။ (၂၉)ကြိမ်မြောက် ဆီးဂိမ်းအောင်မြင်မှု ရရှိဖို့အတွက်လည်း ဒီပြိုင်ပွဲက လက်ရည်ကောင်းတဲ့ ကစားသမားတွေကို ရွေးချယ်သွားမှာပါ။ ဇန်နဝါရီမှာ ဆီးဂိမ်းအတွက် ကစားသမားတွေကို အပြီးသတ်ရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်ပေးသွားမှာပါ" ဟု အရှေ့တောင်အာရှ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က ပြောကြားသည်။

ပထမနေ့အုပ်စုပတ်လည်ပွဲစဉ်တွင် အမျိုးသား အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများ၊ အမျိုးသားတစ်ဦးချင်းအပျော်တမ်းနှင့် လူသစ်တန်းပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

ယင်းပြိုင်ပွဲတွင် အလွတ်တန်းအမျိုးသား အမျိုးသမီးအပျော်တမ်း၊ လူသစ်တန်းပြိုင်ပွဲများ၌ အားကစားသမား ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**

## မန္တလေးကျုံးတစ်ပတ်အပြေးပြိုင်ပွဲ အပြေးသမား ၂၅၉ ဦးပါဝင်ယှဉ်ပြိုင်

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ဒီဇင်ဘာ အားကစားလှုပ်ရှားမှုအထိမ်းအမှတ် ကျုံးတစ်ပတ်အပြေးပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၆ နာရီက မန္တလေးမြို့ ဗထူးအားကစားကွင်းအထူးတန်းရှေ့ စုရပ်နေရာ၌




ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်၍ ပြိုင်ပွဲကို တာလွှတ်ပေးပြီး ဆုရအပြေးသမားများအား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကျုံးပတ်အပြေးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ အား/ကာသိပ္ပံ၊ ပညာရေးကောလိပ်၊ အခြေခံပညာနှင့် ကိုယ်ပိုင်ကျောင်းတို့မှ အပြေးသမားများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသား သင်တန်းသူများစုစုပေါင်း ၂၅၉ ဦးတို့ ပါဝင်ကာ သတ်မှတ်စုရပ်၌ နေရာယူကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြိုင်ပွဲဝင်အားကစားမောင်မယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးပြီး ကျုံးပတ်အပြေးပြိုင်ပွဲကို ဝန်ကြီးချုပ်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက်သည်နှင့် တစ်ပြိုင်တည်း ပြိုင်ပွဲဝင်အပြေးသမားတို့သည် စုရပ်မှ စတင်၍ ၂၆ လမ်း ကျုံးတောင်ဘက်လမ်းသို့၊ ထိုမှ ကျုံးအနောက်ဘက်လမ်း ၈၀၊ ကျုံးမြောက်ဘက် ၁၂ လမ်း၊ ထိုမှ ကျုံးအရှေ့ဘက် ၆၆ လမ်းအတိုင်း ကျုံးတောင်ဘက် ၂၆ လမ်းမှ တာထွက်စုရပ် ဗထူးကွင်းသို့ ကျုံးတစ်ပတ်ပြေးကာ ပန်းဝင်ယှဉ်ပြိုင်ခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များက တစ်ခဲနက်အားပေးခဲ့ကြသည်။ ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကို ဗထူးကွင်း၌ကျင်းပရာ အမျိုးသားပြိုင်ပွဲမှ နှစ်သိမ့်ဆုရရှိသူ ၁၀ ဦး၊ ဒသမမှ ဆဋ္ဌမရရှိကြသူများ၊ ပဉ္စမဆုရ ဇာနည်ထွေး (အား/ကာသိပ္ပံ)၊ စတုတ္ထဆုရ မျိုးမင်းသိန်း(မြစ်ငယ်)၊ တတိယဆုရ ကိုကိုနိုင်(ပြင်ဦးလွင်)၊ ဒုတိယဆုရ မူးဒွေး(အား/ကာသိပ္ပံ)နှင့် ပထမဆုရ သန်းစိုး(မိတ္ထီလာ)တို့ကို အား/ကာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူးဦးမျိုးမြင့်အောင်၊ တိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ်ကော်မတီအတွင်းရေးမှူး ဦးခင်မောင်လွင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ရွှေတို့က ဆုငွေများချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသမီးပြိုင်ပွဲတွင် ဒသမမှ ဆဋ္ဌမဆုရအပြေးသမားတို့ကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန် ကြားရေးမှူး ဦးဝေဇင်က ဆုငွေများ ချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသမီးပြိုင်ပွဲတွင် အား/ကာ သိပ္ပံမှ ပဉ္စမဆုရ မိုးစန္ဒာ၊ စတုတ္ထဆုရ အိအိအောင်၊ တတိယဆုရ မေဇွန်ကျော်၊ ဒုတိယဆုရ အိဇင်မာနှင့် ပထမဆုရ အေးအေးအောင်(အောင်မြေသာစံမြို့နယ်)တို့ကို ငွေသားဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**


ဆရာအာသာ ၏သင်ကြားမှု(၂၅)နှစ်ပြည့်(1991-2016)အထိမ်းအမှတ် အထူးအစီအစဉ်
SUCCESS Language Academy
ကျောင်းသားသစ် (15% Discount) နှင့်
ကျောင်းသားဟောင်း (ပုံမှန် Discount + 15%)

(မြို့လယ်ကျောင်း)
အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 392048,256954,202046

BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 2 Jan
1 - 4:00 (Sat + Sun) 8 Jan
7:30 - 9 (Mon ~ Thurs) 9 Jan
9 - 12:00 (Sat + Sun) 21 Jan

BASIC FOUR SKILLS ENGLISH
12 - 3:00 (Sat + Sun) 31 Dec
7:30-10:30 (Sat + Sun) 14 Jan
7:30 - 9 (Mon ~ Thurs) 16 Jan
10-11:30 (Mon ~ Thurs) 16 Jan
1 - 2:30 (Mon ~ Thurs) 16 Jan
3:30 - 5 (Mon ~ Thurs) 23 Jan
1 - 4:00 (Sat + Sun) 28 Jan

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon ~ Thurs) 2 Jan
1 - 2:30 (Mon ~ Thurs) 9 Jan
9:30-12:30 (Sat + Sun) 14 Jan
10-11:30 (Mon ~ Thurs) 16 Jan

INTERMEDIATE (ACADEMIC ENGLISH)
9:30-12:30 (Sat + Sun) 31 Dec
3:30 - 5 (Mon ~ Thurs) 9 Jan
7:30 - 9 (Mon ~ Thurs) 23 Jan

BASIC WRITING
9 - 12:00 (Sat + Sun) 14 Jan

VOCAB ENRICHMENT
9 - 12:00 (Sat + Sun) 31 Dec
3:30 - 5 (Mon ~ Thurs) 2 Jan

BASIC GRAMMAR
1 - 2:30 (Mon ~ Thurs) 9 Jan
9 - 12:00 (Sat + Sun) 22 Jan

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
6 - 7:30 (Mon~Thurs) 9 Jan
10-11:30 (Mon~Thurs) 16,23 Jan
3:30 - 5 (Mon~Thurs) 30 Jan
7:30-10:30 (Sat + Sun) 5 Feb

BASIC FOUR SKILLS ENGLISH
4:30-7:30 (Sat + Sun) 7 Jan
1 - 2:30 (Mon~Thurs) 9,23 Jan
6 - 7:30 (Mon~Thurs) 9 Jan
7:30 - 9 (Mon~Thurs) 16 Jan
3:30 - 5 (Mon~Thurs) 16 Jan

IELTS (Preparation)
7:30-9:30 (Mon~Thurs) 23 Jan

IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 23 Jan

IELTS (Reading + Vocab)
10-12:00 (Mon~Thurs) 30 Jan

BASIC GRAMMAR
1 - 2:30 (Mon~Thurs) 9 Jan
7:30-10:30 (Sat + Sun) 29 Jan

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon~Thurs) 9 Jan
3:30 - 5 (Mon~Thurs) 16 Jan
12 - 3:00 (Sat + Sun) 28 Jan

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 16 Jan

IELTS (Preparation)
4:30-7:30 (Sat + Sun) 7 Jan

IELTS (Writing+Grammar)
12:30-3:30 (Sat + Sun) 28 Jan

IELTS (Grammar + Vocab)
10-11:30 (Mon~Thurs) 26 Dec

IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 23 Jan





## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးကျော်မိုးဃ်း (Digital Video Camera Service)-ဒေါ်တင်မြင့်ကြည်တို့၏သားကြီး

**မောင်သက်ကျော်ဇင်(ခ)သူရဇ္ဇ**
**LL.B (သရုပ်ဆောင်)**

နှင့်

ရန်ကုန်မြို့နေ
ဦးကျော်ကျော်(တြိဗေဒဂျာနယ်)-ဒေါ်ကြည်ကြည်ဝင်း(စက်မှုဝန်ကြီးဌာန)တို့၏သမီးကြီး

**မသီရိဝင်း**
**B.A(Myanmar)**

တို့၏ ၂၉-၁၂-၂၀၁၆ရက်တွင် Central Hotel တွင်ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာ ဆင်မြန်းပေးပါသော EROS Wedding Dress၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော Trade Wind Co.,Ltd. မှ Director ဦးကျော်ဇေယျသိန်းနှင့်ဇနီးဒေါ်သိန်းသိန်းဝင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ရုပ်ရှင်နှင့်ဗီဒီယို ဒါရိုက်တာ မိုးဇော်ကိုနှင့် ဇနီးမကေသွယ်၊ မင်္ဂလာပန်းကြဲအဖြစ်ဆောင်ရွက်ပေးပါသော သရုပ်ဆောင်Model ဆုလှဲ့နိုင်နှင့် လမင်းစန္ဒာ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော သရုပ်ဆောင် Model သျှားမေညို၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော သရုပ်ဆောင် Model ဆုစန္ဒီဦး၊ မင်္ဂလာသတို့သားအရံ ရုပ်ရှင်နှင့်ဗီဒီယို သရုပ်ဆောင်ဇေယျာထက်နိုင်၊ ဒေါက်တာပြေစိုးအောင်၊ မင်္ဂလာသတို့သမီးအရံ သရုပ်ဆောင် Model ပန်းသော်တာ၊ ဒေါက်တာယမင်းစန္ဒီစိန့်၊ မင်္ဂလာပန်းကြဲဗန်းကိုင်၊ ကလပ်ကိုင်၊ သတို့သား-သတို့သမီးအရံအဝတ်အစားများကို စီစဉ်ပေးပါသော Designer ရှိုင်းသူရ၊ မိတ်ကပ်နှင့်ဆံပင်ပြင်ဆင်ပေးပါသော မြတ်လေးခိုင်၊ မင်္ဂလာ Video နှင့် ဓာတ်ပုံမှတ်တမ်းတင်ပေးပါသော မိုးထက်ယံလင်း Media Group၊ သားဇော်(EROS)၊ ကိုအောင် (အင်းစိန်)၊ ယက်သဲညို (ကိုစိုးဝင်း)၊ မင်္ဂလာပန်းအလှဆင်ပေးပါသော ထာဝရ (Floral Service) Central Hotel မှ Hotel Manager နှင့် ဝန်ထမ်းများအားလုံး၊ Wedding Planner များဖြစ်သော အဘွားဒေါ်မြင့်မြင့်စိန် (U.S.A)နှင့် သရုပ်ဆောင်ကျော်ရဲကြည်၊ စားသောက်ဖွယ်ရာတာဝန်ယူ စီစဉ်ပေးပါသော ဦးအောင်မျိုးမင်းမိသားစု၊ ဦးမောင်ရွှေနှင့်ဇနီးဒေါ်တင်တင်ထွေး၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ပြည်တွင်းပြည်ပမှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သက်ကျော်ဇင်-မသီရိဝင်း**

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၄၉)

# အမှုတွေကြာ နည်းလမ်းရှာ



—— ဦးဟန်ညွန့်(ဥပဒေ) ——

**အမှုတွေကြာ**

"သက်သေမလာလို့ အမှုတွေကြာတာရှိတယ်။ တခြားအကြောင်းတွေရော အများကြီးရှိသေးတယ်။ ဘယ်လိုနည်းလမ်းတွေ ရှာကြမှာလဲ" ဟု မိတ်ဆွေတစ်ဦးက မေးပြန်ပါသည်။ တရားစီရင်ရေးမှာ တွေ့ကြုံရတဲ့အခက်အခဲ ပြဿနာတွေရှိစမြဲပါ။ စိတ်ကောင်း စေတနာကောင်းနဲ့ ပြုပြင်ကြမယ်။ ဖြေရှင်းကြမယ်။ နည်းလမ်းတွေရှာကြမယ်ဆိုရင်ပြေလည်တန်သရွေ့ပြေလည်မှာပါ။ တာဝန်ရှိသူတွေ စုပေါင်းတာဝန်ယူကြဖို့ အဓိက ဖြစ်သည်ဟု ယုံကြည်မိသည်။

**အမှုမှန်ကန်မြန်ဆန်စေရေး**

Justice delayed, Justice denied (တရားစီရင်မှု နှောင့်နှေးခြင်းသည် တရားမျှတမှုကို ငြင်းပယ်ရာရောက်သည်)ဟု ဥပဒေဆိုရိုးရှိသည်။ အမှုများ မြန်မြန်ဆန်ဆန် မစစ်ဆေးနိုင်လျှင် အမှန်တရားသွေဖီမည်။ အချိန်ကုန်သည်။ လူပန်းသည်။ တရားရုံးအပေါ် ပြည်သူမယုံကြည်။

**အကဲဖြတ်ပေးပါ**

-ထူးကဲကောင်းမွန်သည်။

-ကောင်းသည်။

-ကျေနပ်စရာကောင်းသည်။

-ညံ့သည်။

အထက်ပါအချက်လေးချက်ကို သင်အကဲဖြတ်ပေးပါ။ ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ရဲ့လား။ တစ်နိုင်ငံလုံးရှိ တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းကို သုံးနှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၁၇) ပြီးဆုံးချိန်တွင် ပြစ်မှုရော၊ တရားမမှုပါ ၁၀၀ ရာခိုင်နှုန်းအထိ ပြီးပြတ်စေရန် ရည်မှန်းထား၍ လိုအပ်သောညွှန်ကြားမှု၊ ပြင်ဆင်မှုများ ဘက်ပေါင်းစုံမှ ချမှတ်ဆောင်ရွက်နေသည်။ သင် အကဲဖြတ်ပါ။

**[တရားရေးဂျာနယ်၊ အတွဲ-၃ ၊ အမှတ်-၅ ၊ ၂၀၁၆ ၊စာ-၁၃၆ ]**

**ရုံးချိန်းအကြိမ်ကြိမ် ရွှေ့ဆိုင်းခြင်း**

တရားရုံးက ရုံးချိန်းတွေပဲ ခဏခဏပေးနေသည်။ သက်သေမလာ၍၊ ရှေ့နေမလာ၍၊ တရားသူကြီးအစည်းအဝေးတက်နေ၍ ၊ သက်သေခံစာရွက်စာတမ်းတွေ မစုံလင်သေး၍ ၊ ဘာ့ကြောင့်ညာ့ကြောင့်၊ အကြောင်းပြချက်တွေ စုံလင်လှပေသည်။ အချုပ်တရားခံများခမျာ ချိန်းပေဦးတော့ တစ်ပတ်စာ။ နှုတ်ပိတ်နေကြမည်လား ခင်ဗျာ။ နည်းလမ်းအဖြာဖြာ ရှာပေးကြပါ။

**အမှုစဉ်ဆက်မပြတ်စစ်ဆေးခြင်း**

အပြီးသတ် ကြိုတင်ဆွေးနွေးညှိနှိုင်းခြင်း၊ အချိန်ဇယားသတ်မှတ်ချက်အတိုင်း အမှုကိုစဉ်ဆက်မပြတ် စစ်ဆေးခြင်းနည်းလမ်းများလည်း ဆောင်ရွက်နေချိန်၊ ပူပေါင်းဆောင်ရွက်မှုများဖြင့် ပြည်သူတို့ အားရကျေနပ်ကြပါစေ။ ထင်သာမြင်သာရှိကြပါစေ။ တာဝန်မပျက်ယွင်းကြပါစေနှင့်။ စာအုပ်ကြီးများထဲမှာသာ အိပ်မပျော်စေနှင့်။

**အရေးပါသော သက်သေခံချက်**

မူးယစ်ဆေးဝါးအမှုတွင် တရားခံ၏ ဆီးစစ်ဆေးချက်၊ လူသတ်မှုတွင် ဆေးစာနှင့် ဓာတုဗေဒဝန် ပြန်ကြားချက်၊ သက်သေခံ လက်နက်တွင် သွေးတွေ့မတွေ့၊ အဝတ်အစားတွင် သုတ်နှင့်သုတ်ပိုးရည်တွေ့မတွေ့ စသည့် အရေးပါသော သက်သေခံချက်များမှာ တရားရုံးအတွက် လိုအပ်စမြဲပါ။ ဥပဒေလောကသားတိုင်း သိပြီးသား၊ နားလည်ပြီးသား အကြောင်းအရာများသာပါ။ သိပြီးသား၊ နားလည်ပြီးသား အကြောင်းအရာများကို ဘာကြောင့် မပြည့်မစုံ ဖြစ်ရပါသလဲ။ တရားသူကြီးများ၏ နေ့စဉ်အလုပ်တာဝန်တွေဖြစ်သည်။ ထပ်မံရှင်းပြစရာ၊ သွန်သင်စရာတွေ မဟုတ်တော့ပြီ။ သို့သော်ငြား----။ ယနေ့တိုင် မစုံမလင်၊ မပြီးမပြတ်၊ ဟိုလိုလို၊ ဒီလိုလို၊ မရေမရာ၊ မသေမချာ။ ချိန်းလိုက်ပေဦးရော့ တစ်ပတ်စာ။ သင်ခန်းစာယူစရာ---။ ဘယ်နေရာမှာ အားနည်းနေပါသလဲ။

**သက်သေများ မကျေနပ်**

တရားရုံးသို့ ရောက်ပြီးသောသက်သေ။ အဆင်သင့်ဖြစ်နေသော သက်သေ။ ရပ်ဝေးကလာရသော သက်သေ။ ရထားချိန်၊ သင်္ဘောချိန်၊ ကားချိန် အချိန်မီ ပြန်ရမည့်သက်သေ။ အရေးကြီးသော မျက်မြင်သက်သေ။ ဤလိုသက်သေမျိုးမှာ တရားရုံးသို့ ရောက်ပြီးဖြစ်ပါလျက် တရားသူကြီး၏ အစည်းအဝေးရှိ၍ (တစ်စုံတစ်ခုအကြောင်းပြ၍) မစစ်ဖြစ်။ ပြန်လွှတ်မည်လား။ တရားသူကြီး၏ အမိန့်ကြောင့် ရွာပြန်ရမည်။ နောက်တစ်ခေါက်ထပ်ပြီး လာရမည်။ သက်သေများ မကျေနပ်။ စိတ်ပျက်တတ်သည်။ ဤအကြောင်းတွေ တရားသူကြီးတွေ သိပြီးသားတွေပါ။ ဘာလုပ်ကြမည်လဲ။ ကိုယ်ချင်စာတရား မည်သို့ပွားမည်လဲ။

**တရားရုံးများ လက်စွဲ**

-ခိုင်မာသောအကြောင်း ယုတ္တိမရှိဘဲ တရားလိုပြသက်သေများကမစစ်ဆေးဘဲ ပြန်လွှတ်ခြင်းသည် လျော်ကန်သည်မဟုတ်ချေ။ **(တရားရုံးများ လက်စွဲ အပိုဒ် ၄၆၁)**

-တရားခံများ မစုံလင်သေးသည့် ကျန်တရားခံများ ဖမ်းဆီးရမိအောင် စောင့်ဆိုင်းရန်လိုသည်ဟု ထင်မြင်ယူဆလျှင် ကာလအနည်းငယ်မျှ ရွှေ့ဆိုင်းနိုင်ပါသည်။ **(တရားရုံးများလက်စွဲ အပိုဒ် ၄၆၂)**

-တရားခံတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော တရားခံများကို နှစ်ရုံးထက်ပိုသော ရုံးများမှစီရင်ရသည့်အခါ အမှုများ နှောင့်နှေးကြန့်ကြာမှုမရှိစေရန် နှင့် တရားရုံးများက မိမိတို့အစီအစဉ်ကို တစ်ရုံးနှင့်တစ်ရုံးသိရှိနိုင်အောင် ပြောကြားခြင်း၊ ဆက်သွယ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး သက်သာလွယ်ကူမှုရရှိစေရန် အမှုများပြီးပြတ်အောင်ဆောင်ရွက်ရန် တတ်နိုင်သမျှ အားထုတ်ကြရပါမည်။

**(တရားရုံးများ လက်စွဲအပိုဒ် ၄၆၃)**

-တရားလိုပြသက်သေများ သို့တည်းမဟုတ် တရားခံများ သက်သေများအားလုံး စုံလင်အောင် မလာရောက်သည့်အတွက် အမှုကို ရွှေ့ဆိုင်းထားသည့် အလေ့အထ မရှိစေရန် တားမြစ်သည်။ **[တရားရုံးများလက်စွဲ အပိုဒ် ၄၆၄၊ ၆၀၈]**

-သာမန်အားဖြင့် ရှေ့နေမလာ၍ အမှုရွှေ့ဆိုင်းခြင်းမပြုရပါ။ အမှုကိုကြားနာစစ်ဆေးမည့်နေ့၌ ရှေ့နေက ရုတ်တရက် နာမကျန်းဖြစ်လာ၍ တရားရုံးသို့ လာရောက်ရန်သော်လည်းကောင်း၊ တရားရုံးတွင်ရှိနေရန်သော်လည်းကောင်း၊ မစွမ်းနိုင်မှသာလျှင် ထိုသို့ရွှေ့ဆိုင်းခြင်းကို သာမန်အားဖြင့် ပြုလုပ်ရပါမည်။ **[တရားရုံးများ လက်စွဲ အပိုဒ်၊ ၄၆၅ ]**

-အမှုကို ရွှေ့ဆိုင်းသည့်နေ့တွင် စစ်ဆေးခြင်းမပြုနိုင်လျှင် နောက်နေ့တွင် စစ်ဆေးနိုင်စေရန် တတ်နိုင်သမျှ အားထုတ်ရမည်။ အမှုကို ၁၅ ရက်ထက် ကျော်လွန်၍ ရွှေ့ဆိုင်းရန်မသင့်ပါ။ အထူးအကြောင်းရှိမှသာလျှင် ၁၅ ရက်ထက်ပို၍ ရွှေ့ဆိုင်းနိုင်ပါသည်။ **[တရားရုံးများလက်စွဲ အပိုဒ် ၄၆၇၊ ၇၀၁]**

-လာရောက်သော သက်သေတို့ကို စစ်ဆေးခြင်းမပြုဘဲ အမှုကို တစ်ကြိမ်ရွှေ့ဆိုင်းပြီးဖြစ်ခဲ့လျှင် အမှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသော နောက်နေ့၌ ယင်းအမှုကို အခြားအမှုများ အလျှင် ဦးစားပေး၍ စစ်ဆေးရမည်။ **[တရားရုံးများလက်စွဲအပိုဒ်၊ ၄၆၈]**

-တရားမမှုစွဲဆိုထားသည်ကို အကြောင်းပြ၍ ရာဇဝတ်မှုကို ရပ်ဆိုင်းပေးရန် လျှောက်ထားသည့်အမှုတွင် တရားမမှုနှင့် ရာဇဝတ်မှုတွင် ပါဝင်ကြသော အမှုသည်များသည် ထပ်တူဟုတ်၊ မဟုတ်။ အမှုဖြစ်အကြောင်းခြင်းရာများ ထပ်တူဟုတ်၊ မဟုတ်။ တရားမမှု၏ တွေ့ရှိချက်သည် ရာဇဝတ်မှုကို အပြီးအပြတ်ဖြစ်စေမည် ဟုတ်မဟုတ် စသည်တို့ကို စဉ်းစားရပေမည်။

**[၁၉၆၀၊ မြန်မာနိုင်ငံစီရင်ထုံး၊ တရားလွှတ်တော်၊ စာမျက်နှာ ၇၈ ]**

> **သာမန်အားဖြင့် ရှေ့နေမလာ၍ အမှုရွှေ့ဆိုင်းခြင်းမပြုရပါ။ အမှုကိုကြားနာစစ်ဆေးမည့်နေ့၌ ရှေ့နေကရုတ်တရက် နာမကျန်းဖြစ်လာ၍ တရားရုံးသို့ လာရောက်ရန်သော်လည်းကောင်း၊ တရားရုံးတွင်ရှိနေရန်သော်လည်းကောင်း၊ မစွမ်းနိုင်မှသာလျှင် ထိုသို့ရွှေ့ဆိုင်းခြင်းကို သာမန်အားဖြင့်ပြုလုပ်**

-အမှုသည်နှစ်ဦးတို့သည် တရားမမှုနှင့် ပြစ်မှုများတစ်ဦးအပေါ်တစ်ဦး အပြန်အလှန်စွဲဆိုထားရုံမျှဖြင့် တရားမမှုဆုံးဖြတ်ပြီးသည်အထိ ပြစ်မှုဆိုင်ရာအမှုကို ဆိုင်းငံ့ထားသင့်၊ မသင့်စဉ်းစားရာ၌ အမှုသည်များ တူရုံမျှဖြင့်သော်လည်းကောင်း၊ အမှုအချင်းဖြစ်အကြောင်းအရာ တူရုံမျှဖြင့်သော်လည်းကောင်း ပြစ်မှုဆိုင်ရာအမှုကို ဆိုင်းငံ့ထားရန်မသင့်ပေ။ ယင်းအမှုကို စစ်ဆေးရာတွင် တစ်မျိုးစီခွဲခြား၍ စစ်ဆေးရန် လို၊ မလို စိစစ်ရပေမည်။ **[ဗဟိုတရားရုံး၊ ၁၉၇၆၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ်-၄ ]**

အမှုတွေကြာ နည်းလမ်းရှာကြပါစို့။

**စေတနာ**


(၁) အမှုများ စစ်ဆေးရာတွင် အမှုမှန်ကန်မြန်ဆန်ရေးမှာ ကျွန်တော်၏ စေတနာဖြစ်ပါသည်။
(၂) ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ကြပါပြီလား။ အကဲဖြတ်ပေးကြပါ။ ပြည်သူများအသိပါခင်ဗျား။
(၃) "ညံ့သည်" ဟုတော့ အကဲမဖြတ်လိုပါ။
(၄) "ထူးကဲကောင်းမွန်သည်" ဟု ထူးထူးကဲကဲ မပြောရဲသေးသော်လည်း "ကျေနပ်စရာ ကောင်းသည်" ဟုတော့ အကဲဖြတ်ချင်သော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ-----။

# လိမ္မာယဉ်ကျေး ငြိမ်းချမ်းရေး ကလေး/လူငယ် တရားစခန်းပွဲကျင်းပ

**နတ်မောက် ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးရွာ+ကန်စွယ်ရွာ အောင်ပြည်ငြိမ်းချမ်း ကျွဲတဲကျောင်းတိုက် သဒ္ဓမ္မပီတိသဒ္ဓိသုခအသင်းကြီးမှကြီးမှူး၍ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူလျက် ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်) ရွှေကျင်တိုက်သစ်တိုက်အုပ် ဆရာတော် အရှင်သီရိကဥ္စနာဘိဝံသ (သမဏောအာဇာနည်)ဦးဆောင်၍ ဒုတိယအကြိမ် လိမ္မာယဉ်ကျေးငြိမ်းချမ်းရေး ကလေး၊ လူငယ်တရားစခန်းပွဲကို ပတ်ဝန်းကျင်ကျေးရွာ ၁၆ ရွာက တတိယတန်းမှ နဝမတန်းအထိ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၁၀၃၂ ဦးတို့ကို ၁၃၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁၊ ၁၂၊ ၁၃ ရက်တို့တွင် သုံးရက်ကြာ ညအိပ်တရားစခန်းကျင်းပခဲ့ကြောင်း သိရသည်။

**အောင်သန်းထွန်း(နတ်မောက်)**



# မွန်ပြည်နယ်အတွင်း ပဲမျိုးစုံဈေးများကျဆင်း

**မော်လမြိုင် ဒီဇင်ဘာ ၂၉**

ယခုနှစ် မွန်ပြည်နယ် ပဲဈေးကွက်သည် ပြည်ပဝယ်လိုအား နည်းပါးမှုကြောင့် ပဲစုံဈေးနှုန်းများကျဆင်းကာ အရောင်းအဝယ်နည်းပါးလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော မတ်ပဲအမျိုးအစားများမှာ ယခင်နှစ်က တစ်တင်းလျှင်ငွေကျပ် ၉၀၀၀၀ ကျော်အထိရှိပြီး ယခုနှစ်တွင် တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ ကျော်အထိသာ ပေါက်ဈေးရှိကြောင်း သိရသည်။

ယခင်နှစ်က ပြည်ပနိုင်ငံများတွင် ရာသီဥတု မကောင်းသောကြောင့် ပဲအထွက်နှုန်း နည်းပါး၍ မြန်မာပြည်တွင် ပဲမျိုးစုံကို ဝယ်ယူမှုများပြားခဲ့သဖြင့် ပဲဈေးနှုန်းများ မှာလည်း မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ပဲကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ထို့အပြင် မွန်ပြည်နယ်အတွင်းရှိ ပဲစိုက်တောင်သူများလည်း ယခင်နှစ်က ပဲဈေးကွက် ကောင်းမွန်သည့်အခါ ယခုနှစ်တွင် ပဲစိုက်ပျိုးဧက ပိုမိုများပြားခဲ့သဖြင့် ပဲဈေးနှုန်းကျဆင်းသည့်အခါ ပဲစိုက်တောင်သူများ အခက်တွေ့လျက်ရှိကြောင်း ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

မွန်ပြည်နယ်တွင် မော်လမြိုင်၊ မုဒုံ၊ ကျိုက်မရော၊ ချောင်းဆုံ၊ ကျိုက်ထိုနှင့် သထုံမြို့နယ်များ၌ ပဲမျိုးစုံစိုက်ပျိုးလျက်ရှိပြီး မတ်ပဲ၊ ပဲတီရွှေဝါ၊ ပဲတီစိမ်း၊ ပဲလွတ်ဖြူတို့ကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း ပြည်နယ်ပဲအရောင်းအဝယ်လုပ်ကိုင်သူတစ်ဦးထံမှ သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ထူးချွန်ဆရာကိုးဦးအား ဗဟိုအဆင့်ဆုများချီးမြှင့်




**ရန်ကုန် ဒီဇင်ဘာ ၂၉**

တတိယအကြိမ် ပညာတန်ဆောင်နှင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်ချီးမြှင့်သည့် ထူးချွန်ဆရာဆုဗဟိုအဆင့် ဆုနှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက “နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ပညာရေးဟာအရေးကြီးပါတယ်။ ဒီလိုအရေးကြီးတဲ့ ပညာရေးမှာ ထူးချွန်ထက်မြက်တဲ့ လူငယ်တွေကို မွေးထုတ်ရာမှာ ထူးချွန်တဲ့ဆရာ ဆရာမတွေဟာလည်း မရှိမဖြစ်လိုအပ်ပါတယ်” ဟု ပြောသည်။

ထို့အတူ ထူးချွန်ဆရာဆုရွေးချယ်ချီးမြှင့်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာသန်းဦးကလည်း “ကျွန်တော်တို့နိုင်ငံမှာ လူရည်ချွန်တွေမွေးထုတ်သလို ဆရာထူးချွန်တွေလည်း ရှိဖို့လိုပါတယ်။ လူရည်ချွန်တစ်ကြိမ်ရပြီးတဲ့ သူဟာ အမြဲတမ်းလူရည်ချွန်ပါပဲ။ ထို့အတူ ဆရာထူးချွန် တစ်ကြိမ်ရဖူးတဲ့သူဟာ အမြဲတမ်း ဆရာထူးချွန်လို့ သတ်မှတ်ယူဆရမှာဖြစ်ပါတယ်” ဟု ပြောသည်။

တစ်ဖန် ထူးချွန်ဆရာဆုအလှူရှင် တော်ဝင်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေးကလည်း “ထူးချွန်ဆရာချီးမြှင့်ပွဲကို ၂၀၁၄ ခုနှစ်ကတည်းက ပြုလုပ်ပေးခဲ့ရာမှ ယခုနှစ်ဆိုရင် တတိယအကြိမ်ရှိပါပြီ။ ငါးနှစ်အထိ ဆရာထူးချွန်ဆုကိုပေးဖို့ တာဝန်ယူထားပါတယ်။ နိုင်ငံတော်က တာဝန်ယူ ဆောင်ရွက်ပေးရင်တော့ ပိုကောင်းပါတယ်။ သို့ပေမယ့်လည်း နိုင်ငံတော်က တာဝန်ယူဆောင်ရွက်ခြင်း မရှိသေးသရွေ့ အလှူရှင်အဖြစ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်” ဟု ပြောကြားသည်။

အဆိုပါဗဟိုအဆင့် ဆရာထူးချွန်ဆုပေးပွဲတွင် အထက်တန်းပြထူးချွန်ဆရာများအဖြစ်ပထမဆုကို စစ်ကိုင်းတိုင်းဒေသကြီး အထက (၂) မြင်းမူမှ ဆရာမ ဒေါ်မာမာအေး၊ ဒုတိယဆုကို ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း အထက-ရွှာပေါင်း ပေါင်းတည်မြို့မှ ဆရာဦးဝေဖြိုးအောင်နှင့် တတိယဆုကို ရန်ကုန်မြို့ အထက(၇) အလုံမှ ဆရာမ ဒေါ်ဆုဝေလင်းတို့က ဆုများအသီးသီး ဆွတ်ခူးသွားခဲ့သည်။

ထို့အတူ အလယ်တန်းပြထူးချွန်ဆရာများအဖြစ် ရှမ်းပြည်နယ်တောင်ပိုင်း အထက(၅)အောင်ပန်းမှ ဆရာမ ဒေါ်မြတ်မြတ်မိုး၊ ဒုတိယဆုကို တပ်ကုန်းမြို့ ထ(ခွဲ) ဗိုလ်မင်းရောင်မှ ဆရာမဒေါ်တာတာအောင်နှင့် တတိယဆုကို ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း နတ်တလင်းမြို့ အမက - လက်ပံပင်မှ ဆရာဦးသန်းထွဋ်တို့က အသီးသီးဆွတ်ခူးခဲ့ကြသည်။

တစ်ဖန် မူလတန်းထူးချွန်ဆရာများအဖြစ် ပထမဆုကို စစ်ကိုင်းတိုင်းဒေသကြီး အထက (၃) စစ်ကိုင်းမှဆရာမ ဒေါ်ရီဆွေအောင်၊ ဒုတိယဆုကို ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ အထက(ဆန်ဆိုင်း)မှ ဒေါ်ခင်ဘုန်းမင်းနှင့် တတိယဆုကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အထက (တက္ကသိုလ်)မှ ဒေါ်ခိုင်စုစုထွန်းတို့က အသီးသီးဆုများဆွတ်ခူးခဲ့ကြသည်။

အဆိုပါဆုရ ဆရာ ဆရာမကိုးဦးအား ဆုတံဆိပ်များနှင့်အတူ ပထမဆုငွေကျပ်သိန်း ၄၀၊ ဒုတိယဆုငွေကျပ်သိန်း ၂၀ နှင့် တတိယဆုအတွက် ငွေကျပ် ၁၀ သိန်းချီးမြှင့်ပေးသည့်အပြင် ဗဟိုအဆင့်တက်ရောက်လာသူ ဆရာ ဆရာမ ၄၅ ဦးကိုလည်း ထူးချွန်ဆရာဆုအသိအမှတ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ ၂၀၁၆ ခုနှစ် (၅၉)ကြိမ်မြောက် ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က အေးသာယာဂေါက်ကလပ်၌ ကျင်းပကြောင်း သိရသည်။

ပြိုင်ပွဲဝင် အားကစားသမားများအားလုံး ကမ္ဘောဇတံခွန်စိုက်ဖလားကြီးကို ဆွတ်ခူးနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်ကြရန် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်၊ ကမ္ဘောဇကုမ္ပဏီလီမိတက် ဦးခင်အောင်တို့က ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများအား ပြည်နယ်ဝန်ကြီးချုပ်က လိုက်လံနှုတ်ဆက်၍ ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြပြီး (၅၉)ကြိမ်မြောက် ကမ္ဘောဇတံခွန်စိုက်ဖလားကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကျေးရွာချင်းဆက်လမ်း မြေသားလမ်းသစ်ဖောက်လုပ်

**ကျောက်ထု ဒီဇင်ဘာ ၂၉**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသတွင် ကျောက်မ- သရက်ချဉ်- နွားသိုးကျေးရွာချင်းဆက်လမ်းကို လမ်းအရှည် ၃ မိုင်ခွဲ၊ လမ်းအကျယ် ၁၈ ပေရှိ မြေသားလမ်းအဖြစ် ဒီဇင်ဘာ ၂၆ ရက်မှစတင်ကာ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဖောက်လုပ်လျက်ရှိသည်။

ထိုသို့ဖောက်လုပ်ရာတွင် လမ်းဘေးရေနုတ်မြောင်းပါ ထည့်သွင်းဖောက်လုပ်သွားမည်ဖြစ်ပြီး ကုန်ကျစရိတ်ငွေကျပ် ၂၅ သိန်းရှိမည်ဖြစ်ကြောင်း ရပ်/ကျေးဒေသဖွံ့ဖြိုးရေးအကျိုးတော်ဆောင် ကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မြင့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းတို့၏ ပြောပြချက်အရ သိရသည်။

အဆိုပါလမ်းမှာ ယခင်က လူသွားလမ်းသာရှိခဲ့ရာမှ မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး လမ်းပြီးစီးသည့်အခါတွင် ကား၊ ဆိုင်ကယ်၊ လှည်းများဖြင့် သွားလာနိုင်မည်ဖြစ်ရာ ဒေသထွက်သီးနှံများ ဈေးကွက်သို့ အလျင်အမြန်ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကွတ်ချိုးရေပေးဝေရေးကန်မှ သောက်သုံးရေဖြန့်ဝေပေးနိုင်တော့မည်

**လွိုင်လင် ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့၏ ကျက်သရေဆောင် မြကန်သာရေကန်ဆယ်ယူခြင်း၊ ကန်ပတ်လမ်းဖောက်လုပ်ခြင်း၊ နုန်းဆယ်ယူခြင်းနှင့် ကွတ်ချိုးရေကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများအတွက် ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ရေကန်ပတ်လမ်းဖောက်လုပ်ခြင်း၊ ကန်ဆယ်ယူခြင်းနှင့် အလျားပေ ၁၂၀၀၊ အနံပေ ၁၅၀၊ အနက် ၁၀ ပေရှိ ရေဂါလန် ၂၉ သိန်းဆံ့ ကွတ်ချိုးကန် ပြန်လည်တူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်သည်။

အဆိုပါ ကွတ်ချိုးရေကန်မှ လွိုင်လင်မြို့ရပ်ကွက်(၁)အတွင်းရှိ ရုံးဌာန ၁၇ ခု၊ အခြေခံပညာ မူလတန်းကျောင်းတစ်ကျောင်းနှင့် နေအိမ်အချို့ကို တိုးချဲ့ရေပေးဝေနိုင်ရေးအတွက် ရေစုပ်စက်ရုံတည်ဆောက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၇ ရက်က မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

အဆိုပါ ရေပေးဝေနိုင်ရေးလုပ်ငန်းအတွက် ဆည်မြောင်းဦးစီးဌာနကဆောင်ရွက်ခဲ့ပြီး ကွတ်ချိုးကန်မှ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်မကုန်မီ ရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**



## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဒီဇင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ အသစ်ထွက်ရှိသော စာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၉၅။ | ကိုယ်တို့မြို့နဲ့အရေးအသားတချို့ | သားဦး | ၁၅၀၀ | ဆောင်းစုရတီစာပေ |
| ၉၆။ | လက်တွေ့အသုံးချအကြောပညာ | သမားတော်ကြီးဦးသောင်းနိုင် | ၄၅၀၀ | ဇေယျာစာပေ |
| ၉၇။ | ထင်ပေါ်ကျော်ကြား စာပေငွေကြယ်ပွင့်များ | မောင်ခေတ်ထွန်း | ၆၀၀၀ | မဇ္ဈိမစာပေ |
| ၉၈။ | ပညာရေး တွေးတတ်အောင်သင် | သန်းစိုးအောင် | ၂၀၀၀ | မောင်တို့မြန်မာပြည်စာပေ |
| ၉၉။ | ချစ်ရင်မမိုက်နဲ့ (ဘာသာရေးရသ ဝတ္ထုတိုများ) | မောင်စစ်ကိုင်း | ၁၅၀၀ | ရွှေထက် (အေးဂျင့်) |
| ၁၀၀။ | ဇီဝဓာတ်ငွေ့နည်းပညာ | ရွှေနဂါးတင်ဝင်း | ၄၀၀၀ | ရွှေနဂါးတင်ဝင်းစာပေ |
| ၁၀၁။ | လွမ်းရစ်ဝေသော နေ့များညများ ဘဝပေါင်းများစွာ | မောင်မောင်စိုး | ၃၀၀၀ | ရွှေနဒီစာပေ |
| ၁၀၂။ | ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အကျဉ်းအတည်း | ဒေါက်တာရန်မျိုးသိမ်း | ၁၀၀၀ | ရွှေနန်းမှန်ကူစာပေ |
| ၁၀၃။ | STYLISTIC TRANSFORMATION for matriculation students | SAYA U KYAW MOE (Natmauk) | ၃၀၀၀ | ရွှေပညာစာပေ |
| ၁၀၄။ | လမင်းရင်ထဲက အမြုတေရတနာများ | ကလောင်စုံ | ၁၂၀၀ | ရွှေပေစာအုပ်တိုက် |
| ၁၀၅။ | English Grammar Practice | ဆရာ စိုင်းအောင်ဝင်း | ၆၀၀၀ | လောကသစ်စာပေ |
| ၁၀၆။ | သြဇာကြီးမား စာရေးဆရာများ | ဒီနိုဗို (မြန်မာပြန်) | ၂၅၀၀ | နှင်းဆီဖြူစာပေ |
| ၁၀၇။ | အက်ရာများ | ကိုထက်-ရေဦး | ၂၀၀၀ | နှစ်ကာလများစာပေ |
| ၁၀၈။ | လန်ဇာရိုတီ | မိုးသက်ဟန် (မြန်မာပြန်) | ၂၀၀၀ | နှစ်ကာလများစာပေ |
| ၁၀၉။ | ရင်မှာသိုဝှက်...အလွမ်းရက်များ | ဆွေဇင်မင်း | ၂၀၀၀ | ငါတို့စာပေ |
| ၁၁၀။ | ဖျောက် | ဟိန်းဆက်သွင် | ၁၅၀၀ | ငါတို့စာပေ |
| ၁၁၁။ | ပဲခူးဟောင်းပုံရိပ် | မောင်ယဉ်လှိုင်း | ၃၀၀၀ | ရန်အောင်စာပေ (၁) |
| ၁၁၂။ | ၂၁ ရာစု ပင်လုံညီလာခံမှသည် တန်းတူရည်တူ ပြည်ထောင်စုမှသို့ | Dr.အောင်တင်ဦး | ၂၀၀၀ | ယဉ်မျိုး |
| ၁၁၃။ | လက်လီရောင်းချခြင်းဆိုင်ရာနည်းလမ်းများ | ဂျာကြီး | ၁၇၀၀ | စိတ်ကူးချိုချို |
| ၁၁၄။ | ပြောရမှာပေါ့ မခင်ကျော့ရယ် | သော်တာဆွေ | ၅၅၀၀ | စိတ်ကူးချိုချို |
| ၁၁၅။ | အင်းဝမြို့ရောက် သံတမန်တစ်ဦး၏ ကိုယ်တွေ့မှတ်တမ်း | အောင်မြင့်စိန်(ထားဝယ်) | ၅၀၀၀ | လူငယ်တစ်ယောက် |
| ၁၁၆။ | ဘာဆက်လုပ်ကြမလဲ | ကြည်မိုးငြိမ်း | ၁၀၀၀ | ဇွန်ပွင့် |
| ၁၁၇။ | ကမ္ဘာ့စီးပွားရေးမဟာ တတိယလှိုင်းနှင့် ဒေါ်လာဈေးတက်ကာ စိုးရိမ်စရာလား | ခင်မောင်ညို (ဘောဂဗေဒ) | ၂၅၀၀ | စိတ်ကူးချိုချို |
| ၁၁၈။ | အောင်မြင်မှုအတွက် ကျင့်စဉ် (၃)ချက် | ဂျွန် | ၁၃၀၀ | စိတ်ကူးချိုချို |
| ၁၁၉။ | မွေးရာပါပင်ကိုစွမ်းအင်စိတ်တန်ခိုး | ကောင်းသာ | ၁၃၀၀ | စိတ်ကူးချိုချို |
| ၁၂၀။ | ဗုဒ္ဓမြတ်စွာ ဘာပြောခဲ့သလဲ | ဒဂုန်ဦးထွန်းမြင့် | ၄၅၀၀ | စိတ်ကူးချိုချို |
| ၁၂၁။ | မိခင်ပြစ်မှားသေရွာလား အပါအဝင် ပုံပြင်(၃)ပုဒ် | သန်းမြင့်ဦး | ၃၀၀ | ရွှေပဒေသာ |
| ၁၂၂။ | အသည်းကိုအလျော်ပေးမယ် | မမသဒ္ဒါမောင် | ၁၇၀၀ | ရွှေပဒေသာ |
| ၁၂၃။ | ပန်းပေမို့....ကြွေမှာစိုးတယ်လေ | မိုးစက်ပွင့် | | ရွှေပဒေသာ |
| ၁၂၄။ | ဂမ္ဘီရသစ်ပင်နှင့် အခြားပုံပြင်များ | အောက်တိုဘာအောင်ကြီး | ၃၀၀ | ရွှေပဒေသာ |
| ၁၂၅။ | မမေ့နိုင်ဘူးကွယ် ငယ်ကျွမ်းဆွေ | အလင်းသစ် | ၁၅၀၀ | ရွှေပဒေသာ |
| ၁၂၆။ | ကြေကွဲပွင့်တို့ ငိုရှိုက်သံ | လှိုင်ကြာဖြူ | ၁၅၀၀ | ရွှေပဒေသာ |

# ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်တု စိုက်ထူရန် ပန္နက်တင်



**တပ်ကုန်း ဒီဇင်ဘာ ၂၉**

အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်တုစိုက်ထူရန်အတွက်ပန္နက်တင် မင်္ဂလာအခမ်းအနားကို နေပြည်တော် တပ်ကုန်းမြို့ လမ်းမတော် အာဇာနည်ကျောက်တိုင်အနီး၌ ဒီဇင်ဘာလ ၂၆ ရက်က ကျင်းပရာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က ပန္နက်တိုင်ကို စိုက်ထူပေး၍ မြို့မိမြို့ဖ ဒေါက်တာခင်မောင်ထွန်း၊ ဒေါက်တာဝင်းလတ်တို့က အောင်သပြေဖြင့် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူကြေးရုပ်တုအား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက် (ဗိုလ်ချုပ်မွေးနေ့)တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# မုံရွာမြို့ အလယ်ရပ်ဓမ္မာရုံလမ်းပေါ်မှ ကျူးကျော်ဈေးသည်များ ရှင်းလင်းမှု တစ်ပြေးညီဖြစ်စေလို

**မုံရွာ ဒီဇင်ဘာ ၂၉**

မုံရွာမြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အများနှင့်သက်ဆိုင်သော လမ်းပေါ်ရှိ အဆောက်အအုံကျူးကျော်ဆောက်လုပ်ထားခြင်း၊ ပစ္စည်းများ ခင်းကျင်းဈေးရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိသည့်အတွက် မုံရွာမြို့အလယ် ရပ်ဓမ္မာရုံလမ်းတစ်လျှောက် ကျူးကျော်ရောင်းချနေသော ဈေးဆိုင်များကို ဒီဇင်ဘာ ၂၇ ရက် ညနေပိုင်းက တိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ ပုဒ်မ ၆၆ အရ စည်ပင်ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များဖြင့် ဖယ်ရှားရှင်းလင်း သိမ်းဆည်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေပုဒ်မ ၆၆ အရ မုံရွာမြို့ပေါ် နေရာအသီးသီးက ကျူးကျော်ဈေး ဆိုင်အဆောက်အအုံတွေကို ဖယ်ရှားရှင်းလင်း သိမ်းဆည်းတာတွေ ဆောင်ရွက်နေတာပါ။ မုံရွာမြို့ အမှတ်(၂)ကျောင်းလမ်း ဆေးရုံကြီးရှေ့လမ်းတွေက ကျူးကျော်တွေ မြို့သစ်ကမီးယပ်နဲ့ သားဖွားကလေးဆေးရုံနဲ့ အလယ်ရပ်ရွှေကျင်ကျောင်းရှေ့ကကျူးကျော်တွေကို ရှင်းလင်းပြီးလို့ အခု အလယ်ရပ်ဓမ္မာရုံလမ်းတစ်လျှောက်က ကျူးကျော်ဈေးဆိုင်တွေကို စည်ပင်ဝန်ထမ်း၊ ရဲတပ်ဖွဲ့ဝင်များနဲ့ ပူးပေါင်းရှင်းလင်းဖယ်ရှားတာပါ။ ဆက်လက်ပြီးလည်း တိုင်းဒေသကြီး စီမံချက်နဲ့ ကျူးကျော်တွေကို ရှင်းလင်းသွားဦးမှာပါ။ ရှင်းလင်းမယ်ဆိုရင်လည်း သက်ဆိုင်ရာနေရာက ဈေးသည်တွေဆီကို ရှင်းမယ့်အကြောင်း ကြိုတင်အသိပေးအကြောင်းကြားပြီးမှ ရှင်းလင်းတာဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းက ပြောသည်။

မုံရွာတစ်မြို့လုံးဈေးများနှင့်လမ်းဘေးဈေးသည်များကို စည်ပင်သာယာရေးဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များ ရှင်းလင်းဆောင်ရွက်ခြင်းမျိုး ဈေးများအတွင်းရှိ ကျူးကျော်ဖွင့်လှစ်နေသော ဈေးဆိုင်အားလုံးကိုလည်း တားမြစ်စေချင်သကဲ့သို့ ဈေးဆိုင်ကြီးများ၏ကျူးကျော်နေရာယူမှုများကိုလည်း တစ်ပြေးညီ ဆောင်ရွက်စေချင်ကြောင်း၊ ယခုဖမ်းပြီးနောက်တစ်ရက်တွင် သက်ဆိုင်ရာဈေး ခေါင်းများ၏ လာဘ်ယူ ပြန်လည်ကျူးလွန်ခွင့် ပေးထားခြင်းများသည်လည်း စည်ပင်သာယာရေးအဖွဲ့တစ်ရပ်လုံး၏ သိက္ခာကိုကျစေနေကြောင်း မုံရွာမြို့ ဓမ္မာရုံလမ်းတစ်လျှောက် လမ်းဘေးတွင် စည်ပင်မှ ကောက်ခံသော ဈေးကောက်ခပေး၍ ဖွင့်နေသော ဆိုင်ခန်းအရေ အတွက် ဦးရေ ၃၀ ခန့်ရှိ ဈေးသည်များထံမှ သိရသည်။

"ဓမ္မာရုံလမ်းပေါ်မှာ ဈေးရောင်းနေတာ ၁၀ နှစ်ကျော်ရှိပါပြီ။ လောလောဆယ်အခုလို ယာယီဈေးဆိုင်လေးတွေကို ဖျက်ဆီးခံရပြီဆိုတော့ စားဝတ်နေရေးအတွက်ခက်ခဲသွားတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော့်မှာ သားသမီးတွေကကျောင်းသားတွေရှိတယ်။ မိသားစု စားဝတ်နေရေးက ဒီအပေါ်မှာအများကြီး တည်မှီနေတယ်။ အခုဖမ်းမယ်ဆိုတာ စာတော့ပို့ပေမယ့် မနေ့ကအထိ ဈေးကောက်တစ်ဆိုင်ကို ငွေကျပ် ၅၀၀ က ပေးနေရသေးသလို ဒီနေ့ဖမ်းတော့မယ်ဆိုမှ မကောက်တော့တာပါ။ ခွင့်ပြုတာလည်း စည်ပင်ပါပဲ။ ဖမ်းတော့လည်း သူတို့ပါပဲ။ ဒါတွေကို ဈေးသည်တွေအားလုံးက မကျေနပ်ကြပါဘူး။ အခုအဖယ်ခိုင်း သိမ်းဆည်းတာတွေသာ လုပ်တာ။ နေရာအစားပေးဖို့တွေ စီစဉ်တာမရှိသေးတာကတော့ ဈေးသည်တွေဘက်ကို ကြည့်သင့်ပါတယ်။ အစားထိုးနေရာပေးရင် ဈေးသည်တွေက သွားကြမှာပါ။ ရန်ကုန်မှာ လောလောဆယ်လုပ်ထားတဲ့ အစားထိုးနေရာသစ် ပေးတာမျိုးကို ဈေးသည်တိုင်း ကလိုလားနေကြပါတယ်။ ဝန်ကြီးချုပ် အနေနဲ့ ဒါတွေကို ဆောင်ရွက်ပေးသင့်ပါတယ်"ဟု ဈေးသည်တစ်ဦးက ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ဗန်းမော်တက္ကသိုလ်၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် နှစ်ဦးအကြို စာတမ်းဖတ်ပွဲကျင်းပ




**ဗန်းမော် ဒီဇင်ဘာ ၂၉**

ကချင်ပြည်နယ် ဗန်းမော်မြို့ ဗန်းမော်တက္ကသိုလ်၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် နှစ်သစ်ဦးအကြို ( Seminars In Honour of The New Year 2017 )စာတမ်းဖတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပသည်။

ဗန်းမော်တက္ကသိုလ်မှ ဘာသာရပ်များအလိုက် ပါမောက္ခဆရာကြီး ဆရာမကြီးများ၊ ကထိက ဆရာ ဆရာမများ၊ နည်းပြဆရာ ဆရာမများစသည့် စာတမ်းရှင် ၁၂ ဦးတို့က အသီးသီးဖတ်ကြား ဆွေးနွေးခဲ့ကြောင်းနှင့် အခမ်းအနားသို့ ဗန်းမော်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းနှင့် ဒေါက်တာတင်ထွန်းအောင်၊ ပါမောက္ခဌာနမှူးများ၊ ကထိက ဆရာ ဆရာမများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဗန်းမောက်မြို့နယ်ချောင်းကြီးချောင်းကူးတံတား ပန္နက်တင်

**ဗန်းမောက် ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မံအင်မင်းကုန်းအုပ်စု အရှေ့ကုန်းကျေးရွာနှင့် မင်းကုန်းကျေးရွာသို့ ဆက်သွယ်ထားသော ချောင်းကြီးချောင်းကူးသံဘောင်ဘေလီတံတားပန္နက်တင်အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ အဆိုပါချောင်းကူးတံတားမှာအရှည်ပေ ၁၂၀၊ အနံ ၁၃ ပေရှိပြီး သံပေါင်ဘေလီတံတားဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးဥက္ကဋ္ဌနှင့်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ အရှေ့ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံ၍ တရားမဝင်ရွှေသတ္တုတူးဖော်ခြင်း၊ ကျွဲ၊ နွားမှောင်ခိုပြုလုပ်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ တရားမဝင် သစ်ခိုးထုတ်ခြင်းများ မပြုလုပ်ကြရန်နှင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာလုံခြုံရေးတို့ကို အဓိကထားဆောင် ရွက်သွားကြရန်နှင့် ထူးခြားမှုရှိလာပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရန် ပြောကြားသွားခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

**တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့အတွင်းရှိ ဈေးနှင့် စားသောက်ဆိုင်များတွင် ဒီဇင်ဘာ ၂၈ ရက်က တိုင်းဒေသကြီး သဘာဝကြိုးဝိုင်း စီမံကိန်း ကလိန်အောင်မြို့ ကင်းလှည့်ထိန်းသိမ်းရေးခေါင်းဆောင် တောအုပ်ဦးဇော်မျိုးနိုင် ဦးဆောင်၍ ဈေးနှင့် စားသောက်ဆိုင်များတွင် တောရိုင်း တိရစ္ဆာန်သားကောင်များ ရောင်းချမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးနေစဉ်**

(မြို့နယ် ပြန်/ဆက်)



## မှုခင်းသတင်းအတိုအထွာ

### လမ်းပြောင်းပြန်မောင်းနှင်မှုကြောင့် ယာဉ်သုံးစီးဆင့်တိုက်

အလုံမြို့နယ်၊ ကမ်းနားလမ်းအတိုင်း လမ်းမတော်ဘက်မှ အလုံဘက်သို့ ထွန်းလွင်(ခ)ထွန်းထွန်းလွင် မောင်းနှင်လာသည့် ယာဉ်သည် သစ်တောလမ်းထိပ် အလွန်အရောက်ကိုအောင်မြင့်စိန် လှိုင်သာယာမြို့နယ်နေသူ မောင်းနှင်သည့် ယာဉ်အား လမ်းပြောင်းပြန်ကျော်တက်မောင်းနှင်စဉ် မျက်နှာချင်းဆိုင်မှ ယာဉ်မောင်း ကိုဇော်ဝင်း(ဝမ်းတွင်းမြို့နေသူ) မောင်းနှင်လာသော ယာဉ်နှင့်တိုက်မိသဖြင့် ယာဉ်သုံးစီးပျက်စီးသွားခဲ့သည်။ ယာဉ်ပေါ်ပါ ကိုနိုင်နိုင်ဝင်းနှင့် ယာဉ်မောင်း ထွန်းလွင်(ခ)ထွန်းထွန်းလွင်တို့တွင် ဒဏ်ရာများရရှိပြီး နှစ်ဦးအား အတွင်းလူနာအဖြစ် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရသည်။ ယာဉ်အား မဆင်မခြင် လမ်းပြောင်းပြန်ကျော်တက်မောင်းနှင်သူ ယာဉ်မောင်း ထွန်းလွင် (ခ)ထွန်းထွန်းလွင်အား အလုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

### ကျောက်ချကားတစ်စီး နောက်ဆုတ်ရာနောက်လန်ထိုးကျ

ကလေးမြို့ တပ်ဦးသီတာရပ်ကွက် နယ်မြေ(၂) ဥပုဒ်ချောင်းတံတား (တံတားဦးတံတား) အနောက်ထိပ်နှင့်ကမ္ဘာ့ရတနာဘဏ်ကြားတွင် ဒီဇင်ဘာ ၂၆ ရက်က ကျောက်ချကားတစ်စီး ကျောက်ချရန်နောက်ဆုတ်ရာ နောက်လန်ထိုးကျသွားခဲ့သည်။

အဆိုပါကျောက်တင်ကားသည် ယာဉ်မောင်း လေးဖြူ(၂၀နှစ်) မောင်းနှင်ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **ဂျူနိုင်း**

### တရားမဝင် သစ်များ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက်က ရွှေဘိုမြို့ အမှတ်(၇) ရပ်ကွက်၌ သွားရောက်စောင့်ဆိုင်းနေစဉ် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နေ မောင်ထွေး(၃၀နှစ်) မောင်းနှင်ပြီး တစ်မြို့တည်းနေ တင်လင်း(၃၆နှစ်) လိုက်ပါလာသည့် ယာဉ်ကို စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင် တမလန်းသစ်ခွဲသားရွေး ၁၃ ချောင်း ဝ ဒသမ ၅၈၄၂ တန်၊ ကာလတန်ဖိုးငွေကျပ် ၃၅၀၅၂၀ တို့ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ရွှေဘိုမြို့မရဲ စခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

### ဆိုင်ကယ်နှင့်ကား တိုက်မိ ဆိုင်ကယ်မောင်းသူဒဏ်ရာများရရှိ

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့တောင်ဘက်အထွက် စက်မှုလယ်ယာဦးစီးရုံးအနီး ရန်ကုန်-မန္တလေးကားလမ်း၌ ဒီဇင်ဘာ ၂၆ ရက်က ခရီးသည်တင်ယာဉ်နှင့် ဆိုင်ကယ်တိုက်မှုဖြစ်ပွားသည်။

ရေတာရှည်မြို့မရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်တင်ကိုနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ဦးမျိုးခင်(၆၀ နှစ်) ရေတာရှည်မြို့နေသူသည် ကားလမ်းအတိုင်း မြောက်မှတောင်သို့ ဆိုင်ကယ်ဖြင့် မောင်းနှင်လာစဉ် လမ်းကြောင်းတူ ကျော်ဦး(၄၁နှစ်) ကျောက်ကြီးမြို့နယ်နေသူမောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်က ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့ပြီး ဦးမျိုးခင်တွင် ဒဏ်ရာများရရှိခဲ့ပြီး ရေတာရှည်မြို့နယ်ဆေးရုံမှတစ်ဆင့် နေပြည်တော်ကုတင် ၁၀၀၀ ဆေးရုံကြီးသို့ လွှဲပြောင်းတင်ပို့ခဲ့ရကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

### ဆိုင်ကယ်နှစ်စီး တိုက်မိရာ တစ်ဦးသေ

မွန်ပြည်နယ် သထုံမြို့နယ် ကတိုက်ကြီးကျေးရွာ တံတားဖြူအနီး ဒီဇင်ဘာ ၂၆ ရက်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာ တစ်ဦးသေဆုံး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကတိုက်ကြီးရဲကင်းမှူး ဒုရဲအုပ် မျိုးအောင်နှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ သုဝဏ္ဏဝတီမြို့နှင့် ကတိုက်ကြီးကျေးရွာသို့ ဆက်သွယ်ထားသော မိုင်တိုင် အမှတ် (၄/၃) နှင့် (၄/၄) ရှိ ကားလမ်းမပေါ်၌ တံတားဖြူအနီးတွင် မရမ်းကုန်းကျေးရွာမှ သုဝဏ္ဏဝတီမြို့ဘက်သို့ ဇင်မာမောင်းနှင်ပြီးနောက်မှ အေးသန့်ဇင်လိုက်ပါလာသော ဆိုင်ကယ်ကို သုဝဏ္ဏဝတီမြို့သို့ ကတိုက်ကြီးကျေးရွာဘက်မှ သူရအောင်မောင်းနှင်လာသောဆိုင်ကယ်သည် တံတားဖြူအကွေ့အနီး လမ်းကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိရာ သူရအောင်သည် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့သည်။

ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ သူရအောင် (သေဆုံး) အား သိမ်ဆိပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ချယ်လ်ဆီးအသင်းသို့ ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား တိုနီခရူးစ်ပြောင်းရွှေ့ရန်ရှိနေကြောင်း သတင်းများထွက်ပေါ်



ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား တိုနီခရူးစ်သည် ခရစ္စမတ်ကာလအတွင်း လန်ဒန်ကိုသွားရောက်လည်ပတ်ခဲ့သောကြောင့် ဇန်နဝါရီဈေးကွက်အတွင်း ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ရှိနေသည်ဟူသော ထင်ကြေးများ ထွက်ပေါ်လာခဲ့သည်။

ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား တိုနီခရူးစ်သည် လန်ဒန်သို့ သွားရောက်လည်ပတ်ခဲ့သည့်ပုံကိုလည်း သူ၏အင်စတာဂမ်အကောင့်တွင် တင်ထားခဲ့သလို Hyde Park & Sd Winter Wonderland ဥယျာဉ်သားဖြစ်သူနှင့်အတူ ပျော်ရွှင်စွာရှိနေသော ဓာတ်ပုံများကိုလည်း ထင်ထားခဲ့သည်။

ကွင်းလယ်ကစားသမား တိုနီခရူးစ်သည် စပိန်လီဂ်၏ဆောင်းရာသီ အားလပ်ရက်အတွင်း မိသားစုနှင့်အတူ လန်ဒန်သို့လာရောက်လည်ပတ်ခဲ့ခြင်းလည်း ဖြစ်သည်။

သို့သော်လည်း တိုနီရူးစ်၏ လာရောက်လည်ပတ်သည့်နေရာသည် ချယ်လ်ဆီအသင်း အခြေစိုက်ရာ လန်ဒန်မြို့ဖြစ်နေသောကြောင့် ဇန်နဝါရီဈေးကွက်အတွင်း တိုနီခရူးစ်အသင်းမှ ထွက်ခွာရန်ရှိနေသည်ဟူသော ထင်ကြေးများ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။


စီးရီးအေကလပ်ဂျူဗင်တပ်အသင်းနည်းပြ အယ်လီဂရီကလည်း တိုနီခရူးစ်အား အသင်း၏ ပီယာလိုလက်သစ်အဖြစ်ခေါ်ယူနိုင်ရန် ပြင်ဆင်နေခြင်းလည်းဖြစ်သည်။

သို့သော်လည်း တိုနီခရူးစ်အနေဖြင့် ပြောင်းရွှေ့ဖြစ်မည်ဆိုပါကလည်း ရီးရဲမက်ဒရစ်အသင်းသို့ မပြောင်းရွှေ့ခင်ကတည်းက စိတ်ဝင်စားမှုရှိနေခဲ့သည့် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရန်သာ ပိုမိုအားသာနေသည်။

ချယ်လ်ဆီးအသင်းအနေဖြင့်လည်း တိုနီခရူးစ်အား တရုတ်စူပါလိဂ်သို့ ပြောင်းရွှေ့သွားသည့် အော်စကာ၏ နေရာတွင် အစားထိုးရန်အတွက် ခေါ်ယူရန် ပြင်ဆင်နေခြင်းလည်းဖြစ်သည်။

ကွင်းလယ်ကစားသမားတိုနီခရူးစ်သည် မကြာသေးခင်ကမှ ရီးရဲမက်ဒရစ်အသင်းနှင့် ၂၀၂၂ခုနှစ်အထိ စာချုပ်သစ် ထပ်မံချုပ်ဆိုထားသောကြောင့် ချယ်လ်ဆီးအသင်းအနေဖြင့်ခေါ်ယူမည်ဆိုပါက ပေါင် ၇၄သန်းပေးမှသာ ခေါ်ယူရရှိနိုင်မည်ဖြစ်သည်။

# မစ်ဒယ်ဘရောအသင်းနှင့်ပွဲတွင် ရှန်းနေပါဝင်ကစားနိုင်ရန် မျှော်လင့်၍မရနိုင်သေးကြောင်း မန်နေဂျာမော်ရင်ညိုဆို



မန်ယူအသင်းမန်နေဂျာမော်ရင်ညိုက ဆန်းဒါးလန်းအသင်းနှင့်ပွဲတွင် ကြွက်သားဒဏ်ရာကြောင့် အသင်းနှင့် အတူပါဝင်ကစားနိုင်ခဲ့ခြင်းမရှိသည့် ကပ္ပတိန်ရှန်းနေသည် မစ်ဒယ်ဘရော့ အသင်းနှင့်ပွဲတွင်လည်း ပြန်လည်ပါဝင်နိုင်ရေးမှာ မျှော်လင့်၍မရနိုင်သေးကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

မန်ယူအသင်းတိုက်စစ်မှူးရှန်းနေ ပါဝင်မကစားခဲ့သည့်ဆန်းဒါးလန်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့သည့်ပွဲတွင် မန်ယူအသင်းအတွက်ဂိုးများကို ဒါလေဘလင်း၊ အီဘရာဟီမိုဗစ်နှင့် မီခီတာရန်တို့မှ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းမန်နေဂျာမော်ရင်ညိုက မန်ယူအသင်း၏အမြဲတမ်း ဂိုးသွင်းအများဆုံး ကစားသမားဘော်ဘီချာလ်တန်၏ ၂၄၉ ဂိုးစံချိန်ကိုမီရန် တစ်ဂိုးသာလိုတော့သည့် တိုက်စစ်မှူးရှန်းနေသည် စနေနေ့တွင်ကစားမည့် မစ်ဒယ်ဘရော့အသင်းနှင့်ပွဲတွင်လည်း ပါဝင်ကစားနိုင်ရန် အလားအလာမရှိဟု ပြောဆိုလိုက်သည်။

မန်ယူအသင်းမန်နေဂျာမော်ရင်ညိုက“အရိုးသားဆုံးပြောရမယ်ဆိုရင်တော့ တိုက်စစ်မှူးရှန်းနေအနေနဲ့ မစ်ဒယ်ဘရော့အသင်းနဲ့ပွဲနေ့မှာ ပါဝင်ကစားနိုင်ဖို့ဟာ မျှော်လင့်မိပေမယ့် ထင်တော့မထင်ပါဘူး။ ကျွန်တော်ဟာသူအသင်းမှာရှိတာကို နှစ်သက်သလို သူဟာ ကျွန်တော်ကြိုက်တဲ့ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ ဒါပေမယ့်သူပါဝင်နိုင်ဖို့ကတော့ သံသယဖြစ်စရာပါပဲ။ သူ့ရဲ့တိုးတက်မှုအခြေအနေကိုကြည့်ရမှာပါ။ သူဟာကြွက်သားဒဏ်ရာရရှိနေပေမယ့် ကောင်းစွာသွားလာနိုင်ပါတယ်။ ဒါပေမယ့်သူ့အနေနဲ့ကြံ့ခိုင်မှုနဲ့ ပတ်သက်ပြီး ယုံကြည်မှုတော့မရှိသေးပါဘူး” ဟု ပြောဆိုခဲ့သည်။

တိုက်စစ်မှူးရှန်းနေသည် ယခုနှစ်ရာသီတွင် မန်ယူအသင်းနှင့်အတူ ပြိုင်ပွဲစုံတွင် ၂၂ ပွဲ ပါဝင်ကစားထားသော်လည်း သုံးဂိုးသာသွင်းယူထားနိုင်သူဖြစ်သည်။

မန်ယူအသင်းသည် ဆန်းဒါးလန်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့သောကြောင့် လက်ရှိအချိန်တွင် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်ခြောက်နေရာတွင်ရှိနေပြီး အဆင့်လေးနေရာတွင် ရှိနေသည့် အာဆင်နယ်အသင်းနှင့် လေးမှတ်ကွာခြားနေသေးသည်။

**အောင်က**

# ချန်ပီယံဆုနဲ့ အနီးဆုံးနေရာက ချယ်လ်ဆီးအသင်း

● ထက်အောင်

**၂၀၁၆-၁၇ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ မစတင်မီက ချန်ပီယံဆုအတွက် မန်စီးတီး၊ မန်ယူ၊ ချယ်လ်ဆီးအသင်းတို့ ရေပန်းစားခဲ့တယ်။ ဒီလို ရေပန်းစားရခြင်း အကြောင်းရင်းက ခေါ်ယူအားဖြည့်ခဲ့တဲ့ ကစားသမားတွေသစ်တွေနဲ့အသင်းကို ရောက်ရှိလာတဲ့ မန်နေဂျာသစ်တွေကြောင့်ပဲ ဖြစ်တယ်။**

လက်ရှိအချိန်မှာ ပရီမီယာလိဂ်ပြိုင်ပွဲက ခရီးတစ်ဝက်ကျိုးချိန်သာရောက်ရှိနေသေးတာမို့ ချန်ပီယံအဖြစ် ဘယ်အသင်း အောင်ပွဲခံနိုင်မလဲဆိုတာကို ပြတ်ပြတ်သားသား ကောက်ချက်ချဖို့က စောလွန်းနေသေးတယ်။ ဒါပေမယ့် လက်ရှိခြေစွမ်းအနေအထား၊ ကစားသမားတွေရဲ့ ယုံကြည်မှု စွမ်းအားတွေအရဆိုရင်တော့ ချယ်လ်ဆီးအသင်းသာ ချန်ပီယံဆုနဲ့ အနီးဆုံးနေရာက အသင်းလို့ ဆိုရမှာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အခုနှစ် ပရီမီယာလိဂ်ရာသီ အဖွင့်ပွဲ သုံးပွဲမှာ နိုင်ပွဲတွေ ဆက်တိုက်ရယူနိုင်ခဲ့ပေမယ့် ပွဲစဉ် (၄) ကနေ ပွဲစဉ် (၆) ကစားပြီးချိန်အထိနိုင်ပွဲ ပျောက်ဆုံးခဲ့တယ်။ နိုင်ပွဲ ပျောက်ဆုံးမှုနဲ့အတူ ချယ်လ်ဆီးမန်နေဂျာသစ် ကွန်တီဟာ ပရီမီယာလိဂ်နဲ့ ကိုက်ညီတဲ့ မန်နေဂျာတစ်ဦး ဟုတ်ရဲ့လားဆိုတဲ့ သံသယတွေလည်း ထွက်ပေါ်လာခဲ့တယ်။ ဒါပေမယ့် မန်နေဂျာ ကွန်တီဟာ ပွဲစဉ် (၆) မှာ အာဆင်နယ်အသင်းကို အရေးနိမ့်ခဲ့ပြီးနောက်ပိုင်းမှာ နည်းဗျူဟာ အပြောင်းအလဲတစ်ခု ပြုလုပ်ခြင်းနဲ့အတူ ဒီပြိုင်ပွဲရဲ့ အလှည့်အပြောင်းကို ဖန်တီးနိုင်ခဲ့တယ်။ နည်းဗျူဟာ အပြောင်းအလဲပြုလုပ်ခဲ့သလို ကစားသမားတွေကိုလည်း အောင်မြင်မှုရဖို့အတွက် ယုံကြည်စိတ်ကို အမြန်ဆုံး ပြန်လည် မွေးမြူပေးနိုင်ခဲ့တာကြောင့် အခုဆိုရင် ချယ်လ်ဆီးဟာ အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရှိနေပြီဖြစ်တယ်။



ချယ်လ်ဆီးအသင်း ပြန်လည်ဦးမော့လာခြင်းမှာ အကြောင်းရင်းများစွာပါဝင်နေတယ်။ မန်နေဂျာကွန်တီရဲ့ နည်းဗျူဟာနဲ့ စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးနိုင်မှု၊ ပြီးခဲ့တဲ့ရာသီတုန်းက ခြေစွမ်းပြနိုင်ဖို့ ရုန်းကန်ခဲ့ရတဲ့ ဒီယေဂိုကော်စတာ၊ အီဒင်ဟာဇက်တို့လို အသင်းရဲ့အဓိကကစားသမားတွေ ပြန်လည် ခြေစွမ်းပြလာနိုင်မှု၊ အခုနှစ် ဘောလုံးရာသီမှာ ဥရောပပွဲ ကစားရမှုမရှိဘဲ ပရီမီယာလိဂ်ပြိုင်ပွဲမှာသာ ချန်ပီယံဆုကို တစ်ကျော့ပြန် ဆွတ်ခူးနိုင်ဖို့ အာရုံစူးစိုက်မှုအပြည့်ထားရှိ နိုင်မှုတွေဟာ ချယ်လ်ဆီးအသင်း ရလဒ်ပိုင်းကောင်းမွန်နေခြင်းရဲ့အကြောင်းရင်းတွေထဲက အချို့လို့ ဆိုရမယ်။

ဒီဇင်ဘာ ၂၆ ရက်နေ့မှာ ချယ်လ်ဆီးက အိမ်ကွင်းမှာ ဘုန်းမောက်အသင်းကို အနိုင်ရရှိခဲ့တယ်။ ဒီပွဲမတိုင်ခင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲ သုံးပွဲမှာ ချယ်လ်ဆီးဟာ တစ်ဂိုး-ဂိုးမရှိဆိုတဲ့ ရလဒ်တွေနဲ့သာ ပြိုင်ဘက်တွေကို အနိုင်ယူနိုင်ခဲ့တယ်။ အဲဒီသုံးပွဲအနက် နှစ်ပွဲမှာ ဒီယေဂိုကော်စတာရဲ့သွင်းဂိုးတွေနဲ့သာ နိုင် ပွဲရရှိခဲ့တာဖြစ်ပြီး ပွဲပယ်ပြစ်ဒဏ်ကြောင့် အဓိကတိုက်စစ်မှူး ဒီယေဂိုကော်စတာ ပါဝင်နိုင်ခြင်းမရှိခဲ့တဲ့ ဘုန်းမောက်နဲ့ပွဲမှာ ချယ်လ်ဆီးတိုက်စစ်ရဲ့ထက်မြက်မှုအပေါ် သံသယရှိခဲ့ကြတယ်။ ဒါပေမယ့် နိုင်ပွဲဆက်မှုတွေနဲ့အတူ ယုံကြည်စိတ်မြင့်မားနေတဲ့ ချယ်လ်ဆီးကစားသမားတွေဟာ ဘုန်းမောက်ကို သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ယူပြီး သံသယတွေကို ချေဖျက်ပြနိုင်ခဲ့တယ်။ ဒီလို ခြေစွမ်းနဲ့ ယုံကြည်ချက်မျိုး ပိုင်ဆိုင်ထားတဲ့ ချယ်လ်ဆီးကို ချန်ပီယံဆုနဲ့အနီးဆုံးနေရာကအသင်းလို့ သတ်မှတ်မယ်ဆို မှားမယ်မထင်ဘူး။

အခုဆိုရင် ချယ်လ်ဆီးဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ၁၂ ပွဲဆက်တိုက်အနိုင်ရပြီး ပရီမီယာလိဂ် သမိုင်းတစ်လျှောက် နိုင်ပွဲဆက်တိုက်ရရှိမှု အများဆုံးအသင်းအဖြစ် စံချိန်တင်နိုင်ခဲ့ပြီဖြစ်တယ်။ ဒီလို စွမ်းဆောင်နိုင်မှုရဲ့နောက်ကွယ်မှာ ချယ်လ်ဆီး ခံစစ်ပိုင်းထက်မြက်မှုကလည်း အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေပါတယ်။ ပြိုင်ဘက်ကို တစ်ဂိုး-ဂိုးမရှိနဲ့သာ အနိုင်ရတဲ့ပွဲတွေမှာ ချယ်လ်ဆီးခံစစ်အနေဖြင့် ပြိုင်ဘက်ရဲ့တိုက်စစ်ကို အကောင်းဆုံးထိန်းချုပ်နိုင်မှုမရှိဘဲ သွင်းဂိုးတွေ ခွင့်ပြုခဲ့ရမယ်ဆိုရင် အနိုင်ရလဒ်ကနေ သရေ ဒါမှမဟုတ် အရှုံးရလဒ်တွေအဖြစ် ပြောင်းလဲသွားနိုင်ပြီး လက်ရှိရပ်တည်မှုအနေအထားကိုလည်း ပိုင်ဆိုင်နိုင်ဖို့ မသေချာဘူး။

ရာသီအစမှာ ချန်ပီယံဖြစ်လာဖို့ ရေပန်းစားခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ ထိပ်ဆုံးလေးသင်းစာရင်းဝင်ဖြစ်ရေးကို ဦးစားပေးနေရတဲ့ မန်ယူဆိုရင် ဒီလိုအဖြစ်အပျက်တွေ ကြုံတွေ့ခဲ့ရတယ်။ မန်ယူဟာ စတုတ်၊ အာဆင်နယ်၊ အဲဗာတန်တို့နဲ့ ကစားခဲ့တဲ့ပွဲတွေမှာ ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပေမယ့် မိနစ် ၈၀ ကျော်အချိန်တွေမှာ ပြိုင်ဘက်ကို ချေပဂိုးတွေ ပြန်လည်ခွင့်ပြုခဲ့ရတာကြောင့် အနိုင်ရဖို့ အနီးစပ်ဆုံးအခြေအနေကနေ သရေရလဒ်သာ ရယူနိုင်ခဲ့ပြီး ရမှတ် နှစ်မှတ် ဆုံးရှုံးခဲ့ရတယ်။ တကယ်လို့သာ မန်ယူအသင်းအနေနဲ့ ဒီလို ချေပဂိုးတွေ ပြန်မပေးရဘဲ အနိုင်ရလဒ်ကို ထိန်းသိမ်းထားနိုင်ခဲ့မယ်ဆိုရင် လက်ရှိအနေအထားထက် ပိုမိုကောင်းမွန်တဲ့ ရပ်တည်မှုအဆင့်ကို ပိုင်ဆိုင်နိုင်ဖို့ အလားအလာရှိတယ်။

ချယ်လ်ဆီးအသင်းရဲ့ ခံစစ်ကတော့ အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့တာကြောင့် ဦးဆောင်ဂိုးတစ်ဂိုးသာ ရရှိခဲ့တဲ့ပွဲတွေမှာတောင် ရမှတ်အပြည့်ရရှိအောင် ကူညီစွမ်းဆောင်ပေးနိုင်ခဲ့တယ်။ အာဆင်နယ်အသင်းကို အရေးနိမ့်ခဲ့တဲ့ပွဲနောက်ပိုင်း ပရီမီယာလိဂ်ပွဲတွေမှာ မန်နေဂျာကွန်တီ က ၃-၄-၃ နည်းစနစ်ကို ပြောင်းလဲအသုံးပြုခဲ့ပြီး ဒီနည်းစနစ်ဟာ ချယ်လ်ဆီးခံစစ်ရဲ့စွမ်းဆောင်ရည်ကိုအကောင်းဆုံးဖြစ်လာစေခဲ့တယ်။ ဒါကြောင့်လည်း နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲ ၁၂ ပွဲမှာ ချယ်လ်ဆီးခံစစ်က ပေးဂိုးနှစ်ဂိုးသာ ရှိခဲ့တဲ့အထိ စွမ်းဆောင်နိုင်ခဲ့ပြီး ၂၀၁၄-၁၅ ခုနှစ် နောက်ပိုင်း ပရီမီယာလိဂ် ချန်ပီယံပြန်ဖြစ်လာဖို့ မျှော်လင့်ချက်ကိုလည်း ပိုမိုအားကောင်းလာစေခဲ့တယ်။

## မော်ရင်ညိုရဲ့အတွေးအမြင်

ကမ္ဘာ့ထိပ်တန်းအဆင့် မန်နေဂျာ တစ်ဦးဖြစ်သလို ချယ်လ်ဆီးအပြင် ရီးရဲမက်ဒရစ်၊ အင်တာမီလန်၊ ပေါ်တိုတို့လိုအသင်းတွေနဲ့အတူ အောင်မြင်မှုရရှိခဲ့ဖူးတဲ့ မန်နေဂျာ မော်ရင်ညိုဟာ နောက်ပိုင်း ပရီမီယာလိဂ်ပွဲတွေမှာ မန်ယူအသင်းကို ရလဒ်ကောင်းတွေ ပြန်လည်ရရှိအောင် ဦးဆောင်ပေးနေနိုင်သူဖြစ်တယ်။ ဒါပေမယ့် မော်ရင်ညိုက ချယ်လ်ဆီးရဲ့စွမ်းဆောင်ရည်၊ အထူးသဖြင့် ခံစစ်ပိုင်း ကောင်းမွန်မှုကြောင့် မန်ယူအသင်းဟာ ချယ်လ်ဆီးကို ကျော်ဖြတ်ပြီး အခုနှစ် ပရီမီယာလိဂ် ချန်ပီယံဖြစ်လာဖို့ အလွန်ခက်ခဲတယ်လို့ ဝန်ခံပြောဆိုထားတယ်။


မန်ယူရဲ့ ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေး အလားအလာနဲ့ပတ်သက်ပြီး မေးမြန်းမှုတစ်ခုကို မန်နေဂျာ မော်ရင်ညိုက “ပွင့်ပွင့်လင်းလင်းပြောရရင် ချယ်လ်ဆီးကို ကျော်ဖြတ်နိုင်ဖို့က အလွန်ခက်ခဲပါတယ်။ ဒါဟာ အမှတ်ကွာခြားမှုကြောင့်သာမက ချယ်လ်ဆီးကစားနေတဲ့ နည်းဗျူဟာကြောင့်လည်း ဖြစ်ပါတယ်။ ချယ်လ်ဆီးဟာ တစ်ဂိုးသွင်းယူနိုင်ရုံနဲ့ နိုင်ပွဲတွေ ရယူနိုင်နေတယ်။ သူတို့ဟာ ခံစစ်ကို အလွန်အကျွံအားပြုနေပြီး ခံစစ်ကလည်း စွမ်းဆောင်ရည် ကောင်းမွန်နေတယ်။ ချယ်လ်ဆီးက ဦးဆောင်ဂိုးရရှိပြီး လက်ကျန်ပွဲချိန် ၂၀ လောက်မှာ ခံစစ်ကို အားဖြည့်ကစားမှုတွေ ပြုလုပ်နေတယ်။ ဒီကစားပုံအတွက် လူတွေ ဘာပြောမလဲ၊ ဘယ်လိုတွေးမလဲဆိုတာကို သူတို့မစဉ်းစားပါဘူး။ ချယ်လ်ဆီးဟာ နိုင်ပွဲရရှိရေးကိုသာ ဦးတည်ကစားနေတယ်။ ချယ်လ်ဆီးဟာ လက်ကျန်ပွဲတွေမှာ အမှတ်ဆုံးရှုံးမှု အများအပြား ဖြစ်ပေါ်လာဖို့ မရှိဘူး”လို့ ဖြေဆိုခဲ့တယ်။ ချယ်လ်ဆီးဟာ အောင်ပွဲရရေးကိုသာ အဓိကထားတဲ့ နည်းဗျူဟာနဲ့အတူ ချန်ပီယံဖြစ်ရေးကို ဦးတည်ကစားနေပြီး ခံစစ်စွမ်းဆောင်ရည်ကလည်း ချယ်လ်ဆီးရဲ့ဦးတည်ချက်ကို အကောင်းဆုံး ပံ့ပိုးပေးနေနိုင်တာမို့ မန်နေဂျာ မော်ရင်ညို သုံးသပ်သလိုပဲ ချယ်လ်ဆီးဟာ ချန်ပီယံဆုနဲ့ အနီးဆုံး နေရာကအသင်းလို့သာ ဆိုရမှာဖြစ်ပါတယ်။



# မန်စီးတီးကို အနိုင်ရဖို့ ခက်ခဲနေတဲ့လီဗာပူး

ဝေမိုးဆက်

ပရီမီယာလိဂ်ပွဲစဉ် (၁၉) ကို ဒီဇင်ဘာ ၃၁ နဲ့ ဇန်နဝါရီ ၁ ရက်နေ့တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ လီဗာပူးနဲ့ မန်စီးတီးတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေသလို အကြိတ်အနယ်ရှိလာနိုင်ပါတယ်။ အထူးသဖြင့် ဒီပွဲစဉ်ဟာ ပွဲစဉ် (၁၈) နဲ့ နီးကပ်နေသလို ဒီပွဲအပြီးမှာ ရက်သိပ်မခြားဘဲ ပွဲစဉ် (၂၀) ကို ဆက်လက်ကျင်းပမှာဖြစ်တာကြောင့် အသင်းတွေအနေနဲ့ ပွဲပန်းမှုတွေခြေချိန်ကစားရမှုတွေရှိလာနိုင်တာကို သတိပြုရမှာဖြစ်ပြီး မန်ယူ၊ ချယ်လ်ဆီး၊ အာဆင်နယ်တို့နိုင်ပွဲရယူနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရဖို့ရှိနေပါတယ်။




## ချယ်လ်ဆီး VS စတုတ်

| ယမန်နှစ် | ချယ်လ်ဆီး | ၁ | ၁ | စတုတ် |
|---|---|---|---|---|

ချယ်လ်ဆီးက ခြေစွမ်းပိုင်းကောင်းမွန်မှု အပြည့်ရှိနေပါတယ်။ အိမ်ကွင်းလည်းဖြစ်လို့နိုင် ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ တိုက်စစ်မှာ ဒီယေဂိုကော်စတာပြန်လည်ပါဝင်လာနိုင်မှာဖြစ်တာကြောင့် ချယ်လ်ဆီးတိုက်စစ်ပိုင်းက ပိုမိုကောင်းမွန်လာနိုင်ပါတယ်။ စတုတ်ကတော့ခြေစွမ်းပိုင်း အရသာမန်သာရှိသလို အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်း ပိုမိုကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးပဲ နှစ်ဂိုးအသာနဲ့အနိုင်ရမယ်။

## ဟားလ် VS အဲဗာတန်

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

တန်းမဆင်းရဖို့ရုန်းကန်နေတဲ့ ဟားလ်က အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ ဟားလ်ခြေစွမ်းပိုင်းက အားနည်းမှုတွေရှိနေတယ်ဆိုပေမယ့် အဲဗာတန်ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းသာမန်သာ ရှိပါတယ်။ ဒါကြောင့်လည်း ဟားလ်သာအားစိုက်ကစားလာမယ်ဆိုရင် အဲဗာတန်တို့ အခက်တွေ့နိုင်ပါတယ်။ အိမ်ကွင်းမှာ ဟားလ်တို့ သရေလောက်ရမယ်။

## အာဆင်နယ် VS ပဲလေ့စ်

| ယမန်နှစ် | အာဆင်နယ် | ၁ | ၁ | ပဲလေ့စ် |
|---|---|---|---|---|

မန်နေဂျာအပြောင်းအလဲလုပ်ထားတဲ့အချိန်မှာ ပဲလေ့စ်တို့ရလဒ်ကောင်းအောင် အားစိုက်ကစားလာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာ အာဆင်နယ်ခြေစွမ်းပိုင်းကကောင်းမွန်နေတယ်ဆိုပေမယ့် ဆန်းချက်ဇ်၊ အိုလ်ဇေးတို့ရဲ့ခြေစွမ်းပိုင်းအပေါ် မှီခိုလွန်းနေပါတယ်။ အာဆင်နယ်တို့အိမ်ကွင်းမှာ နိုင်ပွဲရဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း ပဲလေ့စ်ရဲ့ တုံ့ပြန်ကစားအားကြောင့် အခက်တွေ့နိုင်ကာကပ်ပြီးသာ နိုင်ခြေရှိပါတယ်။

## ဆောက်သမ်တန် VS ဝက်စ်ဘရွန်း

| ယမန်နှစ် | ဆောက်သမ်တန် | ၃ | ၀ | ဝက်စ်ဘရွမ်း |
|---|---|---|---|---|

ဆောက်သမ်တန်ခြေက မဆိုးဘူးလို့ဆိုနိုင်ပါတယ်။ တိုက်စစ်ပိုင်းက ထင်သလောက်ထက်မြက်မှုမရှိပေမယ့်လည်း ခံစစ်ပိုင်းကကောင်းမွန်မှုရှိသလို အိမ်ကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်တတ်ပါတယ်။ ဝက်စ်ဘရွန်းကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ သာမန်သာရှိပါတယ်။ ခံစစ်ပိုင်းကအစ အားနည်းမှုအ ချို့ရှိနေကာ အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဆောက်သမ်တန်ပဲ အနိုင်ရမယ်။

## ဘန်လေ VS ဆန်းဒါးလန်း

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

ဘန်လေက ခြေစွမ်းပိုင်းတည်ငြိမ်မှု အားနည်းနေတယ်ဆိုပေမယ့်လည်း အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းအရပိုမိုကောင်းမွန်မှုရှိပါတယ်။ တိုက်စစ်ပိုင်းကအစ အိမ်ကွင်းပွဲတွေမှာ ဂိုးသွင်းခြေ ပိုမိုကောင်းမွန်တတ်တာကြောင့် ဆန်းဒါးလန်းကို ဖိအားပေးကစားသွားနိုင်ဖို့ရှိနေပါတယ်။ ဆန်းဒါးလန်းကတော့ တန်းမဆင်းရဖို့ ခြေကုန်ထုတ်ကစားလာမှာဖြစ်ပေမယ့် အဝေးကွင်းပွဲတွေမှာ ခံကစားပုံပိုမိုအားနည်းတတ်ပါတယ်။ ဒါကြောင့် ဘန်လေ ကပ်နိုင်မယ်။

## လက်စတာ VS ဝက်စ်ဟမ်း

| ယမန်နှစ် | လက်စတာ | ၂ | ၂ | ဝက်စ်ဟမ်း |
|---|---|---|---|---|

လက်စတာက လက်ရှိအချိန်မှာခြေစွမ်းပိုင်း တည်ငြိမ်မှုမရှိပေမယ့်လည်း အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာသေချာနေတယ်။ လက်စတာတို့ အမှတ်လိုအပ်နေတာကြောင့်လည်း ဒီပွဲစဉ်မှာပိုမိုပြီးဂရုတစိုက်ကစားလာနိုင်ပါတယ်။ ဝက်စ်ဟမ်းကတော့ လက်ရှိအချိန်မှာ လူအနည်းငယ်ပြန်စုံလာပြီဖြစ်ပေမယ့် ခြေစွမ်းပိုင်းက အားနည်းမှုတွေများနေပါတယ်။ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုမိုကျဆင်းတတ်တာကြောင့်လည်း လက်စတာပဲနိုင်ပွဲရမယ်။

## လီဗာပူး VS မန်စီးတီး

| ယမန်နှစ် | လီဗာပူး | ၃ | ၀ | မန်စီးတီး |
|---|---|---|---|---|

လီဗာပူးက အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာလည်း လီဗာပူးခြေက ကောင်းမွန်နေကာ တိုက်စစ်ပိုင်းကလည်း တည်ငြိမ်မှုရှိနေပါတယ်။ ဒါပေမယ့် လီဗာပူးကခံစစ်ပိုင်း အနည်းငယ်တည်ငြိမ်မှုမရှိတာကြောင့် မန်စီးတီးတိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့တော့ခက်ပါတယ်။ မန်စီးတီးကလည်း ရလဒ်ကောင်းမွန်ဖို့ တိုက်စစ်အားပြုကစားလာမှာ ဖြစ်တာကြောင့် လီဗာပူးသရေလောက်ပဲရမယ်။

## မန်ယူ VS မစ်ဒယ်ဘရော့

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

မန်ယူခြေက ကောင်းမွန်နေပါတယ်။ တိုက်စစ်ပိုင်းမှာ မိုဇစ်ခြေစွမ်းပြသနေနိုင်တာကြောင့် တိုက်စစ်ပိုင်းကလည်း ထက်မြက်မှုရှိနေပါတယ်။ ကွင်းလယ်မှာလည်း ကာရစ်ခြေစွမ်းပြနေလို့ ကွင်းလယ်ကစားပုံကောင်းမွန်မှုရှိနေပါတယ်။ ဒါပေမယ့်လည်း မစ်ဒယ်ဘရော့ကလည်း အဝေးကွင်းပွဲတွေမှာ ခံစစ်ပိုင်းကကျစ်လျစ်မှု အပြည့်ရှိတာကြောင့် မန်ယူတို့လွယ်လွယ်အနိုင်မရနိုင်ပါဘူး။ အိမ်ကွင်းမှာမန်ယူ ကပ်ပြီးသာ အနိုင်ရမယ်။

## ဆွမ်ဆီး VS ဘုန်းမောက်

| ယမန်နှစ် | ဆွမ်ဆီး | ၂ | ၂ | ဘုန်းမောက် |
|---|---|---|---|---|

ဘုန်းမောက်က အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေ ရှိတတ်ပါတယ်။ တိုက်စစ်ပိုင်းကအစ ဂိုးသွင်းခြေသိသိသာသာ ကျဆင်းတတ်ပြီး ခံစစ်ပိုင်းကလည်း ထင်မှတ် သလောက်ကျစ်လျစ်မှုမရှိပါဘူး။ ဆွမ်ဆီးကတော့ ခြေစွမ်းပိုင်း သာမန်သာရှိပေမယ့် အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့အတွက် တိုက်စစ်အားပြု ကစားလာမှာဖြစ်တာကြောင့် ဘုန်းမောက်ကို ဖိအားပေးနိုင်ခြေရှိပါတယ်။ ဆွမ်ဆီးပဲ အိမ်ကွင်းမှာ နိုင်ပွဲရသွားနိုင်ပါတယ်။

## ဝက်ဖို့ဒ် VS စပါး

| ယမန်နှစ် | ဝက်ဖို့ဒ် | ၁ | ၂ | စပါး |
|---|---|---|---|---|

စပါးက ဥရောပဝင်ခွင့်ရဖို့အားစိုက်ကစားနေသလို ခြေစွမ်းပိုင်းကလည်းကောင်းမွန်မှုရှိနေတယ်ဆိုပေမယ့် တိုက်စစ်ပိုင်းကတော့ အခုအချိန်မှာ ဂိုးသွင်းခြေထင်သလောက် မတည်ငြိမ်ပါဘူး။ အဝေးကွင်းပွဲတွေမှာ စပါးရဲ့တိုက်စစ်က ဂိုးရဖို့ ပိုမိုအားစိုက်ရလေ့ရှိပါတယ်။ ဝက်ဖို့ဒ်ကတော့ အိမ်ကွင်းပွဲတွေမှာ ခံကစားပုံကောင်းမွန်မှုရှိသလို ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုရှိနေပါတယ်။ ဒါကြောင့်လည်း စပါး အနိုင်ရနိုင်ပေမယ့် ဂိုးမပြတ်နိုင်ပါဘူး။

## ပရီမီယာလိဂ်ပွဲစဉ်(၁၉)

| | | | |
|---|---|---|---|
| သောကြာနေ့ (၃၀-၁၂-၁၆) | | | |
| နံနက် ၂း၃၀ | ဟားလ်စီးတီး | - | အဲဗာတန် |
| စနေနေ့ (၃၁-၁၂-၁၆) | | | |
| ည ၉း၃၀ | ဘန်လေ | - | ဆန်းဒါးလန်း |
| ည ၉း၃၀ | ချယ်လ်ဆီး | - | စတုတ် |
| ည ၉း၃၀ | လက်စတာ | - | ဝက်စ်ဟမ်း |
| ည ၉း၃၀ | မန်ယူ | - | မစ်ဒယ်ဘရော့ |
| ည ၉း၃၀ | ဆောက်သမ်တန် | - | ဝက်စ်ဘရွန်း |
| ည ၉း၃၀ | ဆွမ်ဆီး | - | ဘုန်းမောက် |
| နံနက် ၀၀း၀၀ | လီဗာပူး | - | မန်စီးတီး |
| တနင်္ဂနွေနေ့ (၁-၁-၁၇) | | | |
| ည ၆း၀၀ | ဝက်ဖို့ဒ် | - | စပါး |
| ည ၁၀း၃၀ | အာဆင်နယ် | - | ပဲလေ့စ် |

## ပရီမီယာလိဂ်ပွဲစဉ်(၂၀)

| | | | |
|---|---|---|---|
| တနင်္လာနေ့ (၂-၁-၁၇) | | | |
| ည ၇း၀၀ | မစ်ဒယ်ဘရော့ | - | လက်စတာ |
| ည ၉း၃၀ | အဲဗာတန် | - | ဆောက်သမ်တန် |
| ည ၉း၃၀ | မန်စီးတီး | - | ဘန်လေ |
| ည ၉း၃၀ | ဆန်းဒါးလန်း | - | လီဗာပူး |
| ည ၉း၃၀ | ဝက်စ်ဘရွန်း | - | ဟားလ် |
| ည ၁၁း၄၅ | ဝက်စ်ဟမ်း | - | မန်ယူ |
| အင်္ဂါနေ့ (၃-၁-၁၂) | | | |
| နံနက် ၂း၁၅ | ဘုန်းမောက် | - | အာဆင်နယ် |
| နံနက် ၂း၁၅ | ပဲလေ့စ် | - | ဆွမ်ဆီး |
| နံနက် ၂း၁၅ | စတုတ် | - | ဝက်ဖို့ဒ် |
| ဗုဒ္ဓဟူးနေ့ (၄-၁-၁၇) | | | |
| နံနက် ၂း၃၀ | စပါး | - | ချယ်လ်ဆီး |

# တနသ်ာရီမြို့၌ ယဉ်ကျေးမှုပြတိုက်ဆောက်လုပ်ရန် မြေနေရာရွေးချယ်တိုင်းတာ

**တနသ်ာရီ ဒီဇင်ဘာ ၂၉**

တနသ်ာရီတိုင်းဒေသကြီး တနသ်ာရီမြို့၌ ယဉ်ကျေးမှုပြတိုက်တည်ဆောက်ရန် မြေနေရာကို ချောင်းကြီးရပ်ကွက် မာန်လည်လမ်းရှိ ဘုရားသိမ်ကုန်းနေရာတွင် ရွေးချယ်ထားပြီး ဒီဇင်ဘာ ၂၇ ရက်က ကွင်းဆင်းလေ့လာတိုင်းတာမှုများ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဟောင်းသမိုင်းဝင်မြို့တစ်မြို့ဖြစ်သော တနသ်ာရီမြို့၏ သမိုင်းဝင်ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက် ထားရှိနိုင်ရန်နှင့် ပြည်တွင်းပြည်ပမှ ရှေးဟောင်းသမိုင်းဝါသနာရှင်များ၊ သုတေသီများအနေဖြင့် အလွယ်တကူ လေ့လာမှုများ ပြုလုပ်နိုင်စေရန်ရည်ရွယ်၍ တနသ်ာရီမြို့ ယဉ်ကျေးမှုပြတိုက်ကို ဆောက်လုပ်ရန်စီစဉ်ခြင်း ဖြစ်ကြောင်း သိရသည်။

ပြတိုက်ဆောက်လုပ်ရန် ကွင်းဆင်းတိုင်းတာမှုများကို စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်မြတ်ထွန်း ဦးစီးလျက် မြို့နယ်ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့နာယက ဦးစိုးရီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဝေနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

တနသ်ာရီမြို့ ယဉ်ကျေးမှုပြတိုက်ကို မဆောက်လုပ်နိုင်သေးချိန်တွင် လုံးခရမ်းကလျာဏီသိမ် ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်များကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ဒီဇင်ဘာ ၂၃ ရက်က တနသ်ာရီမြို့သို့ ရောက်ရှိစဉ် လေ့လာကြည့်ရှုခဲ့ပြီးနောက် တနသ်ာရီမြို့ ယဉ်ကျေးမှုပြတိုက် ဆောက်လုပ်နိုင်ရေးအတွက် မတည်ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးခဲ့ကာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လင်းအောင် မိသားစုမှ လှူဒါန်းငွေ ကျပ် ၁၅ သိန်းနှင့် တနသ်ာရီမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ မတည်ငွေ ကျပ်ငါးသိန်းတို့ဖြင့် ဆောက်လုပ်နိုင်ရန် စတင်စီစဉ်လျက်ရှိကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# မြင်းခြံခရိုင် ကျောင်းပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ

**မြင်းခြံ ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မြင်းခြံခရိုင် ကျောင်းပေါင်းစုံ ပြေးခုန်ပစ် အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အခြေခံပညာမူလတန်းအဆင့် ကျောင်းသားကျောင်းသူများအတွက် မီတာ(၅၀၊ ၇၅၊ ၁၀၀) အပြေးပြိုင်ပွဲများ၊ အလျားခုန်နှင့် အမြင့်ခုန်ပြိုင်ပွဲများ၊ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများအတွက် မီတာ(၁၀၀၊ ၂၀၀၊ ၄၀၀)အပြေးပြိုင်ပွဲများ၊ အလျားခုန်၊ အမြင့်ခုန်နှင့် အမြင့်သုံးဆင့်ခုန်ပြိုင်ပွဲများ၊ သံလုံးပစ်ပြိုင်ပွဲ၊ သံပြားပစ်ပြိုင်ပွဲ၊ လှံတံပစ်ပြိုင်ပွဲနှင့် မီတာ ၁၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲများ၊ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသားကျောင်းသူများအတွက် မီတာ(၁၀၀၊ ၂၀၀၊ ၄၀၀) အပြေးပြိုင်ပွဲများ၊ အလျားခုန်၊ အမြင့်သုံးဆင့်ခုန်ပြိုင်ပွဲများ၊ သံလုံးပစ်ပြိုင်ပွဲ၊ သံပြားပစ်၊ လှံတံပစ်ပြိုင်ပွဲများ၊ လေးယောက်တွဲ မီတာ(၁၀၀)လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ၊ လေးယောက်တွဲ မီတာ(၄၀၀)လက်ဆင့်ကမ်းအပြေးပြိုင်ပွဲများ ကျင်းပပေးခဲ့သည်။

အားကစားပြိုင်ပွဲတွင် မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ နွားထိုးကြီးမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်များရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသော ကျောင်းသား ကျောင်းသူများအား ခရိုင်ပညာရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းနေသေး

**သာစည် ဒီဇင်ဘာ ၂၉**

သာစည်မြို့နယ်အတွင်း ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးအတွက် သာစည်မြို့နယ် ရဲတပ်ဖွဲ့က မြို့နယ်အတွင်းရှိ အခြေခံပညာ အလယ်တန်း၊ အထက်တန်း ကျောင်းများနှင့် ရပ်ကွက် ကျေးရွာများအထိ ကွင်းဆင်းသွားရောက်၍ အသိပညာပေး ဟောပြောဆွေးနွေးမှုများ ပြုလုပ်ပေးခဲ့သည့်အပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး စည်းကမ်းချက်များ ပါဝင်သော စာစောင်များကိုပြည်သူတို့လက်ဝယ် အရောက် ဖြန့်ဝေပေးထားသော်လည်း ဒေသခံ ယာဉ်မောင်းသူအများစုအနေဖြင့် စည်းကမ်းလိုက်နာမှု အားနည်းနေသေးကြောင်း မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

"ကျွန်တော်တို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေက ပြည်သူတွေကို ယာဉ်စည်းကမ်း လမ်းစည်းကမ်းတွေလိုက်နာဖို့ အသိပေးသော်လည်း ယာဉ်မောင်းသူအချို့က စည်းကမ်းလိုက်နာမှု မရှိကြသေးပါဘူး။ အထူးသဖြင့် ဆိုင်ကယ်မောင်းနှင်သူတွေက အဆိုးဆုံးပါ။ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘူး။ နှစ်ဦးထက်ပိုတင်ပြီးတော့ မောင်းနှင်ကြတယ်။ မီးပွိုင့်ကိုလည်း ဂရုမစိုက်ဘူး။ မောင်းချင်သလို မောင်းနှင်နေကြတယ်။ ဒါကြောင့် လမ်းဆုံမီးပွိုင့်က နေပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာတဲ့ ယာဉ်မောင်းတွေကို စစ်ဆေး အရေးယူနေကြရပါတယ်။ တစ်နေ့တစ်နေ့ ဆိုရင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းတဲ့ ဆိုင်ကယ်ယာဉ်မောင်းတွေကို အရေးယူရတာ ၁၀ ဦးထက် မနည်းပါဘူး" ဟု မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီး ကျော်ဗိုလ်ဗိုလ်ဟိန်းက ပြောသည်။



သာစည်မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီအနေဖြင့် သာစည်မြို့ လမ်းဆုံမီးပွိုင့်တွင် စုရပ်ပြု၍ အဆိုပါမီးပွိုင့်မှ ဖြတ်သန်းမောင်းနှင်နေကြသည့် ယာဉ်ကြီးယာဉ်ငယ်များ၊ ဆိုင်ကယ်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေး အရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ယာဉ်မောင်းလိုင်စင် မပါရှိဘဲ မောင်းနှင်သူများ၊ ဆိုင်ကယ်စီးဦးထုပ် မဆောင်းသူများ၊ ဆိုင်ကယ်ကို နှစ်ဦးထက်ပို၍ တင်ဆောင်မောင်းနှင်ကြသူများနှင့် အချက်ပြမီးပွိုင့်ကို မလိုက်နာသူများအား အများဆုံး အရေးယူရကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နေပြည်တော် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်၍ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ နံရံကပ်ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို ဒီဇင်ဘာ ၂၇ ရက်က မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ထို့နောက် စာအုပ်စာစောင်များ၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နံရံကပ်ဓာတ်ပုံများနှင့် ကျောင်းသားကျောင်းသူလေးများ စိတ်ကူးပုံဖော်ရေးဆွဲထားသော ပန်းချီပုံများကို ခင်းကျင်းပြသခဲ့ပြီး တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများက ကြည့်ရှုလေ့လာခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# မြို့တွင်း ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများပြုပြင်

**မင်းဘူး ဒီဇင်ဘာ ၂၉**

မင်းဘူးမြို့အတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဈေးလမ်းနှင့် ယင်းမာလမ်းထောင့်ရှိ ကွန်ကရစ်ရေမြောင်းတံတားဟောင်းကို မင်းဘူးမြို့နယ် စည်ပင်သာရေးအဖွဲ့က ဒီဇင်ဘာ ဒုတိယပတ်အတွင်းမှစ၍ အသစ်ပြုပြင် တည်ဆောက်လျက်ရှိရာ ဇန်နဝါရီလဆန်းတွင် လုပ်ငန်းများ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်ရေမြောင်းသည် အရှည် ၂၃ ပေ၊ အကျယ် ၄ ပေ ၆ လက်မရှိပြီး ရေမြောင်းနှင့် တံတားလုပ်ငန်းများအတွက် မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ်ရန်ပုံငွေ ကျပ် ၁၂၃၀၀၀၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ဇေယျ**

# လူမှုဖူလုံရေး ရွေ့လျားဆေးကုသယာဉ်ဖြင့် အခမဲ့ကွင်းဆင်းဆေးဝါးကုသပေး

**မင်းဘူး ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် လူမှုဖူလုံရေးရုံးနှင့် သုခမင်္ဂလာဆေးခန်းတို့ ပူးပေါင်း၍ လူမှုဖူလုံရေးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများရှိအာမခံ အလုပ်သမားများအား ရွေ့လျားဆေးကုသယာဉ် (MMU) ဖြင့် အခမဲ့ ကွင်းဆင်းဆေးဝါးကုသမှုများ ဒီဇင်ဘာ ၂၇ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းဘူးမြို့နယ် လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်လွင်လွင်ခိုင်နှင့် တာဝန်ခံဆရာဝန် ဒေါက်တာကောင်းခန့်ဝေတို့ ဦးဆောင်သော အဖွဲ့ဝင် ခုနစ်ဦးနှင့် ဒေါက်တာရဲမင်းအောင် ခေါင်းဆောင်သော ရွေ့လျားဆေးကုသယာဉ်ဝန်ထမ်း ၁၂ ဦးအဖွဲ့က မြို့နယ်လျှပ်စစ်ရုံးဝင်းအတွင်း၌ ကွင်းဆင်းကာ လူမှုဖူလုံရေးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ အာမခံအလုပ်သမားအား အခမဲ့ ဆေးဝါးကုသပေးခဲ့ရာ စုစုပေါင်း အလုပ်သမား ၁၅၀ အား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရွေ့လျားဆေးကုသယာဉ်ဖြင့် လူမှုဖူလုံရေးတွင် မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအား ကွင်းဆင်းဆေးကုပေးမှုကို ဒီဇင်ဘာ ၂၆ ရက်ကလည်း ထန်းကိုင်းရေနံမြေ၌ သွားရောက်ဆောင်ရွက်ပေးခဲ့ပြီး အာမခံအလုပ်သမား ၉၁ ဦးအား အခမဲ့ ဆေးဝါးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဖိုးပြည့်**




# အထကစခန်းသစ် ပညာရေးမိသားစုဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ကျွန်းစု ဒီဇင်ဘာ ၂၉**

တနသ်ာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာရှိ အထက စခန်းသစ် ပညာရေးမိသားစုဖလား ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အသက် ၁၃ နှစ်အောက် ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က စတင်ကျင်းပလျက်ရှိသည်။ ဖွင့်ပွဲတွင် စခန်းသစ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နုကြည်တို့က အမှာစကားပြောကြားခဲ့သည်။ ပြိုင်ပွဲတွင် အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဒီဇင်ဘာ ၂၆ ရက်မှ ဇန်နဝါရီ ၉ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကာ အဖွင့်ပွဲစဉ်အဖြစ် ကျွန်းစုမြို့နယ် အုပ်စု(က) တောင်ပျို့ရွာအသင်းနှင့် အုပ်စု(ခ) ရက်ကန်းအော်ရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ပျို့ရွာအသင်းက အနိုင်ရရှိခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲကျင်းပ

**တိုက်ကြီး ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် မွေးစမှ အသက် နှစ်နှစ်အရွယ်အထိ ကလေးငယ်စုစုပေါင်း ၅၃ ဦး လာရောက်ယှဉ်ပြိုင်ကြပြီး ယှဉ်ပြိုင်သော ကလေးငယ်များအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းမြင့်နှင့် ကျန်းမာရေးဦးစီးဌာနမှ ဆရာဆရာမများက ပြိုင်ပွဲစည်းကမ်းချက်များနှင့်အညီ ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးကာ ကလေးမိခင်များအား ကျန်းမာရေးအသိပညာပေးခြင်းများလည်း ဆောင်ရွက်ပေးခဲ့သည်။ ပြိုင်ပွဲသို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝေဝေအောင်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ပြိုင်ပွဲမှ ဆုရရှိသော ကလေးငယ်များအား (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဇန်နဝါရီ ၄ ရက်တွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## နိုင်ငံတော်အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများသို့ ကုန်စည်များတင်သွင်းခွင့်နှင့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးဆောင်ရွက်ခွင့် တင်ဒါအောင်မြင်သူများသို့ ပြင်ဆင်အသိပေးနှိုးဆော်ချက်

- နိုင်ငံတော်အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများအနေဖြင့် ဝယ်ယူအသုံးပြုလိုသည့် ကုန်စည်များ(ယာဉ်နှင့်ပစ္စည်းအမျိုးမျိုး)အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလျက်ရှိခြင်းနှင့်ရယူလိုသည့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူလျက်ရှိပါသည်။
- နိုင်ငံတော်အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများအနေဖြင့် ဝယ်ယူအသုံးပြုလိုသည့် ကုန်စည်များနှင့်ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးဆောင်ရွက်ခွင့်အတွက် တင်ဒါအောင်မြင်သူသို့ ငွေပေးချေရာတွင်-
- ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန်ကို သတ်မှတ်ရာခိုင်နှုန်းများအတိုင်း နုတ်ယူရာ၌ ပြည်ပမှကိုယ်တိုင်တင်သွင်းစဉ် ကြိုတင်ဝင်ငွေခွန် ၂ရာခိုင်နှုန်းပေးဆောင်ခဲ့ရပါက ခုနှိမ်ပေးပြီး လိုအပ်သောငွေကိုထပ်မံ၍ တင်ဒါအောင်မြင်သူအမည်ဖြင့် သက်ဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးသွင်းမည်ဖြစ်ပါသည်။
- ဝယ်ယူသော ကုန်စည် သို့မဟုတ် ရယူသောဝန်ဆောင်မှုသည် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်မရှိပါက ကျသင့်သည် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ပြီး-မပြီး စိစစ်ပြီးမှ ပေးချေငွေကိုအပြေအကျေပေးချေမည် ဖြစ်ပါသည်။
- ပေးဆောင်ရသည့် ကျသင့်ဝင်ငွေခွန်နှင့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို ဥပဒေ၊ စည်းမျဉ်းပြဋ္ဌာန်းချက်များနှင့်အညီ ခုနှိမ်ပေးဆောင်ခွင့် လုပ်ငန်းစဉ်ကို ပိုမိုရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် (၂၃-၆-၂၀၁၆)၊ (၂၅-၆-၂၀၁၆)နှင့် (၂၇-၆-၂၀၁၆)ရက် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာပါ ကြေညာချက်အား ပြင်ဆင်အသိပေးနှိုးဆော်ရခြင်း ဖြစ်ပါသည်။
- ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ပေးဆောင်ခွင့်ရရှိရေး၊ တင်ဒါအောင်မြင်သူက ဆိုင်ရာအဖွဲ့အစည်းလုပ်ငန်းဌာနသို့ ကုန်စည်များ ရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ခြင်းတို့အတွက် ကျသင့်ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်မှ အဆိုပါကုန်စည်ကို ပြည်ပမှကိုယ်တိုင်တင်သွင်းစဉ် ပေးဆောင်ခဲ့ရသည့် ကြိုတင်ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ခုနှိမ်ပေးသွင်းခြင်းအား ဆိုင်ရာအဖွဲ့အစည်းလုပ်ငန်းဌာနများမှ လက်ခံပေးရေးအကြောင်းကြားပေးရန်နှင့် တင်ဒါအောင်မြင်သူက အောက်ပါအထောက်အထားများပူးတွဲလျက် သက်ဆိုင်ရာအခွန်စည်းကြပ်ခံယူသည့် ရုံးများသို့လိပ်မူလျှောက်ထားနိုင်ပါသည်-
  * သွင်းကုန်ကြေညာလွှာ (Import Declaration) (မူရင်း/မိတ္တူ)၊
  * ပတခ (ကသခ)-၃၁ မူရင်း/မိတ္တူ၊ ပတခ(ကသခ)-၃၂ မူရင်း/မိတ္တူ၊ ပတခ(ကသခ)-၃၃ မူရင်း/မိတ္တူ၊ ပတခ (ကသခ)-၂မိတ္တူ၊
  * ကုမ္ပဏီ၏ အခွန်ခုနှိမ်ပေးပါရန် တင်ပြစာ၊
  * ကုမ္ပဏီမှတ်ပုံတင်လက်မှတ် မိတ္တူ၊
  * ထိုက်သင့်သော တံဆိပ်ခေါင်းခွန် ပြည့်စုံစွာကပ်နှိပ်ထားပြီးဖြစ်သည့် တင်ဒါစာချုပ်မိတ္တူ၊
- အထောက်အထားများ ပြည့်စုံမှန်ကန်စွာ လျှောက်ထားလာသည့်ကိစ္စရပ်များအတွက် လျင်မြန်သည့် ဝန်ဆောင်မှုဖြင့် သက်ဆိုင်ရာအခွန်စည်းကြပ်မှုခံယူသည့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)နှင့်တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများမှ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။
- နိုင်ငံပိုင်လုပ်ငန်းဌာနများ၊ အဖွဲ့အစည်းများနှင့်ဆောင်ရွက်ရသည့် လုပ်ငန်းအမျိုးမျိုးနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်ပေးစေလိုသည့်ကိစ္စများ၊ ထိုသို့ဆောင်ရွက်ပေးနိုင်ရန် အကြံပြုလိုသည့်ကိစ္စများ၊ မရှင်းလင်းသည့်ကိစ္စများရှိပါက အောက်ဖော်ပြပါဌာနခွဲသို့ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်-
အခွန်မူဝါဒနှင့် သုတေသနဌာနခွဲ၊ ဖုန်း-၀၆၇-၄၃၀၀၀၄၊ ၀၆၇-၄၃၀၀၀၇

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ထားဝယ်တက္ကသိုလ်
## (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

ထားဝယ်တက္ကသိုလ်မှ ၂၀၁၅-၂၀၁၆ပညာသင်နှစ်အတွက် ၂၀၁၆ခုနှစ် မတ်လနှင့်စက်တင်ဘာလတွင် ကျင်းပခဲ့သော စတုတ္ထနှစ် (၂၀၁၂)၊ ပဉ္စမနှစ် (ဥပဒေ)(၂၀၁၁)၊ တ-ဂုဏ်ထူးတန်း(၂၀၁၁)၊ မဟာဒုတိယနှစ် (၂၀၀၉)၊ မဟာသုတေသန(၂၀၀၈)စာမေးပွဲများ ဖြေဆိုအောင်မြင်ပြီးသူများသည် (၁၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြသည်။

| | | |
|---|---|---|
| **ဘွဲ့နှင်းသဘင်ကြေး** | - | ကျပ်(၁၅၀၀) |
| **အဝေးရောက်ဘွဲ့ကြေး** | - | ကျပ်(၁၀၀၀) |
| **လျှောက်လွှာလက်ခံမည့်ရက်** | - | ၂၆-၁၂-၂၀၁၆မှ ၁၈-၁-၂၀၁၇ |

**မှတ်ချက်** (၁) လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော (၂×၁½)လက်မအရွယ် ဓာတ်ပုံ(၂)ပုံ ပူးတွဲ၍ လျှောက်ထားရမည်။

(၂) အခြားသော ပညာသင်နှစ်များတွင် ဘွဲ့စာမေးပွဲ အောင်မြင်ခဲ့သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

(၃) ဘွဲ့နှင်းသဘင်လျှောက်လွှာကို ကိုယ်တိုင်လာရောက်တင်သွင်းသူများသည် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြားတို့ကိုတင်ပြ၍ ထားဝယ်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် တင်ပြလျှောက်ထားရမည်။

(၄) ဘွဲ့ကြေးများကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ထားဝယ်တက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

(၅) ထားဝယ်မြို့နယ်မှစာတိုက်ငွေပို့လွှာဖြင့် ဘွဲ့နှင်းသဘင်ကြေး ပေးသွင်းခြင်းကို လုံးဝခွင့်မပြုပါ။

(၆) ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့ရမည် ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင်"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း" ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်စာပေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ စာမေးပွဲအောင်မြင်သည့်ခုနှစ် စသည်များကို တိကျစွာ ဖော်ပြရမည်။

(၇) အသေးစိတ်အချက်အလက်များကို ထားဝယ်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာန ဒေါ်ရည်မွန်၊ ဌာနမှူး၊ သင်တန်းရေးရာ ဖုန်း-၀၉-၇၃၀၈၅၆၉၉ တွင်စုံစမ်းနိုင်ပါသည်။

**(၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အစီအစဉ်**

| | | | |
|---|---|---|---|
| **ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်ရက်** | **နံနက်ပိုင်း** | - | ၂-၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀နာရီ |
| | **ညနေပိုင်း** | - | ၂-၂-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၃း၀၀နာရီ |
| **ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက်** | **နံနက်ပိုင်း** | - | ၄-၂-၂၀၁၇ရက်(စနေနေ့) နံနက် ၉း၀၀နာရီ |
| | **ညနေပိုင်း** | - | ၄-၂-၂၀၁၇ရက်(စနေနေ့) ညနေ ၃း၀၀နာရီ |

**(ရည်မွန်)**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်။ **ထားဝယ်တက္ကသိုလ်**

## ပျောက်ဆုံးကြောင်း

Thu Kha Mandalar Co.,Ltd. ၏ လိုင်စင်အမှတ် MQEL6 16-17 0241 (14-7-2016)လိုင်စင်မူရင်း ရုံးကိစ္စများ ဆောင်ရွက်စဉ် ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၂၅၄၅၅၄၆၉၈ သို့ ဆက်သွယ်ပေးပါရန်။

## ပျောက်ဆုံးကြောင်း

Pann Myat Thazin Hlaing Co.,Ltd. ၏ လိုင်စင်အမှတ် MQEL6 16-17 0363 (10-8-2016)လိုင်စင်မူရင်း ရုံးကိစ္စများ ဆောင်ရွက်စဉ် ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၂၅၄၅၅၄၆၉၈ သို့ ဆက်သွယ်ပေးပါရန်။

## ပျောက်ဆုံးကြောင်း

Hnin Myittar Co., Ltd. ၏ လိုင်စင်အမှတ် MQEL6 16-17 0243 (14-7-2016) လိုင်စင်မူရင်း ရုံးကိစ္စများ ဆောင်ရွက်စဉ် ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၄၄၂၂၃၆၉၆ သို့ ဆက်သွယ်ပေးပါရန်။

## ပျောက်ဆုံးကြောင်း

Lucky World Mandalar Co.,Ltd. ၏ လိုင်စင်အမှတ် MQEL6 16-17 0242 (14-7-2016) လိုင်စင်မူရင်း ရုံးကိစ္စများ ဆောင်ရွက်စဉ် ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၄၄၂၂၃၆၉၆ သို့ ဆက်သွယ်ပေးပါရန်။

## ပျောက်ဆုံးကြောင်း

Thiri Mandalar Thu Co., Ltd. ၏ လိုင်စင်အမှတ် MQEL6 16-17 0240 (14-7-2016)လိုင်စင်မူရင်း ရုံးကိစ္စများ ဆောင်ရွက်စဉ် ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၄၄၂၂၃၆၉၆ သို့ ဆက်သွယ်ပေးပါရန်။

## ကြော်ငြာစာ

မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် ဧည့်ကြိုနှင့် သန့်ရှင်းရေးနေ့စားဝန်ထမ်းများ ခန့်ထားနိုင်ရန် ၆-၁-၂၀၁၇ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

**ဆက်သွယ်ရန် ဖုန်း(ရုံးချိန်) ၀၁-၈၆၉၀၂၉၅**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ(ချောက်)တွင် အသုံးပြုရန် လိုအပ်သော R.O Membrane (၉)လုံးကို စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၂၉သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၁၁-၁-၂၀၁၇ရက် ညနေ ၄နာရီဖြစ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
## ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသောသူများအား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးရန်နှင့် လုံခြုံစိတ်ချရသော ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ၂၀၁၇ခုနှစ် ဇန်နဝါရီလမှစ၍ ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းကို အောက်ပါသင်တန်းကျောင်းများ၌ အခမဲ့ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ပါသည်။

(က) ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကုန်)
ဗိုလ်မင်းရောင်လမ်းနှင့်မင်းရဲကျော်စွာလမ်းထောင့်၊ (၄၃)ရပ်ကွက်
ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရန် ဖုန်း-၀၁-၅၈၄၀၂၄၊ ၀၁-၈၀၁၁၄၀

(ခ) ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)
H-250၊ စက်မှု(၂)၊ ကနောင်မင်းသားကြီးလမ်း၊ ပြည်ကြီးတံခွန်မြို့နယ်
မန္တလေးတိုင်းဒေသကြီး။ ဆက်သွယ်ရန် ဖုန်း-၀၂- ၅၁၅၂၃၂၇

၂။ သင်တန်းများကို (တနင်္လာနေ့)မှ(ဗုဒ္ဓဟူးနေ့)အထိလည်းကောင်း၊ (ကြာသပတေးနေ့)မှ(စနေနေ့)အထိလည်းကောင်း တစ်ပတ်လျှင်နှစ်ကြိမ်ဖြင့် အချိန်ပြည့်ပို့ချမည်ဖြစ်ပါသည်။ ရန်ကုန်မြို့၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းတွင် တစ်ကြိမ်လျှင် သင်တန်းသား (၃၀၀)ဦး၊ မန္တလေးမြို့၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းတွင် တစ်ကြိမ်လျှင် သင်တန်းသား (၁၀၀)ဦးလက်ခံမည်ဖြစ်ပါသည်။ ယခုသင်တန်းတက်ရောက်ပြီးမှသာ ပြည်ပသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ သို့သော် မလေးရှားနိုင်ငံဆိုင်ရာ လုပ်ငန်းခွင်အကြိုသင်တန်း တက်ရောက်ပြီးသူများ တက်ရောက်ရန်မလိုပါ။ ထို့အပြင် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ရန်ခွင့်ပြုချက်ရရှိပြီးသည့် အလုပ်သမားများအတွက် အလုပ်ရှင်နှင့် အလုပ်သမား စာချုပ်ချုပ်ဆိုသည့်ရက်မှသာ လိုအပ်သည့်သင်တန်းပို့ချမည်ဖြစ်ပါသည်။

၄။ သင်တန်းသို့ အောက်ပါသတ်မှတ်အရည်အချင်းရှိသူများ တက်ရောက်နိုင်ပါသည်။

(က) အသက်(၁၈) နှစ် ပြည့်ပြီးသူ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်ရမည်။
(ဂ) မြန်မာစာ ရေး/ဖတ်တတ်ရမည်။

၅။ သင်တန်းကို ၂၀၁၇ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုပါက အထက်ဖော်ပြပါ သင်တန်းကျောင်းများတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီ၂ရက်မှစတင်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့်အတူ သွားရောက်လျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားသူ အမှတ်စဉ်စာရင်းအလိုက် တက်ရောက်စေမည်ဖြစ်သည်။

၆။ အသေးစိတ်သိလိုပါက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ၊ ဖုန်း-၀၆၇-၄၃၀၁၈၃၊ ၄၃၀၁၈၄၊ ၄၃၀၂၈၄နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ဖုန်း-၀၆၇-၄၃၀၄၃၅သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဘားအံတက္ကသိုလ်
## (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

ဘားအံတက္ကသိုလ် (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဘားအံတက္ကသိုလ်ပင်မဆောင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၁။ ဘွဲ့နှင်းသဘင်အခမ်းအနား ၂၁-၁-၂၀၁၇ ရက် စနေနေ့(ပထမနေ့)

**နံနက်ပိုင်းအစီအစဉ်(နံနက် ၉း၀၀ နာရီ)**
-မဟာသုတေသနဘွဲ့(ဓာတုဗေဒ၊ ရူပဗေဒ)
-မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့(ပထဝီဝင်၊ သမိုင်း၊ ရူပဗေဒ)
-ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)(မြန်မာစာ၊ အင်္ဂလိပ်စာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ)
-ဝိဇ္ဇာ/သိပ္ပံဘွဲ့(ပထဝီဝင်၊ သမိုင်း၊ ဓာတုဗေဒ)
**အစမ်းလေ့ကျင့်ရက်** - ၁၉-၁-၂၀၁၇ ရက် ကြာသပတေးနေ့၊ နံနက် ၉း၀၀ နာရီ

**မွန်းလွဲပိုင်းအစီအစဉ်(မွန်းလွဲ ၂း၀၀ နာရီ)**
-မဟာသုတေသနဘွဲ့(သတ္တဗေဒ)
-မဟာသိပ္ပံဘွဲ့(သင်္ချာ၊ ဘူမိဗေဒ)
-ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့(ဒဿနိကဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ)
-ဝိဇ္ဇာ/သိပ္ပံဘွဲ့(မြန်မာစာ၊ ဒဿနိကဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ)
**အစမ်းလေ့ကျင့်ရက်** - ၁၉-၁-၂၀၁၇ ရက် ကြာသပတေးနေ့ နံနက် ၉း၀၀နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား(၂၂-၁-၂၀၁၇)ရက် တနင်္ဂနွေနေ့(ဒုတိယနေ့) နံနက်(၉း၀၀)နာရီ

**နံနက်ပိုင်းအစီအစဉ်(နံနက် ၉း၀၀ နာရီ)**
-မဟာသုတေသနဘွဲ့(ရုက္ခဗေဒ)
-မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ၊ သတ္တဗေဒ)
-ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)(ပထဝီဝင်၊ သင်္ချာ၊ ဘူမိဗေဒ)
-ဝိဇ္ဇာ/သိပ္ပံဘွဲ့(အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘူမိဗေဒ)
**အစမ်းလေ့ကျင့်ရက်** - ၁၉-၁-၂၀၁၇ ရက် ကြာသပတေးနေ့၊ မွန်းလွဲ ၂း၀၀ နာရီ

၃။ ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားကို မပျက်မကွက်တက်ရောက်ကြရမည်။

၄။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(ကျား)တို့မှ ကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရပါမည်။ (မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၅။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာများကို ၁၄-၁-၂၀၁၇ ရက်မှစ၍ ဘားအံတက္ကသိုလ်အခန်းအမှတ်(C-02)တွင် ထုတ်ပေးပါမည်။

၆။ အသေးစိတ်သိရှိလိုပါက ဤတက္ကသိုလ်၊ စာမေးပွဲနှင့် ဘွဲ့နှင်းဌာနနှင့် မော်ကွန်းထိန်း၊ စာမေးပွဲနှင့် ဘွဲ့နှင်း၊ ဖုန်း-၀၅၈-၂၃၃၄၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**(အောင်မျိုးမြင့်)**
**မော်ကွန်းထိန်း၊ စာမေးပွဲနှင့် ဘွဲ့နှင်း**
**ဘားအံတက္ကသိုလ်**

## ရွှေဘိုတက္ကသိုလ်
## ပဉ္စမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရွှေဘိုတက္ကသိုလ်ကကျင်းပခဲ့သည့် အောက်ဖော်ပြပါ ပညာသင်နှစ်များ၏ ဘွဲ့စာမေးပွဲ အသီးသီးကို ဖြေဆိုအောင်မြင်ကြသူများသည် ရွှေဘိုတက္ကသိုလ် ပဉ္စမအကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့)အဝေးရောက်ဘွဲ့ယူရန် အတွက် ဘွဲ့နှင်းသဘင် လျှောက်လွှာတင်သွင်းခြင်းကို ၂-၁-၂၀၁၇ရက် (တနင်္လာနေ့)မှ ၁၆-၁-၂၀၁၇ရက် (တနင်္လာနေ့)အထိ (ရုံးပိတ်ရက် မပါ) ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

| စဉ် | ပညာသင်နှစ် | ဘွဲ့ | စာစစ်ဌာန |
|---|---|---|---|
| ၁။ | ၂၀၁၅-၂၀၁၆ | ဝိဇ္ဇာ/သိပ္ပံ(မဟာဘွဲ့) | ရွှေဘိုတက္ကသိုလ် |
| ၂။ | ၂၀၁၅-၂၀၁၆ | ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) | ရွှေဘိုတက္ကသိုလ် |
| ၃။ | ၂၀၁၅-၂၀၁၆ | ဝိဇ္ဇာ/သိပ္ပံ(ရိုးရိုးဘွဲ့) | ရွှေဘိုတက္ကသိုလ် |

၂။ ဘွဲ့နှင်းသဘင်လျှောက်ထားသူ၏ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ (၁၅၀၀ိ)-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့(၁၀၀၀ိ/-)(ကျပ်တစ်ထောင်တိတိ)ပေးသွင်းရပါမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ရွှေဘိုတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

၄။ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်းဟုဖော်ပြပြီး ပါမောက္ခချုပ်၊ ရွှေဘိုတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာရှင်အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ၊ တက်ရောက်ခဲ့သော တက္ကသိုလ်နှင့် နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၅။ လျှောက်ထားသူများသည် ရွှေဘိုတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင်-
(၁) သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ
(၂) ပြီးခဲ့သည့် (၃)လအတွင်း မြန်မာဝတ်စုံ/တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်းဝတ်စုံတို့ ဖြင့် ရိုက်ကူးထားသော (၂"×၁½")အရွယ် ဓာတ်ပုံ (၃)ပုံ
(၃) မှတ်ပုံတင်မိတ္တူတို့နှင့်အတူ ပူးတွဲ၍ လျှောက်ထားရပါမည်။

၆။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ကြရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

| | | |
|---|---|---|
| **နံနက်ပိုင်း** | | |
| အစမ်းလေ့ကျင့်ရက် | - | ၂-၂-၂၀၁၇ရက် (ကြာသပတေးနေ့) |
| အစမ်းလေ့ကျင့်မည့်အချိန် | - | နံနက် ၉း၀၀နာရီ |
| မဟာဘွဲ့(၂၀၁၅-၂၀၁၆) | - | မြန်မာစာ၊ ဓာတုဗေဒ၊ ရူပဗေဒ |
| ဂုဏ်ထူးဘွဲ့(၂၀၁၅-၂၀၁၆) | - | မြန်မာစာ၊ဒဿနိကဗေဒ၊ဓာတုဗေဒ၊ ရူပဗေဒ၊ ရုက္ခဗေဒ |
| ရိုးရိုးဘွဲ့(၂၀၁၅-၂၀၁၆) | - | မြန်မာစာ၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ၊ ရူပဒေ၊ ရုက္ခဗေဒ |
| **မွန်းလွဲပိုင်း** | | |
| အစမ်းလေ့ကျင့်ရက် | - | ၂-၂-၂၀၁၇ရက် (ကြာသပတေးနေ့) |
| အစမ်းလေ့ကျင့်မည့်အချိန် | - | မွန်းလွဲ ၂း၀၀နာရီ |
| မဟာဘွဲ့(၂၀၁၅-၂၀၁၆) | - | ပထဝီဝင်၊ သမိုင်း၊ သင်္ချာ၊ သတ္တဗေဒ |
| ဂုဏ်ထူးဘွဲ့(၂၀၁၅-၂၀၁၆) | - | ပထဝီဝင်၊ သမိုင်း၊ သင်္ချာ၊ သတ္တဗေဒ |
| ရိုးရိုးဘွဲ့(၂၀၁၅-၂၀၁၆) | - | အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊သင်္ချာ၊သတ္တဗေဒ၊ ဘူမိဗေဒ |
| **နံနက်ပိုင်း** | | |
| ဘွဲ့ကျင်းပမည့်ရက် | - | ၄-၂-၂၀၁၇ရက် (စနေနေ့) |
| ဘွဲ့ကျင်းပမည့်အချိန် | - | နံနက် ၀၉း၀၀နာရီ |
| မဟာဘွဲ့(၂၀၁၅-၂၀၁၆) | - | ဓာတုဗေဒ |
| ဂုဏ်ထူးဘွဲ့(၂၀၁၅-၂၀၁၆) | - | ဒဿနိကဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ |
| ရိုးရိုးဘွဲ့(၂၀၁၅-၂၀၁၆) | - | ဒဿနိကဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ |
| **မွန်းလွဲပိုင်း** | | |
| ဘွဲ့ကျင်းပမည့်ရက် | - | ၄-၂-၂၀၁၇ရက် (စနေနေ့) |
| ဘွဲ့ကျင်းပမည့်အချိန် | - | မွန်းလွဲ ၂း၀၀နာရီ |
| မဟာဘွဲ့(၂၀၁၅-၂၀၁၆) | - | မြန်မာစာ၊ ရူပဗေဒ |
| ဂုဏ်ထူးဘွဲ့(၂၀၁၅-၂၀၁၆) | - | မြန်မာစာ၊ ရူပဗေဒ |
| ရိုးရိုးဘွဲ့(၂၀၁၅-၂၀၁၆) | - | မြန်မာစာ၊ ရူပဗေဒ |
| **နံနက်ပိုင်း** | | |
| ဘွဲ့ကျင်းပမည့်ရက် | - | ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) |
| ဘွဲ့ကျင်းပမည့်အချိန် | - | နံနက် ၀၉း၀၀နာရီ |
| မဟာဘွဲ့(၂၀၁၅-၂၀၁၆) | - | ပထဝီဝင်၊ သင်္ချာ |
| ဂုဏ်ထူးဘွဲ့(၂၀၁၅-၂၀၁၆) | - | ပထဝီဝင်၊ သင်္ချာ |
| ရိုးရိုးဘွဲ့(၂၀၁၅-၂၀၁၆) | - | ပထဝီဝင်၊ သင်္ချာ |
| **မွန်းလွဲပိုင်း** | | |
| ဘွဲ့ကျင်းပမည့်ရက် | - | ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) |
| ဘွဲ့ကျင်းပမည့်အချိန် | - | မွန်းလွဲ ၂း၀၀နာရီ |
| မဟာဘွဲ့(၂၀၁၅-၂၀၁၆) | - | သမိုင်း၊ သတ္တဗေဒ |
| ဂုဏ်ထူးဘွဲ့(၂၀၁၅-၂၀၁၆) | - | သမိုင်း၊ သတ္တဗေဒ |
| ရိုးရိုးဘွဲ့(၂၀၁၅-၂၀၁၆) | - | အင်္ဂလိပ်စာ၊ သမိုင်း၊ သတ္တဗေဒ၊ ဘူမိဗေဒ |

၇။ ဘွဲ့ဝတ်စုံငှားရမ်းထောက်ခံစာကို ၃၁-၁-၂၀၁၇ရက်နှင့် ၁-၂-၂၀၁၇ရက်များတွင် ရွှေဘိုတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ထုတ်ပေးပါမည်။ (ဘွဲ့ဝတ်စုံ ငှားရမ်းရန် မှတ်ပုံတင်မူရင်းကို ယူဆောင်လာရမည်။)

၈။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မတိုင်ခင်က ဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများသည် ဘွဲ့လက်မှတ်များကို ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပပြီးစီးမှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**(မြမြဝင်း)**
**မော်ကွန်းထိန်း-စာမေးပွဲနှင့် ဘွဲ့နှင်းဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**တင်ဒါအမှတ် ၁၃/ရအ(ပဖတ)/သယ်ပို့(တင်ဒါ)/၂၀၁၆-၂၀၁၇**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် ဒီဇယ်ဆီ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃၀-၁၂-၂၀၁၆ရက် ၀၉း၀၀နာရီ
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၁၀-၁-၂၀၁၇ရက် ၁၂း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၉၊ ၈၁၀၄၁၉၀၊ ၈၁၀၄၁၉၁**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရဲရွာဓာတ်အားပေးစက်ရုံ 230 kV Switch Yard Equipment များအား Silicon Coating Cleaning Service & Composite Rubber Coating ပြုလုပ်လိုပါသည်။

Tender No-21/EPGE/2016-2017

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၁၆-၁-၂၀၁၇ ရက်ဖြစ်ပြီး တင်ဒါပိတ်ချိန်မှာ ၁၃း၀၀ နာရီ ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈ နှင့် ၈၁၀၄၂၇၉**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

"ပထမ" နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သော အခွန်ထမ်း "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ" အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

| စဉ် | အခွန်စည်းကြပ်နှစ် | နိုင်ငံတော်သို့ ပေးဆောင်ခဲ့သည့် အခွန်ငွေ | အဆင့် |
|---|---|---|---|
| ၁။ | ၂၀၁၁–၂၀၁၂ | ၆,၀၁၅.၃၉၇ သန်း | ပထမ |
| ၂။ | ၂၀၁၂–၂၀၁၃ | ၁၀,၈၂၇.၇၀ သန်း | ပထမ |
| ၃။ | ၂၀၁၃–၂၀၁၄ | ၁၇,၀၆၂.၆၆ သန်း | ပထမ |
| ၄။ | ၂၀၁၄–၂၀၁၅ | ၂၂,၀၁၃.၆၁ သန်း | ပထမ |
| ၅။ | ၂၀၁၅–၂၀၁၆ | ၂၂,၉၅၉.၈၃ သန်း | ပထမ |
| ၆။ | ၂၀၁၆–၂၀၁၇ (ကြိုတင်ခွန်) | ၂၈,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းပြီးဖြစ်ပါသည်။ |
| ၇။ | ၂၀၁၇–၂၀၁၈ (ကြိုတင်ခွန်) | ၃၂,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းလျှက်ရှိပါသည်။ |
| ၈။ | ၂၀၁၈–၂၀၁၉ (ကြိုတင်ခွန်) | ၃၈,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းရန်လျာထားပါသည်။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေငြာချက်အရ ၂၀၁၅–၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် "ကမ္ဘောဇဘဏ်လီမိတက်" သည် ၂၀၁၅–၂၀၁၆ အခွန်စည်းကြပ်နှစ်တွင် (၂၂,၉၅၉.၈၃)သန်းဖြင့် "ပထမ" နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း" အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဦးမိုးကျော် + ဒေါ်အေးအေးမွန် – Ngwe Moe Hotel and Hospital (မော်လမြိုင်)
ဒေါ်တင်တင်နိုင် – Strand Hotel (မော်လမြိုင်)
ဦးအောင်ဝင်းနိုင် + ဒေါ်သီသီလွင် – Sunshine Hotel (မော်လမြိုင်)
ဒေါ်ကျင်သန်း – Royal Hinthar Hotel (မော်လမြိုင်)
ဦးအောင်မိုးကျော် + ဒေါ်ဝါဝါလွင် – Cool Spring Purified Drinking Water, Skynet, MLM Holding Co., Ltd. (မော်လမြိုင်)
ဒေါက်တာကင်ကြည် – Zar Ni Bwar Hospital (မော်လမြိုင်)
ဦးတင်လှိုင် + ဒေါ်သန်းသန်းဝင်း – ကျော်ကြားဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး (မော်လမြိုင်)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တပြေးညီ ရှေ့ဆုံးမှ တက်ကြွစွာ လူအား၊ ငွေအားဖြင့် ပံ့ပိုးကူညီဆောင်ရွက်လျှက်ရှိသော ကမ္ဘောဇဘဏ်လီမိတက်၏ "ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)"သည် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံတော်နှင့် ပြည်သူအတွက် (၁၁၀.၆၈၂)ဘီလီယံ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းသိရှိရသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဦးမိုးကျော် + ဒေါ်အေးအေးမွန် – Ngwe Moe Hotel and Hospital (မော်လမြိုင်)
ဒေါ်တင်တင်နိုင် – Strand Hotel (မော်လမြိုင်)
ဦးအောင်ဝင်းနိုင် + ဒေါ်သီသီလွင် – Sunshine Hotel (မော်လမြိုင်)
ဒေါ်ကျင်သန်း – Royal Hinthar Hotel (မော်လမြိုင်)
ဦးအောင်မိုးကျော် + ဒေါ်ဝါဝါလွင် – Cool Spring Purified Drinking Water, Skynet, MLM Holding Co., Ltd. (မော်လမြိုင်)
ဒေါက်တာကင်ကြည် – Zar Ni Bwar Hospital (မော်လမြိုင်)
ဦးတင်လှိုင် + ဒေါ်သန်းသန်းဝင်း – ကျော်ကြားဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး (မော်လမြိုင်)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၆ ခုနှစ်အတွင်း ကမ္ဘောဇဘဏ်လီမိတက်မှ လက်ခံရရှိခဲ့သော နိုင်ငံတကာဆုများအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆထက်ထမ်းပိုးတို့၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

- ၂၀၁၆ စက်တင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် Finance Asia မှ ချီးမြှင့်သော "Best Bank in Myanmar 2016"
- ၂၀၁၆ အောက်တိုဘာလအတွင်း စပိန်နိုင်ငံအခြေစိုက် Business Initiative Directions မှ ချီးမြှင့်သော "World Quality Commitment 2016"
- ၂၀၁၆ ဒီဇင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် World Finance မှ ချီးမြှင့်သော "Best Commercial Bank in Myanmar 2016" နှင့် "Best Retail Bank in Myanmar 2016"
- ၂၀၁၆ ဒီဇင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် Financial Times (The Banker) မှ ချီးမြှင့်သော "Bank of the Year in Myanmar 2016"

| | | | |
|---|---|---|---|
| ဦးမိုးကျော် + ဒေါ်အေးအေးမွန် | – Ngwe Moe Hotel and Hospital (မော်လမြိုင်) | ဦးအောင်မိုးကျော် + ဒေါ်ဝါဝါလွင် | – Cool Spring Purified Drinking Water, Skynet, MLM Holding Co., Ltd. (မော်လမြိုင်) |
| ဒေါ်တင်တင်နိုင် | – Strand Hotel (မော်လမြိုင်) | ဒေါက်တာကင်ကြည် | – Zar Ni Bwar Hospital (မော်လမြိုင်) |
| ဦးအောင်ဝင်းနိုင် + ဒေါ်သီသီလွင် | – Sunshine Hotel (မော်လမြိုင်) | ဦးတင်လှိုင် + ဒေါ်သန်းသန်းဝင်း | – ကျော်ကြားဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး (မော်လမြိုင်) |
| ဒေါ်ကျင်သန်း | – Royal Hinthar Hotel (မော်လမြိုင်) | | |

# ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတကာမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ အရည်အချင်းများနှင့် အရည်အသွေး စစ်ဆေးမှုများကို အောင်မြင်ပြီး ၂၀၁၆ ခုနှစ်အတွင်း မြန်မာ့ဘဏ္ဍာရေးသမိုင်း၌ ပထမဆုံး အနေဖြင့် ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် နိုင်ငံတကာကိုယ်စားလှယ်ဘဏ်ရုံးခွဲများကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် **"ကမ္ဘောဇဘဏ်လီမိတက်"** နှင့် ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူပြည်သားများ အမြဲထာဝရ အားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ထာဝရ ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။


| | | | |
|---|---|---|---|
| ဦးမိုးကျော် + ဒေါ်အေးအေးမွန် | – Ngwe Moe Hotel and Hospital (မော်လမြိုင်) | ဦးအောင်မိုးကျော် + ဒေါ်ဝါဝါလွင် | – Cool Spring Purified Drinking Water, Skynet, MLM Holding Co., Ltd. (မော်လမြိုင်) |
| ဒေါ်တင်တင်နိုင် | – Strand Hotel (မော်လမြိုင်) | ဒေါက်တာကင်ကြည် | – Zar Ni Bwar Hospital (မော်လမြိုင်) |
| ဦးအောင်ဝင်းနိုင် + ဒေါ်သီသီလွင် | – Sunshine Hotel (မော်လမြိုင်) | ဦးတင်လှိုင် + ဒေါ်သန်းသန်းဝင်း | – ကျော်ကြားဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး (မော်လမြိုင်) |
| ဒေါ်ကျင်သန်း | – Royal Hinthar Hotel (မော်လမြိုင်) | | |










**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4D/4736, Toyota Alphard ANH 100, Micro Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးထိန်ဝင်း ၁၂/သဃက(နိုင်) ၁၃၂၇၄၂၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4I/ 2656၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

# ကျေးဇူးတင်လွှာ

## အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာသို့ ဘုရားဖူးပို့ဆောင်ပေးပါသော ပုဂံ-မြန်မာ ကုမ္ပဏီလီမိတက်အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

ညောင်ဦးမြို့- အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော (အငြိမ်းစား ဆရာကြီး/ဆရာမကြီး) (အဋ္ဌမအကြိမ်မြောက်) အာစရိယပူဇော်ပွဲမှ အငြိမ်းစားဆရာကြီး/ဆရာမကြီး ၈၆ ဦးအား အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာသို့ (၇)ညအိပ်၊ (၈)ရက်ခရီး အသွား/အပြန်စရိတ်ငြိမ်း ဘုရားဖူးပို့ဆောင်ပေးပါသော ပုဂံ-မြန်မာ ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌကြီး ဦးမျိုးမင်းဦးနှင့် ဇနီး ဒေါ်သဲမဠူမြင့် (သား) မောင်ဘုန်းသက်ပိုင်၊ မောင်ဘုန်းပြည့်နိုင်မိသားစုတို့အား ဆရာကြီး/ဆရာမကြီးများမှ အထူးပင်ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ယခုလုပ်ဆောင်နေသော အများအကျိုးပြုလုပ်ငန်းများနှင့် နိုင်ငံအကျိုးပြုလုပ်ငန်းများကိုလည်း ဆတက်ထမ်းပိုးတိုး၍ လုပ်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အငြိမ်းစား ဆရာကြီး/ဆရာမကြီးများ**
**အခြေခံပညာအထက်တန်းကျောင်း**
**ညောင်ဦးမြို့**

**ဖခင်အမည်မှန်**
မုံရွာမြို့၊ အထက(ခွဲ) ညောင်ပင်စောက် သတ္တမတန်း(A)မှ မငြိမ်းစုခိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့်(ခ)ပေါက်စ ၅/မရန(နိုင်)၁၉၄၇၄၉ ဖြစ်ပါကြောင်း။
**ဦးဝင်းမြင့်(ခ)ပေါက်စ**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ကျော်စွာဦး ၃/ကဆက(နိုင်)၀၅၃၈၉၈၏ Passport (No.မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၇၀၁၆၅၀၇၀**

# ကုန်သည်စက်မှုအသင်းချုပ် လစဉ်ပညာရှင်များဟောပြောပွဲ ဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ လစဉ်ပညာရှင်များ ဟောပြောပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာဌာနများမှ ပညာရှင်များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ဟောပြောမည့်ခေါင်းစဉ် - **"လုပ်ငန်းခွင်လူ့စွမ်းအားဖွံ့ဖြိုးမှုအတွက် ပုဂ္ဂလိက သက်မွေးပညာသင်ကျောင်းများ အားကောင်းခိုင်မာစေရေး"**

ဟောပြောမည့်ပုဂ္ဂိုလ် -
**ဦးကျော်ကျော်လွင်** (Director,Skills Development Division ,MOLIP)
**ဒေါ်နိုင်ရီမာ** (Deputy Head of TVET Component, GIZ)
**ဦးအေးလင်း** (Secretary, MCEA)
**ဦးအေးမင်းမင်း** (President,Myanmar Private TVET Association)
**ဦးအေးချမ်းကိုကို** (Moderator,Vice President-MPTA)

**ကျင်းပမည့်ရက်** - ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၂း၀၀ နာရီ
**ကျင်းပမည့်နေရာ** - UMFCCI Office Tower (ပထမထပ်)ခန်းမကြီး၊ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့


B.Ed
(၂)နှစ်သင်တန်း
နည်းပြ/သရုပ်ပြ
အလုပ်ဝင်ခွင့်
အားလုံးသင်သည်
SH မြင့်သူထက် YU
JO
တရားရေး (၄)
ဝင်ခွင့်ရ သင်တန်းကြီး
မြန်မာစာ
(လုံးဝကျက်စရာမလို)
အင်္ဂလိပ်စာ
Essay
စာအုပ်အခမဲ့
ဥပဒေ
လက်ခံပြီ



**ရောင်းမည်**
**(ပိုင်ရှင်ကိုယ်တိုင်)**
တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀(၉)လမ်း၊ ဒုတိယထပ် (၁၈'×၅၄')၊ အိပ်ခန်း(၂)ခန်း ပြင်ဆင်ပြီး အသင့်နေထိုင်နိုင်သည်။ BCC ကျပြီး။
**ဖုန်း-၀၉-၈၇၁၉၆၁၅၇၄၊ ၀၉-၂၅၂၂၂၃၇၃**



ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884






**အောင်သရဖူ**
**အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း**
လူကြီးမင်းတို့၏အိပ်ခန်း၊ရုံးခန်းများပြောင်းရွှေ့ခြင်း အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
**09254009334, 09254009335, 09254009336**



## Dutch Lady မှ မိသားစုများအတွက်ရည်ရွယ်၍ ပျော်ပွဲရွှင်ပွဲများကို ဒီဇင်ဘာလရဲ့စနေ၊တနင်္ဂနွေအပတ်စဉ်တိုင်း ၁၀ ရက်တိုင်တိုင် မတူညီတဲ့ Super Market ကြီးများတွင် ကျင်းပပြုလုပ်ပေးသွားမည်

Dutch Lady သည် အရှေ့တောင်အာရှတွင် အထင်ရှားဆုံး နို့အမှတ်တံဆိပ်များထဲမှ တစ်ခုအပါအဝင်ဖြစ်ပါ သည်။ Dutch Lady မှအရသာအမျိုးမျိုးဖြင့်ထုတ်လုပ်ထားသော အသင့်သောက်နို့ဗူးများကို ဖေဖော်ဝါရီလ ၂၀၁၆ မှ စပြီး ရန်ကုန်မြို့တွင် စတင်မိတ်ဆက်ခဲ့ပါသည်။

မိသားစုဝင်များအားလုံး ပျော်ရွှင်စွာဖြင့် အခမဲ့ပါဝင်ဆင်နွှဲနိုင်ဖို့ "Who will you be today"event ကို ဒီဇင်ဘာလရဲ့ စနေ၊ တနင်္ဂနွေအပတ်စဉ်တိုင်းတွင် ၁၀ ရက်တိုင်တိုင် မတူညီတဲ့စူပါမားကတ်များ၌ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။ ယခင်အပတ် (ဒီဇင်ဘာ ၁၇-၁၈)ရက်နေ့တွင် ဂမုန်းပွင့် စံရိပ်ငြိမ်စင်တာ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ယခုလာမည့် ဒီဇင်ဘာ ၂၄ နှင့် ၂၅ရက်နေ့တွင်လည်း လှည်းတန်းစင်တာတွင် မနက် ၁၀ နာရီမှ ည ၇ နာရီအထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။ ဒီဇင်ဘာ ၃၁နှင့် ဇန်နဝါရီ ၁ ရက်နေ့တို့တွင် Ocean စင်တာ(ရွှေဂုံတိုင်)တွင် ကျင်းပမည်ဖြစ်ပါသည်။

ကလေးငယ်များ၏စိတ်ကူးယဉ်အိပ်မက်ထဲက သူရဲကောင်းလေးများနှင့်အတူ ပျော်ရွှင်စရာဂိမ်းများကစားခြင်း၊ သူရဲကောင်းဝတ်စုံဝတ်ပြီး ဓာတ်ပုံရိုက်ခြင်း၊ Dutch Lady နွားနို့အရသာမြည်းစမ်းခြင်းများအပြင် Dutch Lady နို့ဗူးလက်ဆောင်လေးများရယူခြင်း စသည့်အစီအစဉ်များလည်း စီစဉ်ထားပါသည်။

Dutch Lady မှ တာဝန်ရှိသူတစ်ဦးက အဆိုပါပွဲနှင့်ပတ်သတ်၍ "အခု ကျင်းပတဲ့ပွဲမှာ ကလေးငယ်တွေအားလုံး သူတို့ရဲ့ဖေဖေ၊ မေမေတွေနဲ့အတူတူ ပြုံးပျော်ရွှင်စွာတွေ့ရလို့ အလွန်ပဲ ကျေနပ်ပီတိဖြစ်မိပါတယ်။ မြန်မာနိုင်ငံက မိသားစုတွေအားလုံးကို နွားနို့ပုံမှန်သောက်ခြင်းရဲ့ကောင်းကျိုးတွေကို ပိုသိစေချင်တဲ့အပြင် ခိုင်မြဲကြံ့ခိုင်သော မိသားစုများဖြစ်လာစေရန် Dutch Lady မှ လာမယ့်နှစ်တွေမှာလည်း မိသားစုများနဲ့ပတ်သက်တဲ့ ပျော်ပွဲရွှင်ပွဲတွေကို ဆက်လက်ကျင်းပပေးသွားဖို့စီစဉ်ထားပါတယ်"ဟု ပြောကြားသွားခဲ့ပါသည်။







ခိုင်မြဲကြံ့ခိုင်သောမိသားစုများကို ၁၈၇၁ ခုနှစ်ကတည်းက တည်ဆောက်ပေးနေခဲ့ပါသည်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## လင်အိလူ(ခ)ဒေါ်ထွေး

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စော/နောက်ရပ်ကွက်၊ သစ်တောလမ်း၊ အမှတ် ၈၊ လေးလွှာနေ [ဦးမောင်ဝင်း(ခ)ရိုကင်ထော့]၏ဇနီး၊ ဦးမြင့်အောင်(ခ)ဦးအဟူ-(ဒေါ်ကြည်ကြည်ထွေး)၊ ဒေါ်လေလေ၊ ဦးဆန်းလွင်-ဒေါ်တင်တင်မြ၊ ဒေါ်တင်တင်အေး၊ ဦးဝင်းအောင်-ဒေါ်သန့်ဇင်၊ ဦးကြည်အောင်-ဒေါ်ခင်စန်းဝင်းတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၉-၁၂-၂၀၁၆ရက် နံနက် ၇း၃၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃၁-၁၂-၂၀၁၆ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ လမ်း ဒါယိကာမကြီး

## ဒေါ်လှမြင့်(ခ)ဒေါ်နု (ပဲခူး)

**အသက်(၈၀)**

ရန်ကုန်မြို့၊ ဗညားဒလလမ်း၊ အမှတ် ၁၇၂/၁၇၄၊ ခုနစ်လွှာ (စီ)နေ (ဦးသာဒင်-ဒေါ်သစ်)တို့၏သမီး၊ (ဦးငွေ-ဒေါ်အမာ)တို့၏သမီးချွေးမ၊ (ဦးသန်းမောင်)၏ဇနီး၊ ဦးဇော်ဝင်း-ဒေါ်အေးအေးခိုင်၊ ဦးမျိုးဝင်းသန်း-ဒေါ်လဲ့လဲ့အေး (မြန်မာအမျိုးသားလေကြောင်း)၊ ဦးနေဝင်း-ဒေါ်စန်းစန်းဝင်း၊ ဦးကျော်စိုးမိုး-ဒေါ်ယဉ်နုလှိုင်၊ ဦးမျိုးနိုင်-ဒေါ်မင်းမင်းသန်းတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၈-၁၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၆ရက်(သောကြာနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၃-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်ခင် (သဲကုန်း)

**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ငြိမ်း)**

**အသက်(၇၇)နှစ်**

(ဦးအုန်းမောင်-ဒေါ်အမာ)တို့၏သမီး၊ရန်ကုန်မြို့၊ကျောက်မြောင်း၊ဒဂုံသီရိလမ်း၊ ပထမထပ်၊ အမှတ် ၇၇နေ ဦးကျော်သန်း(အမှတ်-၁၊ စက်မှုလက်မှုလုပ်ငန်းကျောင်း)(ငြိမ်း)၏ဇနီး၊ ဦးအောင်မြင့်-ဒေါ်သောင်းသောင်းရှင်၊(ဦးအေးချို)-ဒေါ်ဝင်းဝင်းကြိုင်တို့၏အစ်မ၊ ဒေါ်သဇင်ဦး(Hitachi Soe Electric & Machinery Co.,Ltd.)၊ ဒေါ်ကေခိုင်ကျော်၊ ဦးလင်းအောင်သူ-ဒေါ်ကေခိုင် (ခေတ္တ-USA)တို့၏ချစ်လှစွာသောမိခင်၊ မနှင်းအေးဝင့်(ဆေးဝါးတက္ကသိုလ်)၊ မောင်ဥက္ကါသူ (ခေတ္တ-USA)တို့၏ဘွားဘွား၊ တူ/တူမ ခြောက်ယောက်တို့၏ အဒေါ်သည် ၂၈-၁၂-၂၀၁၆ရက် ညနေ ၆း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ထားမေ (သူကောင်း)

**ပါမောက္ခ(ဌာနမှူး)(ငြိမ်း)**

**မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့နေ (အငြိမ်းစားအတွင်းဝန် ဦးလှမောင်-သူကောင်း ဒေါ်ခင်ဖူး)တို့၏သမီး၊ အရာတော်မြို့နေ (ဦးဘဆန်း-ဒေါ်ခင်ကြည်)တို့၏ သမီးချွေးမ၊ (ဦးသိန်းမြင့်)-ဒေါ်စန်းစန်းဌေး၊ (ဒေါ်ခင်အေးသန့်)၊ (ဒေါ်မြသန္တာ)၊ ဦးစိုးတင့်-ဒေါ်ခင်ဆွေဦး၊ ဦးအောင်သန်း-ဒေါ်လှဥမ္မာ၊(ဗိုလ်မှူးခင်မောင်စန်း)-ဒေါ်လှစန္ဒာ၊ ဦးသန့်ဇော်လွင်-ဒေါ်စန်းစန်းတင့်တို့၏ညီမ/အစ်မ၊ ဦးသူထွန်း(Baran and Fujikura EPC Co.,Ltd)-ဒေါ်နန်းထွေးလှိုင်၊ မလှိုင်ပန်းဖြူ (Telenor Myanmar Ltd)တို့၏မိခင်၊ မောင်လင်းသန့်ထွန်း၏ဘွားဘွားကြီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃၁)က၊ အင်းစိန်လမ်းမကြီး၊ အခန်း ၅၀၃နေ ဦးသောင်းထွန်း (စက်ရုံမှူး၊ ငြိမ်း)၊ ဆပ်ပြာစက်ရုံအမှတ်(၂)၏ဇနီးသည် ၂၉-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၃း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## Nu Man Ngaih Vung

**Gual Nam Beh, Laaitui Khua**

**အသက်(၆၁)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လိုင်တွီးကျေးရွာနေ (Pu Thang Khaw Ngul - Pi Pam Za Ciang) တို့၏ သမီးချွေးမ၊ (Pu Vung Za En - Pi Cing Khan Dim)တို့၏သမီး၊ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နေ ဒုအရာခံဗိုလ် Kham Khan Siam- Nu Ciin Deih Niang တို့၏အစ်မ၊ Nu Ciang Don Lian(ခေတ္တ-မလေးရှား)- Pa Langh Muan Khai, Lia Dim Ngaih Lun, Tg Ngul Khen Za Khup, Pa En Theih Cin - ဒေါ်မျိုးသဥ္ဇာ (CB BANK)တို့၏မိခင်၊ Lia Ciang Lawh Zaam, Lia Vung Sian Lun, Tg. Kham Thawn Khaiတို့၏ အဘွား၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ အိမ်ခြေ ၁၀၀၊ တိုးချဲ့ ၁လမ်း၊ အမှတ် ၃၈နေ Pa Langh Do Kham [ခွဲ-တကက(ငြိမ်း)]၏ ချစ်လှစွာသောဇနီးသည် ၂၈-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၂း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့်၃၀-၁၂-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ဝါယာလက်ဈေးဝင်းမှမွန်းလွဲ ၁း၃၀နာရီနှင့် ဆူးလေ (ဓမ္မာနေ့လာဘုရားကျောင်းရှေ့)မှ မွန်းလွဲ ၁၂း၃၀နာရီနှင့် အင်းစိန် (သီရိစန္ဒာဆေးခန်းရှေ့)တို့မှကားများမွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

## ကိုဥက္ကာထက်

**အသက်(၃၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ကေတုမာလာရိပ်သာ၊ ၃လမ်း၊အမှတ် ၅(က)နေ(သခင်စိုးမြင့်-ဒေါ်အေးကြွယ်)၊(ဦးတုတ်ဖြိုး-ဒေါ်နှင်းရွှေ)တို့၏မြေး၊ (ဦးမောင်မောင်မြင့်)-ဒေါ်ခင်ဝင်းတို့၏သား၊ (ဦးဝင်းတင်)-ဒေါ်ဆွေဆွေမြင့်၊ ဦးအေးဆွေ-(ဒေါ်ချိုချိုမြင့်)၊(ဦးထွန်းဝေ)-ဒေါ်သစ်သစ်မြင့် [တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်]၊ ဦးအေးသိန်း-ဒေါ်သင်းသင်းမြင့် (ခေတ္တ-USA)တို့၏ တူသား၊ ကိုအောင်ခန့်ထွန်း၊ ကိုနန္ဒကျော်စွာထူး-မအေးအေးမာ၊ (ကိုပြည့်စုံသူ)တို့၏ညီ၊ မခိုင်ယုဝေ၊ မခိုင်ဝင့်ရည်၊ ကိုပြည့်ဖြိုးဦး-မမွန်သူအောင်မြင် (ခေတ္တ-USA)၊ မသက်အိခိုင်၊ ကိုရဲထွဋ်ဇော်၊ မရင်ငြိမ်းပိုး(ခေတ္တ-USA)၊မဖူးလဲ့ဝေ၊ မသိုးဖြူစင်(ခေတ္တ-USA)တို့၏အစ်ကို၊ တူ၊ တူမ လေးယောက်တို့၏ ဦးလေးသည် ၂၈-၁၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၅၀နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၁-၂၀၁၇ရက်(အင်္ဂါနေ့)နံနက်တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်လှမော် (မြောင်းမြမြို့၊ မြင်းခြံမြို့)

**အသက်(၉၈)နှစ်**

မြင်းခြံမြို့၊ အမှတ် ၂၂၊ (၁၄)ရပ်ကွက်နေ (ဦးကြွက်)၏ဇနီး၊ (ဦးကံသာ-ဒေါ်အိမ်စည်)တို့၏သမီးချွေးမ၊ မြောင်းမြမြို့၊ အညာစုကျေးရွာနေ (ဦးဖုံနီ-ဒေါ်ငွေညွှန့်)တို့၏သမီး၊ မြောင်းမြမြို့နေ(ဦးစိန်-ဒေါ်ငွေရင်)၊မအူပင်မြို့နေ(ဦးလော-ဒေါ်လှကြည်)တို့၏ညီမ၊ ဒေါ်ခင်မြင့်မော်၊ (ဦးအောင်သန်း)-ဒေါ်အေးမိ၊ ဒေါ်ခင်ဝင်းစိန်၊ ဦးနေဝင်း-ဒေါ်ခင်သန်းဝင်း၊ ဦးသိန်းဝင်း-ဒေါ်ခင်အေးဝင်း၊ ဒေါ်ခင်ဌေးဝင်း(အထက-၁)၊ ဒေါ်တင်ဦးမြင့်(အထက-၁)တို့၏ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်တို့၏အဘွား၊မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည်၂၈-၁၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄း၃၀နာရီတွင် မြင်းခြံမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ဆူးဖြူကုန်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းကြည်

**လျှပ်စစ်အမှုဆောင်အင်ဂျင်နီယာ(ငြိမ်း)**

**အသက်(၈၄)နှစ်**

(ဦးမောင်ပု-ဒေါ်မြရင်)တို့၏သား၊ (ဆရာစိန်-ဒေါ်စိန်ရီ)တို့၏သားသမက်၊ (ဦးတင်လှိုင်)-ဒေါ်မြသန်းရင်၊ (ဦးညွန့်တင်)-ဒေါ်ချိုချိုတို့၏အစ်ကို၊ ဦးတိုးအောင်ထွန်း-ဒေါ်အေးအေးကြည်၊ ဦးမျိုးဝင်း-ဒေါ်အေးအေးချို၊ ဦးအောင်တူး-ဒေါက်တာသင်းသင်းအိ၊ (ဦးရန်နိုင်ထွန်း)-ဒေါ်မြတ်မြတ်ဆုဝင်း၊ ဦးထိန်းလင်း-မဥမ္မာထွန်းတို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုး၊ အမှတ် ၈၄၄၊ (၁၇)ရပ်ကွက်၊ ညောင်ရမ်းလမ်း၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ထွေးကြည်၏ခင်ပွန်းသည် ၂၉-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ထားမေ အသက်(၇၁)နှစ်

**မြန်မာစာပါမောက္ခ (ငြိမ်း)**

ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု၏ သက်ကြီးအပူဇော်ခံ ဆရာမကြီး ဒေါ်ခင်ထားမေ (ပါမောက္ခ၊ ဌာနမှူး၊ ငြိမ်း၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်) သည် ၂၉-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၆ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မြန်မာစာမိသားစုဝင်အားလုံး လိုက်ပါပို့ဆောင်ကြပါရန်။ (ရန်ကုန်တက္ကသိုလ် တောင်ဂူဆောင်ရှေ့မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

မြန်မာစာမိသားစု၊ ရန်ကုန်တက္ကသိုလ်

---

## ဒေါ်ဘောဘီ(ခ)ဒေါ်ခင်စမ်းယု

**(ခရမ်းအသင်းဝင်)**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၅)ရပ်ကွက်၊ သရဖီလမ်း၊ တိုက် ၂၁၀၊ အခန်း ၂နေ (ဦးဖိုးထွေး - ဒေါ်ခင်ညွန့်)တို့၏သမီး၊ ဦးခင်မောင်ရွှေ-ဒေါ်တင်ရီ၊ ဒေါ်အမာကြည်၊ ဦးသောင်းကြိုင်-ဒေါ်ယဉ်ကြည်၊ (ဦးကြည်လွင်)တို့၏ညီမ၊ ဦးအောင်ဖေမြင့်-ဒေါ်ခင်စန်းဝင်း၊ (ဦးညိုမောင်)-ဒေါ်တင်တင်ဝင်းတို့၏အစ်မ၊ (ကိုယုမောင်)၊ မချောအိသဲမောင်(Royal ABS Co., Ltd)၊ မချောယုသဲမောင်-ကိုရဲမောင်၊မမိုးဇာသဲအောင်(Air KBZ Co., Ltd)-ကိုဝေယံကိုကိုတို့၏မိခင်၊ မအိမ့်ချယ်ရီကို (Khayay International School)၊ မောင်ဖိုးလုံးတို့၏အဘွား၊ တူ၊ တူမ ၂၂ယောက်တို့၏အဒေါ်သည် ၂၉-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် SSC ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးသန့်အောင်

**(Sonny Ghosh)**

**Bosun-မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလိုင်း**

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော် မင်္ဂလာလမ်း၊ အမှတ် ၉နေ[ဦးဒီကေဂို့(ရှ)-ဒေါ်ဂျင်နီ]တို့၏သား၊ ဒေါ်သက်သက် (Baby Ghosh]-ဦးငွေထွန်း၊ ဦးအောင်ခင် (Hanry Ghosh) PR-Horizon Int'l School၊ ဒေါ်သန်းသန်းဝင်း၊ ဦးသက်အောင်(Bobby Ghosh)-ဒေါ်သိန်းသိန်းလွင်တို့၏ညီ/မောင်၊ (ဒေါ်ခင်မာရီ)၏ချစ်လှစွာသောခင်ပွန်း၊မောင်ကျော်လွင်ဦး (MIP-မြန်မာ့စက်မှုဆိပ်ကမ်း)၊ မမိုးသူဇာအောင် (Horizon Int'L School)တို့၏ချစ်လှစွာသောဖခင်သည် ၂၉-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၆ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကျော်စောမိုး(ခ) ကိုမောင်မောင်

**အသက်(၄၇)နှစ်**

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဘဝမ်းရပ်ကွက်နေ ဦးဦးစောလှ (တိ/မွေးကု) - ဒေါ်သောင်းရင်တို့၏သား၊ ဒေါ်စောရင်ဦး၏မောင်၊ ဒေါ်စောရင်နု၊ ဦးကျော်စောတိုးတို့၏အစ်ကို၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းမြောက်ပိုင်း၊ အုန်းပင်လမ်း၊ အမှတ် ၇/၄၀နေ ဦးအောင်ချမ်းဦး - ဒေါ်အေးနုတို့၏သားသမက်၊ မြို့သစ် (က+ခ)ရပ်ကွက်၊ ခ/၈လမ်း၊ တိုက် 1ဒီနေ ဒေါ်ဦးသိန်းနု(ခ)မကြီး၏ခင်ပွန်း၊ မသျှင်အေးငြိမ်း (2nd year Anthro ရန်ကုန်တက္ကသိုလ်)၊မသျှင်စောငြိမ်း[Grade-9 (A) အထက-၂၊ အင်းစိန်]၊ မသျှင်လဲ့ငြိမ်း (Grade-5, B၊ အထက-၂၊ အင်းစိန်)တို့၏ချစ်လှစွာသောဖခင်သည် ၂၇-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၉း၅၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၆ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ က+ခ မြို့သစ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

## ဒေါ်သန်းသန်းအေး

**အလယ်တန်းပြ**

**အထက(၁)လမ်းမတော်**

**အသက်(၅၈)နှစ်**

(ဦးတင်မောင်-ဒေါ်အုံးရီ)တို့၏သမီး၊ ဦးကြိုင်-ဒေါ်ရီတို့၏သမီးချွေးမ၊ ဦးအောင်ကိုလေး (အလယ်တန်းကျောင်းအုပ်၊ အထက-ခွဲ၊ တမံကြီး တွံတေး)၏ ဇနီး၊ ဒေါက်တာယုဝါအောင် (လက်ထောက်ဆရာဝန်၊ ရန်ကုန်ကလေးဆေးရုံကြီး)၊ မမေဇင်အောင်တို့၏မိခင်၊(ဦးမျိုးမြင့်)-ဒေါ်ရွှေ၊ ဒေါ်ဝင်းကြည်၊ (ဒေါ်ခင်ရီ)၊ ဦးမြင့်စိုး - ဒေါ်ခင်သီတာတို့၏ညီမ၊ ဒေါ်သန်းသန်းညွန့်-ဦးကျော်ကျော်တို့၏ အစ်မသည် ၂၉-၁၂-၂၀၁၆ရက် နံနက် ၄း၂၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက-၁၊ လမ်းမတော်ကျောင်းဝင်းနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက(၁)လမ်းမတော်ကျောင်းဝင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ သံပုရာကုန်းကျေးရွာ

မန္တလာရုံကျောင်းတိုက်

ပဓာနနာယကဆရာတော်

## ဘဒ္ဒန္တကုမာရ

**သက်တော်(၉၀)၊ သိက္ခာတော်(၆၃)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ သံပုရာကုန်းကျေးရွာ၊ မန္တလာရုံကျောင်းတိုက် ဦးစီးပဓာနနာယက ပဝါရဏာဂိုဏ်းချုပ် သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တကုမာရသည် (၁၃၇၈ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ရက်) ၂၇-၁၂-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၄း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ရက်) ၂၂-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် စံကျောင်းချပြုလုပ်မည်ဖြစ်ပြီး (၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ရက်) ၂၆-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိစျာပနအခမ်းအနားကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

စျာပနအခမ်းအနားကျင်းပရေးကော်မတီ

မန္တလာရုံကျောင်းတိုက်

သံပုရာကုန်းကျေးရွာ

ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

---

ဘုရား၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တိုက်စိုး(ခ) ဒေါ်မြအေးခင် (စစ်တွေမြို့)

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊မြောက်ဒဂုံမြို့နယ်၊အမှတ် ၁၁၃၈၊ စက်မှုလယ်ယာလမ်း၊ (၄၅)ရပ်ကွက်နေ(ဦးကျော်ခင်)၏ဇနီး၊ (ဦးထွန်းကျော်)၊ဦးသာကျော်-ဒေါ်နွဲ့နွဲ့ရီ၊ဦးအေးကျော်(ခေတ္တ-U.S.A)၊ ဒေါ်သန်းသန်းခင်-ဦးစိုးသိန်းအောင်၊ ဦးလှကျော်(ခေတ္တ-U.S.A)၊ ဒေါ်သန်းသန်းစိုး-ဦးမိုးဟိန်း၊ ဒေါ်နုနုဝင်း-ဦးလှမျိုးတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘောင်ရှင်၊ မြစ်နှစ်ယောက်တို့၏အဖီးရှင်သည် ၂၈-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၄၅နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေဆေးရုံကြီးမှအာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးချိန်ဖူးဂျိန်း(ခ)ဦးလှမောင်

**အသက်(၈၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝက်ပါလမ်း၊ အမှတ် ၂၂နေ (ဦးချိန်တာ-ဒေါ်ကြိမ်ရင်ဖုံ)တို့၏သား၊ (ဦးကျန်ယိုလင်-ဒေါ်ဖုန်ကျင်းတီ)တို့၏သားသမက်၊ ဒေါ်ကျန်ရီမေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်ဝင်း - ဒေါ်ဝင်းဝင်းမော်၊ ဦးသန့်ဇင်-ဒေါ်လီရှွင်ရှမ်း၊ ဦးကျော်ထွန်းနိုင်-ဒေါ်ရီရီ၊ ဦးထွန်းလှ၊ ဦးခင်မောင်ရင်၊ ဦးဂမ်စိုင်း-ဒေါ်ဖြူလှရင်၊ ဦးအောင်ဝင်း-ဒေါ်ဝေဝေထွေး၊ ဦးဇော်မင်းထွေးတို့၏ဖခင်၊ မောင်ရဲစည်သူအောင်၊ မမြတ်စုမွန်၊ မောင်အောင်ကျော်မျိုး၊ မောင်ဇော်ဝဏ္ဏ၊ မောင်အောင်မင်းခန့်၊ မောင်ဉာဏ်ဟိန်းအောင်၊ မနှင်းဝေအောင်၊မောင်ဖွဲ့ထက်အောင်တို့၏ဘိုးဘိုးကြီးသည် ၂၉-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။(သင်္ဂြိုဟ်မည့်ရက်နှင့်အချိန်အား ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ရွှေသန်း

**(အလယ်တန်းပြဆရာမ၊ ပုဏ္ဏားကျွန်းမြို့)**

**အသက်(၃၈)နှစ်**

ပုဏ္ဏားကျွန်းမြို့၊ မြို့သစ်ရပ်ကွက်နေ ဦးမောင်ကျော်အေး (မြို့နယ် စီး/ဘဏ်မန်နေဂျာ၊ ငြိမ်း) - ဒေါ်လှသန်းရီ(စီး/ဘဏ်၊ ငြိမ်း)တို့၏ သမီး၊ ဦးကျော်ညွှန့် (ခရိုင်ဦးစီးမှူး၊ နေပြည်တော်) - ဒေါ်လဲ့လဲ့ခိုင်၊ ဒေါ်အေးမြင့်သန်း-ဦးမောင်မောင်သန်းတို့၏ညီမ၊ ဦးဇော်သန့်-ဒေါ်ကေသီထွန်း၊ မောင်စိုးသန့်၊ မောင်အောင်ကိုလင်းတို့၏အစ်မ၊ (ဦးမောင်လှယဉ်) - ဒေါ်ဦးနုစိန်တို့၏ သမီးချွေးမ၊ ဦးညီညီထွန်း (မူ/အုပ်၊ ဝမ်းတွင်းကျေးရွာ၊ ဘူးသီးတောင်မြို့နယ်)၏ ဇနီး၊ မသင်းလဲ့ဝေ၏မိခင်၊ ဒေါ်ခင်ရွှေသန်း (အလပြ၊စက်ခေါ်ကျေးရွာ၊ဘူးသီးတောင်မြို့နယ်)သည် ၂၈-၁၂-၂၀၁၆ရက် မွန်းလွဲ ၁၂း၂၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## U.L Hang Khaw Pau (JM-23)

**လက်ထောက်ညွှန်ကြားရေးမှူး၊ ချင်းပြည်နယ်သမဦးစီးဌာန(ငြိမ်း)**

**အသက်(၈၅)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ဒေါ်လ်လွန်ကျေးရွာနေ Daw Ciang Uap (B.A, B.Ed, BRE (ထက်ပြ/ငြိမ်း၊ ဝါးနက်ချောင်း)၏ ချစ်လှစွာသောခင်ပွန်း၊ (Pu Hang Ngo- Pi Awi Khaw Dim) တို့၏တစ်ဦးတည်းသောသား၊ (Nu Son Khaw Cing, Nu Vung Za Dim, Nu Cingh Ciang, Nu Ne-am Khaw Dim, Nu Neam Kang Cing)တို့၏အစ်ကို၊ Rev. Dr.Lam Cin Thang, Pa En Za Pum တို့၏တူ၊ Rev. Son Khaw Kam, (Pa Tha-ng Za Tun, Rev. Cyrus Suak Khaw Mang, Pa Thian Za Cin) တို့၏အစ်ကို၊ U Lamh Mang- Daw Ngoih Khan Cing, U Cin Thian Pau, U Suak Khan Cin, U Suang Do Pau တို့၏ယောက်ဖ၊ U Ngo Za Khai-Daw Rosy Lin Htut, Daw Cing Lam Dim- U Pau Khan Mung, Lia Niang Khan Huai, Daw Cing Pum Dim- U Ky-w Myat Thu, Lia Man Thian Cing, Tg. Hau Khen Mung, Tg. Hau Thian Khai, Lia Pau Lamh Cing, Tg. Hau Za Kim, Lia Cing Za Khai တို့၏ဖခင်၊ Daw Vung Za Vai, Lia Mary Dim Thian Huai, Lia Cing Do Dall, U Thuag Pum Dal, Lia Hau Thian Huai, U Ngo Thian Pau, Daw Dim Neam Huai, Tg. Zam Za Sing, Lia Ciang Kham Uap, U Cim Do Nang, U Thang Cin Lian, Daw Cingh Thian, Lu n Mang, Daw Man Lun Cing, Daw Pau Tuang Dim တို့၏ဦးလေး၊ မြေး ၂၄ယောက်တို့၏အဘိုးသည် ၂၈-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် မော်ဘီမြို့နယ်၊ ဝါးနက်ချောင်းစံပြကျေးရွာ နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၁၂-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဝါးနက်ချောင်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်း(ခ)ဦးတင်မြ (နေပြည်မြို့နယ်၊ နဲ့ကြိုးကျေးရွာ)

**(သန်းတင်ရေတိုင်ကီလုပ်ငန်း)**

**အသက်(၇၈)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊နေဖြူမြို့နယ်၊နဲ့ကြိုးကျေးရွာနေ(ဦးသိန်းမောင်-ဒေါ်အုန်းတင်)တို့၏သား၊ ဒေးဒရဲမြို့၊ ချောင်းဖြားကျေးရွာနေ (ဦးမင်းမောင်-ဒေါ်မြကြည်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၈ (L)ရပ်ကွက်၊ ကျွန်းရွှေမြိုင်(၁)လမ်း၊ အမှတ် ၂၆နေ (ဒေါ်လှရီ)၊ ဒေါ်တင်ဥ၏ခင်ပွန်း၊ ဦးလှဝင်း-ဒေါ်ခင်မေ၊ (ဦးစံသိန်း)-ဒေါ်ဌေးဌေးဝင်း၊ ဦးရွှေသီး-ဒေါ်စန်းစန်းမြင့်၊ ဒေါ်မြင့်မြင့်အေး၊ ကိုလင်းဇော်-မအေးအေးခိုင်၊ ဦးတင်ငွေ-ဒေါ်သန်းသန်းဦး၊ ကိုလင်းဦး-မကြည်ကြည်ဝင်း၊ ကိုစိန်လင်း-မသင်းသင်းမာ၊ ကိုအောင်ကြီး-မကေသီခိုင်တို့၏ဖခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၆ယောက်တို့၏အဘိုးသည် ၂၉-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၆ရက် (စနေနေ့) ညနေ ၃နာရီတွင် ကျိုစအအေးတိုက်မှ ကျိုစသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/L)ရပ်ကွက်၊ ကျွန်းရွှေမြိုင် (၁)လမ်း၊ အမှတ် ၂၆ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်မောင်လင်း (ညောင်လေးပင်မြို့နယ်အသင်း)

**ပါဆယ်ချုပ်(ငြိမ်း)၊ မြန်မာ့မီးရထား**

**အသက်(၇၈)နှစ်**

ညောင်လေးပင်မြို့နေ (ဦးမြမောင်-ဒေါ်အေးချစ်)တို့၏သား၊ (ဦးကျော်-ဒေါ်မမကြီး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံအိမ်ရာ၊ အမှတ် ၁၀၁၊ တိုက် ၃နေ ဒေါ်ခင်သန်း၏ခင်ပွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးစိုးသိန်း(ငြိမ်း၊ ပညာရေး)-ဒေါ်ညွန့်ကြည်တို့၏အစ်ကို၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးမောင်မောင်လင်း)၊ တပ်ကုန်းမြို့နေ ဦးဖုန်းမြင့်-ဒေါ်အေးအေးသန်း၊ ဦးဖေအံ့မောင်-ဒေါ်ဝင်းဝင်းသန်း၊ ဦးအောင်အောင်လင်း-ဒေါ်သီတာဝင်း၊ တာမွေမြို့နယ်နေ ဦးညီညီလင်း-ဒေါ်ချောကလျာအိတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၉-၁၂-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၆း၂၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစံမြင့်

**အသက်(၇၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ တာကလေးရပ်၊ နတ်မော်လမ်း၊ အမှတ် ၄၈နေ (ဦးထွန်းဝင်း-ဒေါ်တင်တင်) (သီတာဝင်းစာပုံနှိပ်တိုက်)တို့၏ သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၁၁လမ်း၊ အမှတ် ၂၉၉နေ ဒေါ်မြမြသိန်း၏ခင်ပွန်း၊ (ဦးအုန်းသန်း-ဒေါ်ကြည်မြင့်)တို့၏ညီ/မောင်၊ ဒေါ်တင်မေထွန်း၊ ဦးသန်းဌေး-ဒေါ်စန်းတို့၏အစ်ကို၊ (ကိုထွန်းအောင်ကျော်)-မနိုင်နိုင်မြင့်၊ ကိုစိန်လှဝင်း-မသီတာဝင်း၊ ကိုခိုင်စိုးအောင်၊ ကိုဇော်မိုးအောင်-မဥမ္မာကျော်၊ ကိုအောင်မျိုးခိုင်-မတင့်တင့်ထွေးတို့၏ဖခင်၊မြေးကိုးယောက်တို့၏အဘိုးသည် ၂၈-၁၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၁၇ရက်(အင်္ဂါနေ့)နံနက်တွင် မရမ်းကုန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြန်မာ့လက်ရွေးစင်အသင်းယှဉ်ပြိုင်မည့် အာရှဖလားတတိယအဆင့်ခြေစစ်ပွဲ မတ်လတွင် ကျင်းပမည်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၉ အာရှဖလားတတိယအဆင့် ခြေစစ်ပွဲများကို ၂၀၁၇ ခုနှစ်မတ်လတွင် စတင်ကျင်းပမည်ဖြစ်သည်။ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲအုပ်စုမဲခွဲပွဲအခမ်းအနားကို ဇန်နဝါရီလအတွင်းကျင်းပမည်ဖြစ်သည်။

အာရှဖလားခြေစစ်ပွဲကို အဆင့်သုံးဆင့်ခွဲ၍ကျင်းပခဲ့ပြီး ပထမအဆင့်နှင့် ဒုတိယအဆင့်ကို ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲများနှင့် တစ်ပေါင်းတည်းကျင်းပခဲ့သည်။ ယခုကျင်းပမည့်တတိယအဆင့်ခြေစစ်ပွဲတွင် အသင်း ၂၄ သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း၊ ခြောက်အုပ်စုခွဲ၍ကျင်းပမည်ဖြစ်ကာ အုပ်စုတစ်ခုစီမှထိပ်ဆုံးနှစ်သင်းစီမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နှစ်ပေါင်းများစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသည့် အာရှဖလားပြိုင်ပွဲတွင် ပြန်လည်ယှဉ်ပြိုင်ခွင့်ရရန် မျှော်လင့်ချက်ရှိနေပြီး ပြင်ဆင်မှုများပြုလုပ်မည်ဖြစ်သည်။ အာရှဖလားခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းကိုလက်ရှိအချိန်တွင် ဖွဲ့စည်းရခြင်းမရှိသေးဘဲ ဆူဇူကီးဖလားပြိုင်ပွဲပြီးကတည်းကလေ့ကျင့်မှုရပ်နားထားသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၆ အာဆီယံ-ဆူဇူကီးဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ရောက်ရှိအောင် ပို့ဆောင်ပေးခဲ့သည့် ဂျာမန်လူမျိုးနည်းပြ ဂက်ဖရိုင်းဒရစ်ကို နှစ်နှစ်သက်တမ်းတိုးထားရာ ၂၀၁၈ ခုနှစ်ကုန်အထိ ရှိနေမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၇ ခုနှစ်အတွင်း၌ အာရှဖလားတတိယအဆင့်ခြေစစ်ပွဲကိုသာ *စာမျက်နှာ ၇ ကော်လံ ၁* ◆



၂၀၁၆ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်းနှင့် မလေးရှားအသင်း တွေ့ဆုံခဲ့စဉ်



ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် လွှမ်းချိုင်း(မြန်မာ)နှင့် ဒိုင်ခိနာနဲ့ကို (ဂျပန်) တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်

# ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပ

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ကရင်နှစ် ၂၇၅၆ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်အဖြစ် အလံတင်အခမ်းအနားနှင့် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို ယနေ့နံနက်ပိုင်းက အင်းစိန်မြို့နယ် မဟာဆေးဝက်ပါ အာလိနိင်ါးဆင့်ကျောင်း၌ ကျင်းပသည်။

ယနေ့နံနက် ၆ နာရီတွင် အဆိုပါကျောင်းဝင်းအတွင်း၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အလံတင်အခမ်းအနားကိုကျင်းပရာ ဖားစည်၊ ပဒိုးတီးမှုတ်၍ မဟာရန်ကုန်ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဖဒိုမန်းရွှေပြည်အေးက ကရင်အမျိုးသားအလံကို လွှင့်တင်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး ဆက်လက်၍ ကရင်အမျိုးသားအလံအား အလေးပြုကြသည်။

ယင်းနောက် အခမ်းအနားသဘာပတိ ပါမောက္ခ ဖဒိုမန်းရွှေပြည်အေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဟောပြောပွဲ၊ ပညာရည်ချွန် ဆုပေးအပ်ပွဲ ၊ ကရင်ရိုးရာ ပျားဖွပ်ပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် *စာမျက်နှာ ၇ ကော်လံ ၁* ❍



ချန်ပီယံဆုနဲ့ အနီးဆုံးနေရာက ချယ်လ်ဆီးအသင်း

*စာမျက်နှာ-၁၈*



မစ်ဒယ်ဘာရော့အသင်းနှင့်ပွဲတွင် ရှန်းနေ ပါဝင်ကစားနိုင်ရန် မျှော်လင့်၍မရနိုင်သေးကြောင်း မန်နေဂျာမော်ရင်ညိုဆို

*စာမျက်နှာ-၁၈*

မန်စီးတီးကို အနိုင်ရဖို့ခက်ခဲနေတဲ့ လီဗာပူး



*စာမျက်နှာ-၁၉*

